International Labour Organization

ILR School

▶ ILO brief

# ILO Brief

၂၀၂၂ ခုနှစ်၊ မေလ

## လှိုင်းထန်သောပင်လယ်များ – အရှေ့တောင်အာရှနိုင်ငံများမှ ငါးဖမ်းလုပ်သားများအပေါ် ကိုဗစ်–၁၉ ၏ သက်ရောက်မှု

### အဓိကအချက်များ

- ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားဖြစ်ငါးဖမ်းမှု ကျဆင်းလာခဲ့ပါသည်။ ဂြိုလ်တုဖြင့် ခြေရာခံခြင်းမှ ၂၀၁၉ ခုနှစ်အတွင်း စီးပွားဖြစ်ငါးဖမ်းထွက်သော သင်္ဘောအရေအတွက်ထက် ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၉ ရာခိုင်နှုန်း (သင်္ဘောအစီးရေ ၆၃,၀၀၀) လျော့နည်းခဲ့ကြောင်းကို ထုတ်ဖော်နိုင်ခဲ့ပါသည်။ ထိုသင်္ဘောများသည် ၂၀၂၀ ပြည့်နှစ်အတွင်း ခန့်မှန်းနာရီသန်းပေါင်း ၅၀ ကြာအောင် အတူတကွ ငါးဖမ်းခဲ့ကြပြီး ၂၀၁၉ ခုနှစ်ထက် ၅ ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။
- အာရှနှင့် ပစိဖိတ်ဒေသတွင် ငါးဖမ်းလုပ်ငန်းကဏ္ဍ၌ အလုပ်အကိုင်နှင့် အလုပ်ချိန်များ ကျဆင်းမှုကို တွေ့ကြုံခဲ့ရပါသည်။ အလုပ်အကိုင်ရရှိမှုနှင့် ငါးဖမ်းလုပ်သားတစ်ဦးစီ၏ အလုပ်ချိန်အများဆုံးကျဆင်းမှုအနေဖြင့် ထိုင်းနိုင်ငံတွင် ၁၅.၄ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၉.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။
- ဒေသတွင်းမှ ပင်လယ်စာတင်ပို့မှုပမာဏ စုစုပေါင်းအရေအတွက် ကျဆင်းသွားခြင်းနှင့်အတူ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ပင်လယ်စာကုန်သွယ်မှု ကျဆင်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်အတွင်း တစ်လပြီးတစ်လ ကျဆင်းလာသည့် အဆင့်များနှင့်လိုက်၍ နှိုင်းယှဉ်လျှင် ပမာဏအများဆုံးကျဆင်းမှုသည် ကမ္ဘာ့ကပ်ရောဂါ၏ ပထမလှိုင်းကာလအတွင်းဖြစ်သော ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလတို့တွင် ဖြစ်လာခဲ့ပါသည်။
- ငါးဖမ်းခြင်းအလုပ်အကိုင်၊ အလုပ်ချိန်နှင့် ပင်လယ်စာကုန်သွယ်မှု ကျဆင်းလာခြင်းသည် ယာယီဆိပ်ကမ်းပိတ်ခြင်းကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါနှင့်ဆက်စပ်သည့် ပြည်သူ့ကျန်းမာရေး စီမံချက်များ၏ တွန်းအားကြောင့်မဟုတ်ဘဲ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။ ငါးဖမ်းခြင်းလုပ်ငန်းကို အမြောက်အများ ဆက်လက်လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့ပြီး ငါးဖမ်းသမားများကို ယေဘုယျအားဖြင့်တင်းကျပ်သော ရောဂါမကူးစက်ရန် သီးခြားခွဲထုတ်စောင့်ကြည့်ခြင်း (ကွာရန်တင်း) မှ ကင်းလွတ်ခွင့်ပေးခဲ့ပါသည်။ သို့သော် ငါးဖမ်းမသွားမီနှင့် ပြန်လာပြီးနောက် စစ်ဆေးမှုများကို ပြုလုပ်ရပါသည်။
- ပင်လယ်စာထုတ်ကုန်များ၏ ရောင်းလိုအားပြဿနာထက် ဝယ်လိုအားထိုးကျမှုသည် ငါးဖမ်းလုပ်ငန်းထွက်ကုန်များနှင့် ငါးမွေးမြူထုတ်လုပ်မှုကို ကျဆင်းစေသည့် အဓိကအကြောင်းအရင်းဖြစ်သည်ဟု ထင်မြင်မိပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် အာရှနိုင်ငံ (၅) နိုင်ငံမှ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂ (အီးယူ) တို့သို့ ပူးတွဲပင်လယ်စာတင်သွင်းမှုသည် ၁၄.၄ ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့ပါသည်။
- အာရှတိုက်အတွင်း စီးပွားဖြစ် ငါးဖမ်းသူများအကြား ပေါင်းစည်းမှုအနေအထား အလွန်နိမ့်ကျနေပြီး ၎င်းတို့၏ အလုပ်သမားအခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်ပေးမှု ကင်းမဲ့နေခြင်းတို့ကို ပိုမိုဆိုးရွားလာစေပါသည်။ ရွှေ့ပြောင်းငါးဖမ်းသမားများသည် အလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်နိုင်

## အဓိကအချက်များ

ခွင့်အတွက် လက်တွေ့တွင် ကန့်သတ်ချက်များကို ရင်ဆိုင်ကြုံတွေ့နေကြရပြီး အဆိုပါကန့်သတ်ချက်များတွင် တရားဝင် ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ လက်တွေ့အားဖြင့် အုပ်ချုပ်ဆောင်ရွက်နေသော တရားဝင်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ လက်တွေ့အားဖြင့် အုပ်ချုပ်ဆောင်ရွက်နေသော (ဒီဖက်တို) ဥပဒေအရ တားမြစ်ချက်များ၊ သမဂ္ဂများ၏ လုပ်ကိုင် နိုင်စွမ်းနှင့် ပထဝီအနေအထားအရ ဆက်သွယ်ချိတ်ဆက်နိုင်မှု အကန့်အသတ်များ၊ ရွှေ့ပြောင်းလုပ်သားဆန့်ကျင်ရေး သဘောထားများ၊ လုပ်ငန်းရှင်များ၏ ဖိနှိပ်မှုနှင့် ဥပဒေလွှမ်းမိုးမှုကင်းမဲ့နေခြင်းတို့ ပါဝင်ပါသည်။

- ငါးဖမ်းလုပ်ငန်းကျဆင်းမှုကြောင့် ဖြစ်ပေါ်စေခဲ့သော ဝင်ငွေကျဆင်းခြင်းနှင့် လုပ်ငန်း၊ အလုပ်အကိုင်ဆုံးရှုံးမှုများသည် ၂၀၂၀ ပြည့်နှစ်အတွင်း ငါးဖမ်းသူများအတွက် အလွန်အရေးတကြီး စောလျင်စွာ ဖြေရှင်းပေးရမည့် ပြဿနာများထဲတွင် ပါရှိပါသည်။ ရွှေ့ပြောင်းလုပ်သားများကို မှီခိုနေရသော ငါးဖမ်းလုပ်ငန်းများတွင် လုပ်သားဈေးကွက် တင်းကျပ်လာမှုကြောင့် လုပ်အားခအပေါ် အလုပ်သမားများ၏ လွှမ်းမှုနိုင်မှုတိုးတက်နိုင်ဖွယ်ရှိသော်လည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်အားခတိုးလာခြင်းမရှိကြောင်း ဂရုပြုမိခဲ့ပါသည်။ ငါးဖမ်းလုပ်ငန်းကျဆင်းလာခြင်း (သို့မဟုတ်) လုံလောက်သောသင်္ဘောသားအရေအတွက်မရှိခြင်းကြောင့် ငါးဖမ်းသင်္ဘောများတွင် အလုပ်ချိန်များတိုးလာခြင်းသည် တစ်စုံတစ်ရာသော လုပ်အားခတိုးတက်မှုအား ခုနှိမ်ထားပုံရသည်ဟု မြင်ရပါသည်။
- ရွှေ့ပြောင်းငါးဖမ်းသမားများအတွက် လုပ်ခလစာနှင့် ဝင်ငွေကျဆင်းခြင်းသည် သူတို့၏ မူရင်းနိုင်ငံများရှိ မိသားစုများကို ဆင့်ပွားအကျိုးသက်ရောက်မှုရှိစေပြီး အဆိုပါသက်ရောက်မှုသည် ငွေလွှဲပေးပို့မှု ကျဆင်းခြင်းအဖြစ် ထင်ဟပ်လာမည် ဖြစ်ပါသည်။ နယ်စပ်ပိတ်ခြင်းနှင့် ခရီးသွားလာမှုကန့်သတ်ချက်များသည်လည်း အလုပ်ရှင်များမှ ရွှေ့ပြောင်းလုပ်သားများ၏ မရေရာလှသည့်အခြေအနေကို အခွင့်ကောင်းယူ၍ တင်ပြပါ လစာခိုးယူမှုသို့ ဦးတည်လာစေပါသည်။ အလုပ်သမားများကြုံတွေ့ခံစားနေရသည့် လစာပေးရန် ရွှေ့ဆိုင်းခံရခြင်း၊ လစာလျှော့ခံရခြင်း သို့မဟုတ် လစာပေးချေမှုမရှိခြင်းတို့အပြင် အလုပ်မှ ရုတ်တရက်ရပ်စဲခံရခြင်းတို့ကို အင်တာဗျူးများဖြင့် သုံးသပ်နိုင်ခဲ့ပါသည်။ ယင်းတို့ကြောင့် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သားများနှင့် ဆိုက်ရောက်နိုင်ငံများတွင် နေထိုင်နေသူ နှစ်မျိုးလုံးတွင် သက်ရောက်မှုရှိခဲ့ပါသည်။ အလျင်စလိုနေရပ်ပြန်ကြသော ရွှေ့ပြောင်းလုပ်သားများသည် ၎င်းတို့၏ လုပ်ခလစာ အပြည့်အဝမရခဲ့ကြသလို သူတို့၏ ဆုံးရှုံးသွားသော လစာများကို ပြန်လည်ရရှိစေမည့် နည်းလမ်းတွေလည်း မရှိခဲ့ကြပါ။ ဆိုက်ရောက်နိုင်ငံများတွင် နေထိုင်ကြသော ရွှေ့ပြောင်းလုပ်သားများသည် အကြောင်းပြချက်မပေးသော လုပ်ခလစာ ဖြတ်တောက်မှု သို့မဟုတ် အလုပ်ရှင်မှ သူတို့၏ စာရွက်စာတမ်းများကို ထိန်းသိမ်းထားခဲ့ခြင်းကြောင့် ရုန်းထွက်မရ ပိတ်မိနေခြင်းတို့ကို တွေ့ကြုံခံစားနေခဲ့ကြပါသည်။
- ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် သင်္ဘောပေါ်တွင် အနီးကပ်အလုပ်လုပ်ကိုင်နေရခြင်း၊ တစ်ကိုယ်ရေအကာအကွယ်ပေး ပစ္စည်း (PPE) အပါအဝင် ပုံမှန်ထောက်ပံ့ပစ္စည်းပံ့ပိုးမှုမရှိသော မရေရာလှသော ငါးဖမ်းလုပ်ငန်းများတွင် ကူးစက်မှု ပိုမိုပြင်းထန်စေပြီး ဆေးဘက်ဆိုင်ရာစောင့်ရှောက်မှု အခွင့်အလမ်းကို ပြတ်တောင်းပြတ်တောင်း လက်လှမ်းမှီရရှိမှုသည်လည်း ငါးဖမ်းလုပ်သားများအတွက် ဘေးအန္တရာယ်တိုးစေပါသည်။
- အလုပ်လက်မဲ့များနှင့် မရှိဖြစ်လိုအပ်သော အလုပ်သမားများအား အကူအညီပေးရန် ရည်ရွယ်သည့် အစိုးရ၏ ကမ္ဘာ့ကပ်ရောဂါ သက်သာလျော့ပါးစေခြင်း မူဝါဒများသည်လည်း ရွှေ့ပြောင်းလုပ်သားများကို လျစ်လျူရှု (သို့မဟုတ်) ဖယ်ထုတ်ထားခဲ့ပါသည်။ နိုင်ငံသားပိုင် ငါးဖမ်းလုပ်ငန်းများသည် အစိုးရ၏ သက်သာလျော့ပါးရေး အစီအစဉ်များတွင် ပါဝင်ခဲ့သော်လည်း ထိုလုပ်ငန်းများရှိ ရွှေ့ပြောင်းငါးဖမ်းလုပ်သားများကို လူမှုဖူလုံရေးအကာအကွယ်နှင့် အလုပ်လက်မဲ့ခံစားခွင့်များမှ အများအားဖြင့် ဖယ်ထုတ်ထားခြင်းခံခဲ့ရပါသည်။
- အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားများသည် လုပ်သားအင်အားအများစုအဖြစ် ဖွဲ့စည်းပါဝင်နေသော နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်သားများအပေါ် ကွဲပြားခြားနားသော သဘောထားအမြင်သည် ခွဲခြားဆက်ဆံခြင်း သဘောထားအမြင်ကို ဆက်လက်တည်တံ့စေသည့် မူဝါဒများနှင့် ပိုမိုကြီးမားသော လူမှုရေးကွာဟချက်များ၏ ရောင်ပြန်ဟပ်မှုပင်ဖြစ်ပါသည်။ ငါးဖမ်းလုပ်သားများ၏ လူမှုကာကွယ်စောင့်ရှောက်မှုရရှိရန် အခွင့်အလမ်းသည် ပိုမိုတရားဝင်ဖြစ်သော နယ်မြေများတွင် အလုပ်

## အဓိကအချက်များ

လုပ်နေသော ရွှေ့ပြောင်းလုပ်သားများကို ပေးနိုင်သည့်အခွင့်အလမ်းများထက် အလွန်နည်းပါးပြီး ယေဘုယျအားဖြင့် (လုပ်ငန်းလုပ်ရိုးလုပ်စဉ်အရ) အကန့်အသတ် ပိုမိုများခြင်းကြောင့် ထိုသို့ချန်လှပ်ထားခြင်းသည် ငါးဖမ်းသမားများအပေါ် အထူးသဖြင့်ခက်ခဲစေပါသည်။

- ထို့အပြင် ကိုဗစ်-၁၉ အသွားအလာကန့်သတ်ခြင်းသည် ရွှေ့ပြောင်းလုပ်သားများ၏ နေထိုင်မှုကာလ ပိုမိုတိုးမြင့်လာစေသလို ခရီးသွားကန့်သတ်ချက်များနှင့် နယ်စပ်ပိတ်ခြင်းတို့သည် ၎င်းတို့၏ သွားလာလှုပ်ရှားမှုကို အဟန့်အတားဖြစ်စေခဲ့ပါသည်။ ၎င်းတို့၏ နေထိုင်မှုကာလပိုမိုတိုးမြှင့်လာခြင်းသည် လူအများပြောစရာဖြစ်သည်အထိ သတိပြုမိလောက်အောင် များပြားသည့် ဝန်ဆောင်ခနှင့် အလုပ်ပါမစ်သက်တမ်းတိုးရန် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြစ်ပေါ်စေပြီး များစွာသောလုပ်သားအများစုသည် ၎င်းတို့၏ ရွှေ့ပြောင်းသွားလာမှု အခြေအနေကို မှတ်ပုံတင်စာရင်းသွင်းနိုင်ခြင်းမရှိတော့ပါ။ ထိုင်းနိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် ရွှေ့ပြောင်းလုပ်သား ၅၀၀,၀၀၀ ခန့်သည် ဗီဇာမှတ်ပုံတင်ခွင့်မရခြင်းနှင့် ကုန်ကျစရိတ်ကြီးမြင့်မှုတို့ကြောင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ၌ ပုံမှန်မဟုတ်သည့် အခြေအနေသို့ ရောက်ရှိသွားခဲ့ပြီးဖြစ်ပါသည်။

- လုပ်ငန်းခွင်၊ ကုန်သွယ်မှုနှင့် အလုပ်သမားများ၏ အလေ့အထဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများအပေါ် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုပမာဏသည် ပင်လယ်စာဝယ်ယူသူများမှ အလုပ်သမားထုကို ကာကွယ်ပေးရန် ဆန္ဒအလျောက်ဆောင်ရွက်သည့် စီးပွားလုပ်ငန်းများ၏ လူမှုတာဝန်ယူမှုနှင့် ရေရှည်တည်တံ့စေရေး အစီအစဉ်များ၏ မလုံလောက်မှုကို ထပ်မံဖော်ပြပါသည်။

- ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာ ပြုပြင်ထုတ်လုပ်ရေးကဏ္ဍများတွင် အလုပ်လုပ်နေသော ရွှေ့ပြောင်းလုပ်သားများအပါအဝင် အလုပ်သမားများအပေါ် စဉ်ဆက်မပြတ် အာရုံစိုက်ခြင်းသည် အရေးပါလှပါသည်။ အလုပ်သမားများအား ၎င်းတို့၏ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ကို ပြင်းပြင်းထန်ထန်ကန့်သတ်ထားသည့် မူဝါဒများအားဖြင့် မျက်ကွယ်ပြုခြင်းခံရသည့်နေရာ သို့မဟုတ် စောင့်ကြည့်ရန်ခက်ခဲသော ငါးဖမ်းသင်္ဘောများကဲ့သို့သော လုပ်ငန်းခွင်များကို အထူးသဖြင့် အာရုံစိုက်ရန် လိုအပ်ပါသည်။ အကျပ်အတည်းကာလ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးမူဝါဒများသည် နဂိုရှိပြီးသားအလုပ်လိုအပ်မှုပမာဏနှင့် အလုပ်အကိုင်အခွင့်အလမ်း၊ အလုပ်သမားအခွင့်အရေးနှင့် လူမှုအကာအကွယ်များ မလုံလောက်မှုနှင့် အလုပ်သမားကာကွယ်စောင့်ရှောက်မှုနှင့် အလုပ်သမားဥပဒေ၏ အာဏာသက်ရောက်မှု အားနည်းသည့် ကဏ္ဍများရှိ ဖွဲ့စည်းတည်ဆောက်ပုံ မညီမျှခြင်းများကို ကိုင်တွယ်ဖြေရှင်းရန် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။

- ငါးဖမ်းခြင်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်ရေးကဏ္ဍများတွင် အလုပ်သမားများအတွက် အကာအကွယ်ပေးမှု ကွာဟချက်ဖြစ်စေသည့် အခြေခံအကြောင်းတရားများကို ဖြေရှင်းနိုင်ရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းများကို အားပေးမြှင့်တင်သွားရေးအတွက် မပြတ်အားထုတ်ကြိုးပမ်းသွားဖို့ လိုအပ်ပါသည်။ ကော်ပိုရေးရှင်းနှင့် အသင်းအဖွဲ့နှင့် ဆိုင်သော အလေ့အထများတွင် ပွင့်လင်းမြင်သာမှု တိုးမြှင့်လာခြင်းအပြင် ဒေတာအချက်အလက်များ စုစည်းခြင်းနှင့် ထုတ်ဖော်ခြင်းတို့သည် အလုပ်သမားများအား မူဝါဒ၏ မျက်ကွယ် အခြေအနေသို့ မရောက်ရှိစေရေးအတွက် အဓိကအချက် ဖြစ်ပါသည်။ နောက်ဆုံးအနေဖြင့် ရွှေ့ပြောင်းလုပ်သားများပါဝင်သော အလုပ်သမားများအားလုံးအတွက် လူမှုကာကွယ်စောင့်ရှောက်မှု တိုးချဲ့ပေးခြင်းအပါအဝင် စီးပွားရေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုသည် ကမ္ဘာ့ကပ်ရောဂါ၏ ဆိုးကျိုးများကို သက်သာလျော့ပါးစေရေးအတွက် အရေးကြီးပါသည်။

# နိဒါန်း

အာရှပစိဖိတ်ဒေသရှိ စီးပွားဖြစ် ငါးဖမ်းခြင်းနှင့် ငါး၊ ပုစွန်မွေးမြူခြင်း၏ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအရေးပါမှုသည် ငါးဖမ်းလုပ်သား ၂၉ သန်း (သို့မဟုတ်) ကမ္ဘာအနှံ့ရှိ ငါးဖမ်းလုပ်သားအားလုံး၏ ၈၃ ရာခိုင်နှုန်းတို့အတွက် အားထားရှင်သန်ရာဖြစ်ပြီး ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ထိုလုပ်ငန်းများနှင့် ၎င်း၏ လုပ်သားထုတို့ ရှန်းကန်ကြိုးပမ်းမှုများသည် တစ်ကမ္ဘာလုံးဆိုင်ရာ အရေးပါမှုဟု ဆိုလိုသည် (FAO,n.d)။ ဤလုပ်ငန်းအကျဉ်းသည် အာရှနှင့် ပစိဖိတ်ဒေသရှိ ငါးဖမ်းလုပ်ငန်း၏ အလုပ်သမားများအပေါ် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုအပါအဝင် ရွှေ့ပြောင်းရေလုပ်သားများအပေါ် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုကို အထူးအာရုံစိုက်၍ အကဲဖြတ်ထားပါသည်။[1]

ကမ္ဘာ့ကပ်ရောဂါ၏ ပထမအမြင့်ဆုံးကာလသည် ၂၀၂၀ ပြည့်နှစ်တွင် ဖြစ်ပွားနေစဉ်အတွင်း များစွာသော နယ်စပ်များ ပိတ်ထားခြင်း၊ ရွှေ့လျားသွားလာမှုကန့်သတ်ချက်များ နေရာအလိုက်ရှိနေခြင်းနှင့် ရေလုပ်သားများ၏ အလုပ်တာဝန်ပမာဏ၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ပူပန်ရခြင်းတို့ တိုးပွားလာခြင်းတို့ကြောင့် ဒေသတွင်း ငါးဖမ်းလုပ်ငန်းနှင့် အလုပ်သမားများကို ဆက်တိုက်အကျပ်အတည်းဖြစ်စေခဲ့ပါသည်။

အောက်ဖော်ပြပါ နည်းစနစ်အပိုင်းများ၏ ဆောင်ရွက်မှုရလဒ်အနေဖြင့် ဤစာတမ်းတွင် ဒေသတွင်းငါးဖမ်းခြင်းနှင့် ပင်လယ်စာကုန်သွယ်မှုအပေါ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ ရေတိုအကျိုးသက်ရောက်မှုများအပေါ် လက်တွေ့အမြင်ကို အခြေခံသောပိုင်းခြားစိတ်ဖြာချက်တစ်ခုသည် အပိုင်း (၃) ၌ ပါဝင်ပါသည်။ အပိုင်း (၄) ၌ ကမ္ဘာ့ကပ်ရောဂါ ပထမနှစ်တွင် ငါးဖမ်းသမားများ၏ အလုပ်အကိုင်ရရှိမှုနှင့် လုပ်ငန်းခွင်အခြေအနေတို့တွင် ပြောင်းလဲမှုများကို အရည်အသွေးဆိုင်ရာ ပိုင်းခြားစိတ်ဖြာထားပါသည်။ ဤစာတမ်း၏ ပဉ္စမအပိုင်းသည် ကမ္ဘာ့ကပ်ရောဂါအတွက် အစိုးရ၏ မူဝါဒဆိုင်ရာ တုန့်ပြန်မှုများနှင့် ငါးဖမ်းလုပ်ငန်းနှင့် ငါးဖမ်းသမားများ၏ ကျန်းမာရေးနှင့် အသက်မွေးမှုများအတွက် ယင်းတို့၏ ဆက်စပ်မှုကို ပိုင်းခြားစိတ်ဖြာထားပါသည်။

နောက်ဆုံးအပိုင်းသည် ဤစာတမ်းဖြင့် ဖော်ထုတ်ထားသော များစွာသောမူဝါဒနှင့် သက်ရောက်ကျင့်သုံးနိုင်မှု ကွာဟချက်နည်းပါးစေရန် ရည်ရွယ်သည့် သုံးသပ်ချက်များနှင့် အကြံပြုချက်များကို ပေးပါသည်။ ၎င်းတို့တွင် ပထမအချက်အနေဖြင့် ငါးဖမ်းလုပ်ငန်းအတွက် ILO ၏ လုပ်ဆောင်မှုများဆိုင်ရာ ညီလာခံသဘောတူညီချက်၊ ၂၀၀၇ (နံပါတ်-၁၈၈) ကဲ့သို့သော အခြားသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြောင်းလဲလာသည့် အမျိုးသားအဆင့် ဥပဒေမူဘောင်များမှတစ်ဆင့် ရွှေ့ပြောင်းလုပ်သားများအပေါ် စနစ်တကျခွဲခြားဆက်ဆံမှုများ အဆုံးသတ်စေမည့် လုပ်ငန်းအဆင့်များ ပါဝင်ပါသည်။ ဒုတိယအနေဖြင့် ဤစာတမ်းသည် အာရှတိုက်ရှိ နိုင်ငံသားနှင့် ရွှေ့ပြောင်းလုပ်သား ငါးဖမ်းသမား နှစ်ရပ်လုံးအတွက် လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ကို လက်တွေ့အားဖြင့် ပိတ်ပင်ခြင်းနှင့် စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းများတွင် ထပ်တလဲလဲမတရားညှင်းပန်းနှိပ်စက်နေမှုများကို ပုံဖော်ထားပါသည်။ တတိယအနေဖြင့် ဤစာတမ်းသည် ကိုဗစ်-၁၉ ခေတ်ကာလအတွင်း မတရား ဖိနှိပ်ညှင်းပန်းမှုများကို တားဆီးရန် (သို့မဟုတ်) ထိန်းချုပ်နိုင်ရန် ငါးဖမ်းလုပ်ငန်းတွင် ဆန္ဒအလျောက်ဆောင်ရွက်သည့် ကိုယ်ပိုင်သီးသန့်စည်းမျဉ်းများ ချမှတ်ကျင့်သုံးရန် ပျက်ကွက်မှုများကို ဂရုပြုမှတ်သားထားပြီး ယင်းမှရလဒ်အနေဖြင့် အဓမ္မအလုပ်ခိုင်းစေခြင်းဖြင့် ထုတ်လုပ်ထားသည့် ပင်လယ်စာများ တင်သွင်းမှုကို တားမြစ်သည့် ကုန်သွယ်မှုဥပဒေအသစ်ကို အာရှ၏ အကြီးဆုံးပင်လယ်စာတင်ပို့မှုဈေးကွက်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုမှ ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

1 မကြာသေးမီက ILO ၏ ခန့်မှန်းချက်ချက်များအရ ကမ္ဘာတစ်ဝှမ်းတွင် ရွှေ့ပြောင်းလုပ်သားဦးရေ ၁၆၉ သန်းရှိပြီး ၎င်းတို့အနက် ၇.၂ ရာခိုင်နှုန်းသည် အရှေ့တောင်အာရှနှင့် ပစိဖိတ် ဒေသတွင်းမှ ဖြစ်ကြပါသည်။ ခန့်မှန်းခြေအားဖြင့် နိုင်ငံတကာရွှေ့ပြောင်းလုပ်သား၏ ၇.၁ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေး၊ သစ်လုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြပါသည်။ (ILO ၂၀၂၁ ၁ခ)

ဇယား ၁။ ရွေးချယ်ထားသော အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံများအတွက် ကိုဗစ်–၁၉ ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (ဖေဖော်ဝါရီ ၂၀၂၀ – အောက်တိုဘာ ၂၀၂၁)

| နိုင်ငံ | အတည်ပြုရောဂါ ဖြစ်ပွားသူဦးရေ | သေဆုံးမှု | ရောဂါဖြစ်ပွားမှု–သေဆုံးမှုအချိုး (%) | သေဆုံးမှု/၁၀၀,၀၀၀ pop |
|---|---|---|---|---|
| ကမ္ဘောဒီးယား | ၁၁၈,၂၂၀ | ၂,၇၆၆ | ၂.၃၄ | ၁၆.၅၄၄ |
| အင်ဒိုနီးရှား | ၄,၂၄၂,၅၃၂ | ၁၄၃,၃၃၃ | ၃.၃၈ | ၅၂.၄၀၂ |
| ဂျပန် | ၁,၇၁၇,၉၈၀ | ၁၈,၂၃၇ | ၁.၀၆ | ၁၄.၄၁၉ |
| မြန်မာ | ၄၉၇,၇၀၀ | ၁၈,၆၂၂ | ၃.၇၄ | ၃၄.၂၂၅ |
| ဖိလစ်ပိုင် | ၂,၇၇၂,၄၉၁ | ၄၂,၅၇၅ | ၁.၅၄ | ၃၈.၈၅၃ |
| တောင်ကိုရီးယား | ၃၆၀,၅၃၆ | ၂,၈၁၇ | ၀.၇၈ | ၅.၄၉၅ |
| ထိုင်ဝမ်(တရုတ်) | ၁၆,၄၁၂ | ၈၄၇ | ၅.၁၆ | ၃.၅ |
| ထိုင်း | ၁,၈၉၃,၉၄၁ | ၁၉,၀၇၀ | ၁.၀၁ | ၂၇.၃၂၁ |
| ဗီယက်နမ် | ၉၀၅,၄၇၇ | ၂၁,၉၁၀ | ၂.၄၂ | ၂၂.၅၀၉ |

ရင်းမြစ် : ကမ္ဘာ့ကျန်းမာရေးအဖွဲ့– ကိုရိုနာဗိုင်းရပ်စ် (COVID–19) ဒက်ရှ်ဘုတ်၊ အောက်တိုဘာလ ၃၁ ရက်၊ ၂၀၂၁ ခုနှစ် အထိ ထိုင်ဝမ် (တရုတ်) ၏ အချက်အလက်ကို https://www.worldometers.info/coronavirus/ country/taiwan/ မှ ရယူပါသည်။

## နည်းစနစ်နှင့် ကန့်သတ်ချက်များ

ဤလုပ်ငန်းအကျဉ်းအတွက် အသုံးပြုသည့် သုတေသနနည်းစနစ်သည် အဓိကအားဖြင့် ပညာရေးနယ်ပယ်နှင့် လူအများ အာရုံစိုက်နေသော အကြောင်းတရားနှစ်ရပ်လုံးအတွက် မကြာမီကထွက်ရှိခဲ့သော စာရွက်စာတမ်းများ၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာကုန်သွယ်မှုနှင့် အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်၊ ILO ၏ အရှေ့တောင်အာရှဒေသတွင်း လေ့ပေါ်မှုသည် ကမ်းခြေတိုင်အခွင့်အရေးများ အစီအစဉ် (Ship to Shore Rights South –East Asia) ဧရိယာတွင် ပါဝင်သည့်နိုင်ငံများ၏ ရင်းမြစ်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ပင်လယ်စာဝယ်ယူသူများ ကိုယ်စားလှယ်များဖြစ်သည့် အဓိကသတင်းပေးဆယ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်းများကို အဓိကသုံးသပ်ခြင်းတို့ ဖြစ်ပါသည်။[2]

ဤစာတမ်း၏ အကျုံးဝင်ကာလဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ မတ်လမှ ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း အာရှတိုက်ရှိ ရွှေ့ပြောင်းငါးဖမ်းလုပ်သားများနှင့် အလုပ်သမားများဆိုင်ရာ အလေ့အထများအပေါ်တွင် ယုံကြည်စိတ်ချရသော အချက်အလက်ကောက်ယူခြင်းကို ကန့်သတ်ခံထားရပြီး အသွားအလာကန့်သတ်ခြင်း၊ အရေးပေါ်ရွှေ့ပြောင်းသွားလာခြင်း၊ နယ်စပ်ပိတ်ဆို့ခြင်းများကြောင့် ပို၍ပင်လျှင် အချက်အလက်ရှားပါးခဲ့ပါသည်။ ဤကိုဗစ်ကန့်သတ်ချက်များသည် အချက်အလက်ကောက်ယူခြင်းကို ပိုမိုခက်ခဲစေခဲ့ပြီး ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများကို ပိုမိုဖြစ်ပေါ်စေရန် အကြောင်းအရင်းခံဖြစ်ခဲ့သဖြင့် ထိုအချက်များ ပေါင်းစပ်ခြင်းသည် အစိုးရ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်များအား ကမ္ဘာ့ကပ်ရောဂါမတိုင်မီကထက် ပြည့်စုံမှု ပိုမိုနည်းပါးခြင်းကို ဖြစ်စေခဲ့ပါသည်။

ဤစာတမ်းတွင် ဆွေးနွေးခဲ့သည့် နိုင်ငံများတွင် ဒေသတွင်းငါးဖမ်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ကြသည့် ရွှေ့ပြောင်းလုပ်သားများ၏ အဓိကမူရင်းနိုင်ငံများအနက် တချို့ဖြစ်သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် ပိုမိုနည်းပါးသောပမာဏ စေ

2 လူတွေ့မေးမြန်းမှု ဖြေကြားသူများတွင် ကမ္ဘာလုံးဆိုင်ရာသမဂ္ဂများမှ ကိုယ်စားလှယ်များ၊ ငါးဖမ်းလုပ်ငန်းဆိုင်ရာအတိုင်ပင်ခံများ၊ အလုပ်သမားထောက်ခံအားပေးသည့်အဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာများပါဝင်ပါသည်။

လွှတ်သည့် ဗီယက်နမ်တို့ ပါရှိပြီး ထိုနိုင်ငံများမှ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနှင့် ထိုင်ဝမ် (တရုတ်) တို့ရှိ နိုင်ငံရပ်ခြား ငါးဖမ်းလုပ်ငန်းများတွင် အလုပ်လုပ်ရန် ခန့်မှန်းခြေအားဖြင့် အလုပ်သမား ၁၂၅၀၀၀ ဦးခန့် စေလွှတ်ထားပါသည်။

ကမ္ဘာ့ကပ်ရောဂါ၏ အကြိုကာလအတွင်း ရွှေ့ပြောင်းလုပ်သားများသည် ထိုင်း၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ထိုင်ဝမ် (တရုတ်) တို့ရှိ ငါးဖမ်းအလုပ်သမားအင်အား၏ သိသာထင်ရှားသော အရေးပါသည့် အစိတ်အပိုင်းအဖြစ် ပါဝင်ခဲ့ပါသည်။ ထိုင်းနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် ခန့်မှန်းခြေအားဖြင့် ၉၀ ရာခိုင်နှုန်းသော ငါးဖမ်းသမားများ (သို့မဟုတ်) ခန့်မှန်းခြေ ၆၀,၀၀၀ ခန့်ရှိသော အလုပ်သမားများသည် မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွှေ့ပြောင်းလုပ်သားများဖြစ်ပါသည် (ILO ၂၀၁၉)။ ကိုရီးယားသမ္မတနိုင်ငံတွင် ၂၀၁၉ ခုနှစ်၌ ကမ်းဝေးငါးဖမ်းသင်္ဘောများပေါ်တွင် ရွှေ့ပြောင်းငါးဖမ်းသမား ၃,၈၆၉ ဦးရှိပြီး ကမ်းဝေးငါးဖမ်းလုပ်သားအင်အား၏ ၇၃.၈ ရာခိုင်နှုန်းပါဝင်ခြင်း ဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံ၏ ပိုမိုများပြားသော ကမ်းရိုးတန်းသွား ငါးဖမ်းသင်္ဘောများတွင် ရွှေ့ပြောင်းငါးဖမ်း လုပ်သား ၁၀,၀၃၂ ဦးရှိပြီး လုပ်သားအင်အား၏ ၄၂ ရာခိုင်နှုန်းရှိပါ သည် (APIL ၂၀၂၀)။[3] ဂျပန်နိုင်ငံတွင် မကြာသေးမီက ခန့်မှန်းချက် ( ILO ၂၀၁၇) ၌ ၄၀၀၀ ဦးခန့်ရှိသော ရွှေ့ပြောင်းလုပ်သားများသည် ငါးဖမ်းလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေကြပါသည်။ ထိုင်ဝမ် (တရုတ်) ၌ ၂၀၁၉ ခုနှစ်တွင် အကြမ်းဖျဉ်းခန့်မှန်း ရေလုပ်သား ၃၀၀,၀၀၀ ကျော်၏ ခန့်မှန်းခြေ ၁၁ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းငါးဖမ်းလုပ်သားများ ဖြစ်ပါသည်။ ၎င်းတို့အနက် ၁၂,၄၇၆ ဦးသည် ကမ်းရိုးတန်းနှင့် ကမ်းလွန်ငါးဖမ်းလုပ်ငန်းများတွင် အလုပ်လုပ်နေသော ရွှေ့ပြောင်းလုပ်သားများဖြစ်ပြီး ၂၂,၃၀၂ ဦးသည် ကမ်းဝေးငါးဖမ်းသင်္ဘောအုပ်စုများတွင် ရှိပါသည် (Sutton and Siciliano ၂၀၁၈၊ Chiang and Rogovin ၂၀၂၀)။ ထိုငါးဖမ်းသမားများ၏ ခန့်မှန်းခြေ လေးပုံသုံးပုံသည် အင်ဒိုနီးရှားမှ လာရောက်ကြခြင်းဖြစ်ပြီး ပိုမိုနည်းပါးသော ငါးဖမ်းလုပ်သားများသည် ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့မှ လာရောက်ခြင်း ဖြစ်ပါသည် (Marschke et.al ၂၀၂၀)။

ဤလုပ်ငန်းအကျဉ်းသည် ငါးဖမ်းလုပ်ငန်း အလုပ်အကိုင်ရရှိမှု အချက်အလက်များကို ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ငါးဖမ်းလုပ်ငန်းတွင် ပြောင်းလဲမှုများ၏ အညွှန်းကိန်းအဖြစ် ဆန်းစစ်ပါသည်။ ကုန်သွယ်မှုဒေတာ အချက်အလက်သည်လည်း ဒေသတွင်း စီးပွားဖြစ်ငါးဖမ်းလုပ်ငန်းတွင် ပြောင်းလဲမှုကို တိုင်းတာသည့် အခြားအသုံးဝင်သော အညွှန်းကိန်းဖြစ်ပြီး ၎င်း၌ စုစုပေါင်း ပို့ကုန်တွင် ပင်လယ်စာပို့ကုန်၏ ဝေပုံကျပါဝင်မှုအဖြစ် ၂၀၁၉ ခုနှစ်တွင် အင်ဒိုနီးရှား၌ (၁.၉ ရာခိုင်နှုန်း)၊ ထိုင်း၌ (၁.၈ ရာခိုင်နှုန်း) နှင့် ဗီယက်နမ်တွင် (၂.၃ ရာခိုင်နှုန်း) ရှိပါသည်။[4] ဤလုပ်ငန်းအကျဉ်းပါ သုတေသနအတွက် (စစ်တမ်းနမူနာဝေစုကို လူဦးရေထက် ပိုမိုများပြားစေရန် ဖြေဆိုသူရွေးချယ်၍) နမူနာကောက်ယူခြင်းကို ထိုင်းနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ထိုင်ဝမ် (တရုတ်) တို့ရှိ စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းများနှင့် ထိုင်းနိုင်ငံတွင်းရှိ မီဒီယာများ၊ သမဂ္ဂများ၊ အလုပ်သမားအခွင့်အရေး ထောက်ခံအားပေးသူများ၏ အမြဲမပြတ်စိတ်ဝင်စားမှုခံရပြီး ဥပဒေအရ ထိန်းကျောင်းပေးရမည့် အဖွဲ့အစည်းများနှင့် ကုန်သွယ်ဖက်များ၏ စိတ်ဝင်စားမှုနိမ့်ကျနေဆဲဖြစ်သော အလွန်များပြားသည့် ပင်လယ်စာပြုပြင်ထုတ်လုပ်သည့်ကဏ္ဍတွင် လုပ်ဆောင်ခဲ့ပါသည်။

## ငါးဖမ်းလုပ်ငန်းတွင် ကိုဗစ်–၁၉ ၏ စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ

၂၀၂၀ ပြည့်နှစ် စီးပွားဖြစ် ငါးဖမ်းလုပ်ငန်းကျဆင်းမှုသည် ကမ္ဘာအနှံ့ဖြစ်ပွားခဲ့ပါသည်။ အလိုအလျောက် မှတ်ပုံတင်စနစ် (AIS) ကို အသုံးပြု၍ ငါးဖမ်းသင်္ဘောအား ဂြိုဟ်တုဖြင့်ခြေရာခံခြင်းမှ ၂၀၁၉ ခုနှစ်အတွင်း စီးပွားဖြစ်ငါးဖမ်းထွက်သော သင်္ဘောအရေအတွက်ထက် ၂၀၂၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၉ ရာခိုင်နှုန်း (သင်္ဘောစီးရေ ၆၃,၀၀၀) လျော့နည်းခဲ့ကြောင်း ထုတ်ဖော်နိုင်ခဲ့ပါသည်။ ထိုသင်္ဘောများသည် ၂၀၂၀ ပြည့်နှစ်အတွင်း ခန့်မှန်းနာရီသန်းပေါင်း (၅၀) ကြာအောင် ငါးဖမ်းခဲ့ကြပြီး ၂၀၁၉ ခုနှစ်ထက် ၅ ရာခိုင်နှုန်းလျော့နည်းခဲ့ပါသည်။

ဤလေ့လာမှုတွင် နိုင်ငံအများအပြားရှိ အမျိုးသားအဆင့်လုပ်သားအင်အားစစ်တမ်းများမှ အလုပ်အကိုင်နှင့် အလုပ်ချိန်ဆိုင်ရာအချက်အလက်များအရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝှမ်း၌ ငါးဖမ်းလုပ်

---

3 တန် ၂၀ နှင့်အထက်ရှိသော ကမ်းရိုးတန်းသွားသင်္ဘောများ (ဧပြီ ၂၀၂၁)

4 ဤစာတမ်းတွင် အသုံးပြုထားသော ပင်လယ်စာကုန်သွယ်မှုဒေတာအချက်အလက်ကို တပြေးညီကျင့်သုံးသည့်စနစ်(HS) ကုဒ်နံပါတ် ၀၃ နှင့် ကန့်သတ်ထားပြီး ပင်လယ်စာအတွက် သီးသန့်သတ်မှတ်ထားသည့် HS16၏ ဒေတာအချက်အလက်များ မရရှိနိုင်ခဲ့ပါ။

ငန်း၏ အလုပ်အကိုင်များ ကျဆင်းလာသည်ကို ထင်ဟပ်စေပါသည်။ အလုပ်အကိုင်ပိုမိုနည်းလာသလို အလုပ်ချိန်လည်း ပိုနည်းလာခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ငါးဖမ်းလုပ်သားတစ်ဦးစီ၏ အလုပ်အကိုင်နှင့် အလုပ်ချိန်ကျဆင်းမှုမှာ ထိုင်းနိုင်ငံတွင် ခန့်မှန်းခြေ -၁၅.၄ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး ဖိလစ်ပိုင်၌ -၉.၁ ရာခိုင်နှုန်းရှိပါသည်။ ဗီယက်နမ်၏ အလုပ်အကိုင်ကျဆင်းမှုသည် -၁.၆ ရာခိုင်နှုန်းဖြင့် သိသိသာသာထိုးကျသွားခဲ့ပါသည်။

လုပ်ငန်းသုံးခုလုံးတွင် ဖြစ်ပေါ်နေသော တစ်ပတ်အလုပ်ချိန်ကျဆင်းမှု စုစုပေါင်းသည် ပမာဏပိုကြီးသော်လည်း အလုပ်အကိုင်ရရှိမှု ကျဆင်းခြင်းနှင့် စံကိုက်ချိန်ညှိထားပါသည်။ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့တွင် ၂၀၂၀ ပြည့်နှစ် စုစုပေါင်းတစ်ပတ်အလုပ်ချိန် ကျဆင်းမှုသည် ၁၈ ရာခိုင်နှုန်းနှင့် ၂၃ ရာခိုင်နှုန်းနီးပါး အသီးသီးရှိပြီး အလုပ်အကိုင်ရရှိမှု ကျဆင်းနှုန်းသည် သိသာထင်ရှားမှုနည်းသော်လည်း တူညီသည့်ပုံစံအတိုင်း လိုက်ခဲ့ပါသည်။ သို့သော် လုပ်ငန်းသုံးခုလုံးအတွက် ဤခြားနားချက်သည် အလုပ်အကိုင်နည်းပါးလာခြင်းကြောင့်သာမက အချို့သော အလုပ်သမားများသည် အလုပ်ချိန် ပိုမိုနည်းပါးလာခြင်းကြောင့်လည်း အလုပ်ချိန်များ ဆုံးရှုံးရကြောင်း ညွှန်ပြနေပါသည်။

ငါးဖမ်းခြင်းသည် ရာသီအလိုက်ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သဖြင့် ဤနိုင်ငံသုံးနိုင်ငံ၏ သုံးလပတ်အလိုက် အလုပ်ချိန်နှင့် အလုပ်အကိုင်ပြောင်းလဲမှု ပိုင်းခြားစိတ်ဖြာခြင်းသည် အသုံးဝင်လှပါသည်။ ယင်းကဲ့သို့ ပိုင်းခြားစိတ်ဖြာချက်သည် ကိုဗစ်-၁၉ အကျပ်အတည်း၏ ကနဦးလများဖြစ်သော ၂၀၂၀ ပြည့်နှစ်၏ ဒုတိယနှင့် တတိယသုံးလပတ်ကာလသည် ယခင်နှစ်က အလားတူ သုံးလပတ်ကာလများထက် သိသိသာသာ ကျဆင်းလာသည်ကို သိမြင်စေပါသည်။ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၂၀၂၀ နှစ်ကုန်ရှိ အလုပ်အကိုင် (နှင့် ၂၀၂၁ ပထမသုံးလပတ် ဖြည့်စွက်ဒေတာ) သည် ၂၀၁၉ အဆင့်သို့ ပြန်ဖြစ်လာသည် (သို့မဟုတ်) ကျော်လွန်ခဲ့ပါသည်။ သို့သော် ၂၀၂၀ ၏ နောက်ဆုံးလများတွင် ထိုင်းနိုင်ငံ၏ ငါးဖမ်းလုပ်ငန်းမှ အလုပ်အကိုင်များသည် နှိုင်းယှဉ်နိုင်သော ၂၀၁၉ ခုနှစ်၏ အဆင့်များထက် ၁၀ ရာခိုင်နှုန်းနီးပါး ကျဆင်းသွားပြီး ၎င်းမှ ထိုင်းငါးဖမ်းလုပ်ငန်းသည် အလုပ်အကိုင်ရရှိမှုအဆင့်ကို ငါးဖမ်းလုပ်ငန်း၏ ထူးထူးခြားခြား လျော့ကျနေသည့် (ရာသီအလိုက်) အဆင့်နှင့်တွဲဖက်၍ ပြန်လည်စိစစ် ချိန်ညှိနေခဲ့ကြောင်းညွှန်ပြပါသည်။ ၂၀၂၁ ခုနှစ် ပထမလများ၏ ထိုင်းငါးဖမ်းလုပ်ငန်းအတွက် အလုပ်အကိုင်အချက်အလက်များသည် ၂၀၁၉ ပထမသုံးလပတ်ထက် ၂၀ ရာခိုင်နှုန်းတိတိ လျော့နည်းကြောင်း ပြသပါသည်။

## ဇယား ၂။ နိုင်ငံအလိုက် ငါးဖမ်းလုပ်ငန်းရှိ အလုပ်အကိုင်နှင့် တစ်ပတ်အလုပ်ချိန်များ (၂၀၁၉–၂၀)

| နိုင်ငံ | အလုပ်အကိုင်ရရှိမှု | | | တစ်ပတ်အလုပ်ချိန်စုစုပေါင်း | | |
|---|---|---|---|---|---|---|
| | ၂၀၁၉ | ၂၀၂၀ | ပြောင်းလဲမှု ရာခိုင်နှုန်း (%) | ၂၀၁၉ | ၂၀၂၀ | ပြောင်းလဲမှု ရာခိုင်နှုန်း (%) |
| ဖိလစ်ပိုင် | ၁,၁၁၁,၇၃၃ | ၁,၀၁၀,၅၉၀ | -၉.၁ | ၄၀,၁၁၆,၄၃၄ | ၃၃,၀၈၁,၇၁၈ | -၁၇.၅၄ |
| ထိုင်း | ၂၁၉,၅၄၅ | ၁၈၅,၆၆၂ | -၁၅.၄ | ၈,၁၆၉,၈၇၄ | ၆,၃၅၈,၁၈၂ | -၂၃.၁၁ |
| ဗီယက်နမ် | ၆၂၂,၆၇၆ | ၆၁၂,၆၀၃ | -၁.၆ | ၂၆,၈၆၃,၀၆၇ | ၂၅,၅၄၈ | -၄.၈၉ |

### ဇယား ၃။ နိုင်ငံအလိုက် ငါးဖမ်းလုပ်ငန်းရှိ သုံးလပတ်အလိုက် အလုပ်အကိုင်ရရှိမှု (၂၀၁၉–၂၀)

| အလုပ်အကိုင် | Q1 | | | Q2 | | | Q3 | | | Q4 | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| နိုင်ငံ | ၂၀၁၉ | ၂၀၂၀ | (%) | ၂၀၁၉ | ၂၀၂၀ | (%) | ၂၀၁၉ | ၂၀၂၀ | (%) | ၂၀၁၉ | ၂၀၂၀ | (%) |
| ဖိလစ်ပိုင် | n/a | n/a | n/a | ၁၀၄၅၃၁၄ | ၉၈၇၂၀၂ | -၅.၆ | ၁၂၁၂၁၀၇ | ၉၄၅၂၂၄ | -၂၂.၀ | ၁၀၇၇၇၇၇ | ၁၀၉၉၃၄၄ | ၂.၀ |
| ထိုင်း | ၂၄၀၃၇၂ | ၁၉၄၇၃၃ | -၁၉.၀ | ၂၁၉၀၅၃ | ၁၈၄၂၁၈ | -၁၅.၉ | ၂၀၆၆၂၉ | ၁၇၁၉၇၄ | -၁၆.၈ | ၂၁၂၁၂၉ | ၁၉၁,၇၂၃ | -၉.၆ |
| ဗီယက်နမ် | ၆၂၇၄၅၀ | ၆၂၄၁၈၁ | -၀.၅ | ၆၂၆၈၉၃ | ၅၇၈၁၇၉ | -၇.၈ | ၆၂၆၄၆၇ | ၆၀၄၆၇၂ | -၃.၅ | ၆၀၉၈၉၅ | ၆၄၃,၃၇၉ | ၅.၅ |

n/a= ဒေတာမရနိုင်ပါ

### ဇယား ၄။ နိုင်ငံအလိုက် ငါးဖမ်းလုပ်ငန်းရှိ သုံးလပတ်အလိုက် အပတ်စဉ်အလုပ်ချိန်များ (၂၀၁၉–၂၀)

| အလုပ်အကိုင် | Q1 | | | Q2 | | | Q3 | | | Q4 | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| နိုင်ငံ | ၂၀၁၉ | ၂၀၂၀ | (%) | ၂၀၁၉ | ၂၀၂၀ | (%) | ၂၀၁၉ | ၂၀၂၀ | (%) | ၂၀၁၉ | ၂၀၂၀ | (%) |
| ဖိလစ်ပိုင် | n/a | n/a | n/a | ၃၉၄၃၃၂၆၇ | ၂၆၈၉၂၉၀၂ | -၃၁.၈ | ၄၃၇၄၁၃၁၁ | ၃၃၆၇၄၀၆၇ | -၂၃.၀ | ၃၇၁၇၄၇၂၄ | ၃၈,၆၇၈,၁၈၅ | ၄.၀ |
| ထိုင်း | ၂၄၀၃၇၂ | ၁၉၄၇၃၃ | -၁၉.၀ | ၈၄၆၂၉၂၀ | ၅၈၄၄၈၆၇ | -၃၀.၈ | ၇၇၄၇၁၈၂ | ၅၇၉၅၄၈၄ | -၂၅.၂ | ၂၁၂၁၂၉ | ၆,၇၈၆,၁၃၁ | -၁၆.၉ |
| ဗီယက်နမ် | ၆၂၇၄၅၀ | ၆၂၄၁၈၁ | -၀.၅ | ၂၉၆၄၂၆၇၂ | ၂၅၇၉၆၆၄၉ | -၁၃.၀ | ၂၇၅၉၉၂၀၃ | ၂၇၅၉၉၂၀၃ | ၀.၅ | ၂၇၂၃၅၅၇၃ | ၂၅,၁၀၉,၄၄၃ | -၇.၈ |

n/a= ဒေတာမရနိုင်ပါ

## ကမ္ဘာ့ပင်လယ်စာကုန်သွယ်မှု ၂၀၂၀ ပြည့်နှစ်အတွင်း ကျဆင်းလာခြင်း

၂၀၂၀ ပြည့်နှစ်အတွင်း ငါးဖမ်းလုပ်ငန်းဆောင်ရွက်မှု ကျဆင်းလာခြင်းကို ဒေတာအချက်အလက်ရရှိနိုင်သော နိုင်ငံများအလိုက် ပင်လယ်စာပို့ကုန်ပမာဏ လျော့ကျမှုများကို စုပေါင်းလိုက်ရုံမျှဖြင့် ထင်ဟပ်ပါသည်။ ယင်းသည် ယခုလေ့လာမှုတွင် နိုင်ငံများအလိုက် ပင်လယ်စာတင်ပို့မှု၏ အချိန်ကြာမြင့်စွာ တရိပ်ရိပ်တက်နေသည့် စီးပွားရေးအလားအလာတွင် အပြောင်းအလဲတစ်ခုဟု သတ်မှတ်နိုင်ပါသည်။ ထိုင်းနိုင်ငံသည် ထင်ရှားသောခြွင်းချက်ဖြစ်ပြီး ထိုင်းရေပိုင်နက်အတွင်း ငါးအလွန်အကျွံဖမ်းမှု၊ ပုစွန်လုပ်ငန်းမှ ရောဂါများ၊ ဒေသတွင်း ပြင်းထန်သောဈေးနှုန်းယှဉ်ပြိုင်ခြင်း၊ အခမ္ဘအလုပ်စေခိုင်းသည့် အလေ့အထတို့သည် ၂၀၁၀ ပြည့်နှစ်ကတည်းက ပင်လယ်စာတင်ပို့မှုပမာဏကို ဆယ်စုနှစ်တစ်ခု ကြာသည့်တိုင်အောင် ကျဆင်းသွားစေခဲ့ပါသည်။

အလားတူ၊ ဤလုပ်ငန်းအကျဉ်းတွင် လေ့လာနေခဲ့သည့် နိုင်ငံအများစု၏ ပင်လယ်စာတင်ပို့မှု (တန်ဖိုး) သည် ၂၀၁၉ ခုနှစ် အဆင့်များထက် တစ်လပြီးတစ်လ ဆက်တိုက်ကျဆင်းနေပြီး အမြင့်ဆုံး သိသာထင်ရှားသည့် ကျဆင်းမှုသည် ကမ္ဘာ့ကပ်ရောဂါ၏ ပထမလှိုင်းအတောအတွင်း ၂၀၂၀ ပြည့်နှစ်၊ မတ်လနှင့် ဧပြီလတို့တွင် ဖြစ်လာခဲ့ပါသည်။ ဂျပန်နိုင်ငံ၏ ပင်လယ်စာပို့ကုန်သည် ၂၀၁၉ ခုနှစ် မတ်လနှင့်နှိုင်းယှဉ်လျှင် ၂၀ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ ဖိလစ်ပိုင် ပို့ကုန်သည် ၁၉ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ကိုရီးယားသမ္မတနိုင်ငံသည် ၁၄ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံသည် ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ပို့ကုန်များ ထို့ထက်

## အိမ်မွေးတိရစ္ဆာန်အစာ

ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ကမ္ဘာ့အနှံ့ အိမ်မွေးတိရစ္ဆာန် မွေးမြူမှုတိုးလာခြင်းသည် တိရစ္ဆာန်အစာဝယ်လိုအားကို လိုက်ဖက်ညီစွာ တိုးတက်မှုဖြစ်ပေါ်စေခဲ့ပါသည်။ ဈေးမကြီးသောငါးနှင့် မရည်ရွယ်ဘဲဖမ်းမိသောငါးတို့ကို အဓိကဝယ်ယူသူ အိမ်မွေးတိရစ္ဆာန်အစာလုပ်ငန်းသည် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း စားသုံးမှုကျဆင်းခြင်းတွင်မပါဝင်သော ထင်ရှားသည့် ခြွင်းချက်ဖြစ်ခဲ့ပြီး အချို့သောပင်လယ်စာဈေးကွက်တွင် ဝယ်လိုအားများလာစေပါသည်။

ကမ္ဘာ့ကပ်ရောဂါမဖြစ်ပွားမီကပင် အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များက ငါးမှထုတ်လုပ်သည့် ကျန်းမာရေးနှင့် ညီညွတ်သော၊ အသားဓာတ် မြင့်မားသော တိရစ္ဆာန်အစာကို တိုး၍တိုး၍ပြောင်းလဲအားထားလာသောကြောင့် အိမ်မွေးတိရစ္ဆာန်အစားအစာလုပ်ငန်းတွင် ဖြစ်ပေါ်လာသော အပြောင်းအလဲများသည် ပင်လယ်စာရောင်းချသူများကို ထိခိုက်စေခဲ့ပါသည် (Blank ၂၀၁၉)။ ကိုဗစ်-၁၉ ကာလအတွင်း အိမ်မွေးတိရစ္ဆာန်အစားအစာများ၏ ဝယ်လိုအားမြင့်တက်လာခြင်းသည် ခွေးနှင့် ကြောင်အစားအစာများ၏ ပျမ်းမျှဈေးနှုန်းမြင့်တက်ခြင်းကို ဖြစ်စေခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ အိမ်မွေးတိရစ္ဆာန်စောင့်ရှောက်ပြုစုရေးလုပ်ငန်းသည် ၂၀၁၂ ခုနှစ်ကတည်းက တိုးတက်မှုနှုန်း ၃ ရာခိုင်နှုန်းဖြင့် တသတ်မတ်တည်း မြင့်တက်ခြင်းလာခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်မှုနှုန်းသည် ၅ ရာခိုင်နှုန်းသို့ ထိုးတက်လာခဲ့ပါသည် (Tyler ၂၀၂၀)။ ပို့ကုန်ဈေးကွက်အားကောင်းသောနိုင်ငံများတွင် ပင်လယ်စာရောင်းချသူများသည် အိမ်မွေးတိရစ္ဆာန် အစားအစာနှင့်ဆက်စပ်သော ထုတ်ကုန်များထုတ်လုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြသော်လည်း ပင်လယ်စာလုပ်ငန်းတွင် လှုပ်ရှားသူဆောင်ရွက်မှုများကို ယေဘုယျအားဖြင့် အရှိန်လျှော့ချခဲ့ပါသည်။ ပင်လယ်စာထုတ်လုပ်သူတစ်ဦးဖြစ်သော ထိုင်းယူနီယံအဖွဲ့ (Thai Union Group) သည် ၂၀၂၀ ပြည့်နှစ်၏ တတိယသုံးလပတ်အတောအတွင်း ၎င်းတို့၏ အိမ်မွေးတိရစ္ဆာန်အစားအစာနှင့် ဆက်စပ်ထုတ်ကုန်များတွင် ထိုင်းဘတ်ငွေ ၅.၁၅ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၁၇၂.၂ မီလီယံ) နှင့်ညီမျှသော ၁၂ ရာခိုင်နှုန်း အရောင်းတိုးတက်မှုရရှိခဲ့ပါသည် (Buelva ၂၀၂၁)။ ထို့ကြောင့် ပင်လယ်စာရောင်းချသူအချို့သည် အိမ်မွေးတိရစ္ဆာန်အစားအစာဝယ်လိုအား မြင့်မားလာခြင်းကြောင့် ကမ္ဘာကပ်ရောဂါကာလအတွင်း ငါးဖမ်းခြင်းနှင့်ပင်လယ်စာထုတ်လုပ်ခြင်းကို တိုးမြှင့်လုပ်ဆောင်လာခဲ့ပါသည်။ ဤစာတမ်းအတွက် တွေ့ဆုံမေးမြန်းမှုများတွင် ဒေသတွင်းအိမ်မွေးတိရစ္ဆာန်အစားအစာ အဓိကထုတ်လုပ်သူတစ်ဦးက ကိုဗစ်-၁၉ ကာလအတွင်း အိမ်မွေးတိရစ္ဆာန်အစားအစာဝယ်လိုအား ရုတ်တရက်တိုးတက်လာခြင်းသည် ဝယ်ယူသူ၏ အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်တွင် ပါဝင်ပြီး အလုပ်သမားဆိုင်ရာကျင့်ဝတ်လေးစားလိုက်နာမှု ပိုမိုကောင်းမွန်သည့် ဦးစားပေး ငါးဖမ်းသင်္ဘောများမှ ပင်လယ်စာထောက်ပံ့ပေးနိုင်မှုထက် ပိုလွန်ခဲ့ပါသည်။ ယင်းသည် ကျင့်ဝတ်လိုက်နာသော ငါးပေးသွင်းသူများအား ဆုချီးမြှင့်ရန်စီစဉ်ထားသည့် ဝယ်ယူမှုအလေ့အထများသည် ဝယ်လိုအားကို ဖြည့်ဆည်းနိုင်ရန်အတွက် အားနည်းခဲ့သည်ဟု ဆိုလိုပါသည်။

ပိုမိုကျဆင်းလာခဲ့ပြီး ဂျပန်နိုင်ငံတွင် (၃၀ ရာခိုင်နှုန်း)၊ ဖိလစ်ပိုင်နိုင်ငံ (၃၁ ရာခိုင်နှုန်း) နှင့် ကိုရီးယားသမ္မတနိုင်ငံ (၃၃ ရာခိုင်နှုန်း) တို့ဖြစ်ခဲ့ကြသော်လည်း ထိုင်းနိုင်ငံတွင် (၃ ရာခိုင်နှုန်း) အနည်းငယ်တိုးလာခဲ့ပါသည်။[5] အဆိုပါလေးနိုင်ငံမှ ပင်လယ်စာတင်သွင်းမှုသည် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်တွင် စုစုပေါင်း ၁၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပြီး အမေရိကန်ဒေါ်လာ ၅.၂ ဘီလီယံနှင့် အလားတူ တန်ဖိုးကျဆင်းခဲ့ခြင်းဖြစ်ပါသည်။

ပင်လယ်စာကုန်သွယ်မှုတွင် ကမ္ဘာ့ကပ်ရောဂါ၏ ဝယ်လိုအားအပေါ် သက်ရောက်မှုကို ခံစားသိရှိနိုင်ရန်အတွက် ဤစာတမ်းသည် ကမ္ဘာ့အဓိကပင်လယ်စာဈေးကွက်နှစ်ခုဖြစ်သည့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့၏ ပင်လယ်စာတင်သွင်းမှုဆိုင်ရာ အပြောင်းအလဲကို ဆန်းစစ်ထားပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့၏ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်

5 ရင်းမြစ် : UN Comtrade ၊ ရွေးချယ်ထားသော HS ၀၃ ကုဒ်များမှ ဒေတာအချက်အလက်၊ ဖိလစ်ပိုင်နိုင်ငံ၏ ပို့ကုန်သည် ၂၀၂၀ ပြည့်နှစ် ဖွန်လတွင် (၅၁ ရာခိုင်နှုန်း) နှင့် ဇူလိုင်လတွင် (၄၄ ရာခိုင်နှုန်း) သိသိသာသာတိုးလာခဲ့ပါသည်။ ၎င်းတို့သည် ပို့ကုန်တန်ဖိုး ပိုမိုနည်းပါးခြင်းနှင့်လျော်ညီစွာ ရာခိုင်နှုန်းအတက်အကျ ပိုမိုများပြားလာခြင်းကြောင့် ဖြစ်နိုင်ဖွယ်ရှိပါသည်။

နိုင်ငံတို့မှ ပေါင်းစပ်ပင်လယ်စာတင်သွင်းမှု (HS ကုဒ် ၀၃) သည် ၁၄.၄ ရာခိုင်နှုန်းလျော့ကျခဲ့ပါသည်။ ဥရောပသမဂ္ဂ သွင်းကုန်သည် အမေရိကန်ပြည်ထောင်စုသွင်းကုန် (-၁၀.၉ ရာခိုင်နှုန်း) ထက် ပိုမိုများပြားသော ရာခိုင်နှုန်း (-၂၂.၁ ရာခိုင်နှုန်း) ဖြင့် လျော့ကျခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်အတွက် စားသုံးသူဒေတာသည် လက်လီအစားအသောက်ဝယ်လိုအား တစ်ရှိန်ထိုးတက်လာသည်ကို ပြသပါသည်။ ဈေးနှုန်းသက်သာသည့် ငါးမျိုးစိတ်များစားသုံးမှု ပြန်လည်ဦးမော့လာပြီး စားသုံးသူများသည် အိမ်တွင်ချက်ပြုတ်ရန် လက်လီအရောင်းဆိုင်များ၌ ငါးနှင့်အသင့်ပြင်ဆင်ပြီး ပင်လယ်စာပိုမိုဝယ်ယူမှုကြောင့်ပင် အနည်းငယ်တိုးတက်လာပါသည် (Love rt.al ၂၀၂၁)။ စည်သွပ်ဘူး ပင်လယ်စာထုတ်ကုန်များ အထူးသဖြင့် တူနာစည်သွပ်ဘူးများသည် ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုအစတွင် စားသုံးသူများက စင်ပေါ်တွင်အထားခံသော အစားအစာများ သိုမှီးရန် လိုအပ်သည်ဟု ထင်မြင်ယူဆကြသည့်အတွက် ဝယ်လိုအားမြင့်မားခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၏ ပထမသုံးလပတ်အတွင်း အမေရိကန်ပြည်ထောင်စု၌ တူနာစည်သွပ်ဘူး တင်သွင်းမှု (၆) ရာခိုင်နှုန်း တိုးလာခဲ့ပြီး ဥရောပသမဂ္ဂတွင် တူနာငါးတင်သွင်းမှု (၂၃) ရာခိုင်နှုန်း တိုးလာခဲ့ပါသည် (IHS Markit ၂၀၂၀)။

သို့သော် အခြားသော တွင်ကျယ်စွာရောင်းဝယ်ဖောက်ကားနေသော စားသောက်ကုန်များနှင့် နိုင်းယှဉ်ပါက အဆိုပါ ခြောက်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂသို့ ပင်လယ်စာတင်ပို့မှုသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ ပထမနှစ်တွင် ပိုမိုဆိုးရွားကြုံတွေ့ခဲ့ရပါသည်။ ဥပမာအားဖြင့် – ထိုဈေးကွက်နှစ်ခုသို့ စီရီရယ် ကောက်နှံအစားအသောက်နှင့် ဂျုံမှုန့်တင်ပို့မှု (HS ကုဒ် ၁၉) သည် ၂၀၂၀ ပြည့်နှစ်တွင် ၂၀၁၉ ခုနှစ်ထက် (၁၇) ရာခိုင်နှုန်းတိုးလာခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု၏ အသားတင်တင်သွင်းမှု (HS ကုဒ် ၀၂) သည် ၁၀.၁ ရာခိုင်နှုန်းတိုးလာခဲ့ပြီး ဥရောပသမဂ္ဂ၏ တင်သွင်းမှုသည် အနည်းငယ် (-၁.၃ ရာခိုင်နှုန်း) လျော့ကျခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုတွင် ပင်လယ်စာအစားအသောက်ဆိုင်များသည် စားသုံးသူဝယ်လိုအား ၇၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အစီရင်ခံတင်ပြခဲ့ကြပြီး ကမ္ဘာ့ကပ်ရောဂါ၏ အမြင့်ဆုံးကာလ၌ အမေရိကန်ပြည်ထောင်စုတွင် ပင်လယ်စာဖမ်းမိသည့် ပမာဏ ၄၀ ရာခိုင်နှုန်းလျော့ကျစေခဲ့သည့် အကြောင်းအရင်းခံဖြစ်ခဲ့ပါ သည် (white ၂၀၂၀)။ ဥရောပသမဂ္ဂ ပင်လယ်စာဈေးကွက်တွင် ဝယ်လိုအားကျဆင်းမှုကြောင့် ၂၀၂၀ ပြည့်နှစ် အစောပိုင်းလများတွင် ပင်လယ်စာသွင်းကုန်အတွက် ဈေးနှုန်း ၃၀ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်( Love et.al ၂၀၂၁)။

## အသွားအလာကန့်သတ်ခြင်းသည် ငါးဖမ်းလုပ်ငန်းကျဆင်းမှု၏ အဓိကအကြောင်းအရင်း ဖြစ်မနေခြင်း

၂၀၂၀ ပြည့်နှစ်အတွင်း ငါးဖမ်းခြင်း အလုပ်အကိုင်၊ အလုပ်ချိန်နှင့် ပင်လယ်စာကုန်သွယ်မှုကျဆင်းခြင်းသည် ငါးဖမ်းလုပ်ငန်းဆောင်ရွက်မှုကို ကန့်သတ်ထားသည့် ယာယီဆိပ်ကမ်းပိတ်ခြင်းကဲ့သို့သော ပြည်သူ့ကျန်းမာရေးစီမံချက်များ၏ တွန်းအားကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပါ။

**ထိုင်းနိုင်ငံ**တွင် နယ်စပ်ပိတ်ခြင်း၊ အသွားအလာကန့်သတ်ခြင်းနှင့် ခရီးသွားလာမှုကန့်သတ်ချက်များ ရှိနေသော်လည်း အစိုးရသည် ၂၀၂၀ ပြည့်နှစ် တစ်လျှောက်လုံး ငါးဖမ်းလုပ်ငန်းကို ဆက်လက်လည်ပတ်ရန် အဓိကအားဖြင့် ခွင့်ပြုပေးခဲ့ပြီး ငါးကို ပဓာနကျသော စားသောက်ကုန်တစ်ခုအဖြစ် မှတ်ယူခဲ့ပါသည် (Thongtub ၂၀၂၀)။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပင်လယ်စာတင်ပို့မှုများ (ထိုင်းမဟုတ်သော ငါးဖမ်းလုပ်ငန်းများမှ ထည့်တွက်နိုင်သည့် ပို့ကုန်များအပါအဝင်) သည် ၂၀၂၀ ပြည့်နှစ်အတွင်း အနည်းငယ်မြင့်တက်ခဲ့ပါသည်။[6]

**ဖိလစ်ပိုင်နိုင်ငံ**ရှိ ငါးဖမ်းလုပ်သားများသည် ရောဂါမကူးစက်ရန် သီးခြားခွဲထုတ်နေထိုင်စေခြင်း (ကွာရန်တင်း) သတ်မှတ်ချက်များမှ ကင်းလွတ်ခွင့်ရသော်လည်း ငါးဖမ်းခြင်းမပြုမီနှင့် ပြန်ရောက်ပြီးချိန်တို့တွင် စစ်ဆေးမှုခံယူရန် လိုအပ်ပါသည် (Unite ၂၀၂၀)။ ပင်လယ်ရေပြင်တွင် ငါးဖမ်းထွက်နိုင်ခြင်းဖြစ်စေကာမူ ငါးဖမ်းသမားများသည် စားသောက်ဆိုင်များနှင့် ပင်လယ်စာဈေးများ ပိတ်ခြင်းကြောင့် ဈေးကွက်ဖိအားများ ရင်ဆိုင်နေခဲ့ရပြီး လူနှင့် ကုန်စည်များသွားလာမှုအပေါ် ကန့်သတ်ချက်များသည်လည်း ဖိလစ်ပိုင်နိုင်ငံတွင် ပင်လယ်စာဈေးနှုန်းများ ကျဆင်းသွားသည့် အခြေအနေသို့ ဆိုက်ရောက်စေခဲ့ပါသည်။

6 ၂၀၂၁ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ကမ္ဘာ့ကပ်ရောဂါ၏ ဒုတိယနှင့် တတိယလှိုင်းများကြောင့် ထိခိုက်ခဲ့သဖြင့် အချို့သော ငါးဖမ်းသင်္ဘောများကို ဆိပ်ကမ်းတွင် ပိတ်လှောင်ထားခဲ့ပြီး ငါးဖမ်းသမားများကို ရောဂါကူးစက်ပြန့်ပွားမှုကာကွယ်ရန် ‘ရေပေါ်တွင်’ သီးသန့်ခွဲထားခဲ့ပါသည်။ ထိုင်းနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာန၏ အဆိုအရ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့အထိ ငါးဖမ်းနေသည့်သင်္ဘောအရေအတွက်သည် ၁၀,၀၅၈ စီးဖြစ်ပြီး မတ်လ ၃၁ ရက်နေ့တွင်ရှိသော ငါးဖမ်းသင်္ဘော ၁၀,၁၆၇ စီးနှင့် နှိုင်းယှဉ်ပါက သင်္ဘော ၁၀၉ စီး လျော့ကျခဲ့ပါသည်။ သို့သော်လည်း ဤသို့ လျော့နည်းလာမှုသည် ၂၀၁၈ ခုနှစ်ကတည်းကစ၍ ယခင်နှစ်များကထက် တစ်နှစ်ထက်တစ်နှစ် တပြေးညီလျော့ကျသွားခြင်း ဖြစ်ပါသည်။

**အင်ဒိုနီးရှားနိုင်ငံ**၏ အသွားအလာကန့်သတ်ခြင်း မူဝါဒများသည် ပြည်နယ်တစ်ခုချင်းစီအလိုက် ချမှတ်ပြဋ္ဌာန်းခြင်းဖြစ်ပြီး နိုင်ငံအများစုသည် ကိုဗစ်-၁၉ သူတို့၏ကမ်းခြေကို ရောက်ရှိလာသည်နှင့် သူတို့၏ ငါးဖမ်းဆိပ်ကမ်းများကိုပိတ်ကာ ငါးဖမ်းခြင်းလုပ်ငန်းများ ကိုယာယီအားဖြင့် ရပ်ထားခဲ့ကြသော်လည်း အင်ဒိုနီးရှားနိုင်ငံသည် အဆိုပါကန့်သတ်မှုအမျိုးအစားများကို မချမှတ်ထားခဲ့ဘဲ ယေဘုယျအားဖြင့် သက်ညှာစွာပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည် (Sumarsono ၂၀၂၀)။ သို့ဖြစ်၍ အဏ္ဏဝါရေးရာနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် အင်ဒိုနီးရှား၏ စီးပွားဖြစ်ငါးဖမ်းလုပ်ငန်းတွင် အတော်အသင့်တည်ငြိမ်မှုရှိကြောင်း အစီရင်ခံတင်ပြနိုင်ခဲ့ပါသည်။

အလားတူ **ကိုရီးယားသမ္မတနိုင်ငံ**တွင် အသွားအလာကန့်သတ်ခြင်းကို ပြဋ္ဌာန်းခဲ့ခြင်းမရှိသော်လည်း ငါးဖမ်းဆီးထုတ်လုပ်မှုသည် အခြားသောနိုင်ငံများကဲ့သို့ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၃.၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ကမ်းရိုးတန်းနှင့် ကမ်းလွန်ငါးဖမ်းလုပ်ငန်းများတွင် တကယ်တမ်းအားဖြင့် ၂.၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပေမယ့် ကမ်းဝေးငါးဖမ်းလုပ်ငန်းများသည် ၂၀၂၀ ပြည့်နှစ်အတွင်း ၂၀၁၉ ခုနှစ်၏ အဆင့်များထက် အတန်ကြီးမားသောပမာဏ ၁၃.၃ ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ပါသည် (Statistics Korea ၂၀၂၁)။

**ထိုင်ဝမ် (တရုတ်)** တွင် တက်ကြွထက်သန်သော ကန့်သတ်ထိန်းချုပ်ရေးမူဝါဒများတွင် ပါဝင်ခဲ့သော်လည်း တယ်လီဖုန်းခြေရာခံခြင်း၊ အပူချိန်စစ်ဆေးခြင်းနှင့် လက်လီရောင်းချသည့် နေရာများတွင် လူအချင်းချင်း ခပ်ခွာခွာနေခြင်းတို့ကို အာရုံစိုက်ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ငါးဖမ်းဆိပ်ကမ်းများနှင့် စားသောက်ဆိုင်တို့ကို မည်သည့်အခါမှ မပိတ်ခဲ့ပါ။ သို့သော်လည်း လတ်ဆတ်ပြီးအေးခဲထားသော ပင်လယ်စာများ ဝယ်လိုအားကျဆင်းခြင်းသည် ထောက်ပံ့မှုကွင်းဆက်တလျှောက် ထုတ်လုပ်မှုနှေးကွေးလာခြင်းကဲ့သို့ပင် ထိုင်ဝမ် (တရုတ်) နိုင်ငံရှိ ငါးဖမ်းလုပ်ငန်းများအကြား လှုပ်ရှားဆောင်ရွက်မှု လျော့ကျသွားစေခဲ့ပါသည်(Marschke et.al ၂၀၂၀)။

## ရွှေ့ပြောင်းလုပ်သားများအပေါ် အားထားမှီခိုနေသော လုပ်ငန်းများအပေါ် နယ်စပ်ပိတ်ခြင်း၏ သက်ရောက်မှုများ

**ကိုရီးယားသမ္မတနိုင်ငံ**တွင် နိုင်ငံ၏ နယ်စပ်ပိတ်ခြင်းများသည် ရွှေ့ပြောင်းငါးဖမ်းလုပ်သားအသစ်များ ထောက်ပံ့ဖြည့်ဆည်းခြင်းကို ကန့်သတ်ခဲ့ခြင်းကြောင့် ငါးဖမ်းသင်္ဘောပိုင်ရှင်များသည် ကိုရီးယားနိုင်ငံသားများကို ပိုမိုမြင့်မားသည့် လစာနှင့်ဆုကြေးများပေး၍ တက်ကြွစွာ အလုပ်ခန့်ထားခြင်းကို ဖြစ်စေခဲ့ပါသည်။ ကမ်းရိုးတန်းနှင့် ကမ်းဝေးငါးဖမ်း လုပ်သားအင်အား၏ ၄၇ ရာခိုင်နှုန်းခန့်ရှိသည့် လုပ်ငန်းထဲတွင် ဝင်ရောက်လုပ်ကိုင်နေပြီးဖြစ်သော ရွှေ့ပြောင်းလုပ်သားများအား အများအပြောအရလစာနှင့် အကျိုးခံစားခွင့်များ တိုးမြှင့်ပေးခြင်းမရှိကြောင်းသိရပါသည်။[7]

**ထိုင်းနိုင်ငံ**တွင် လုပ်ခလစာ အတော်နည်းပါးခြင်း၊ ငါးအလွန်အကျွံဖမ်းခြင်းနှင့် လုပ်သားချွေတာရေး နည်းပညာများတွင် ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းတို့နှင့် ပေါင်းစပ်ဖြစ်ပေါ်လာသည့် ပင်လယ်စာထုတ်ကုန်များအပေါ် စျေးနှုန်းကျဆင်းမှုဖိအားသည် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ငါးဖမ်းလုပ်ငန်းများ၏ ရွှေ့ပြောင်းလုပ်သားများပေါ်တွင် အားထားနေရခြင်းကို ပို၍ပို၍ ကြီးမားစေပါသည်။ ၎င်းသည် တင်းကျပ်သောလုပ်သားစျေးကွက် (အလုပ်နေရာလစ်လပ်မှုများနေပြီး အလုပ်သမားရရှိနိုင်မှု ရှားပါးနေသောလုပ်သားစျေးကွက်) ကို ဖြစ်ပေါ်စေခဲ့ပြီး ကမ္ဘောဒီးယား၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အစိုးရများက အန္တရာယ်များပြီး ကြမ်းတမ်းသည်ဟု မှတ်ယူထားသော လုပ်ငန်းဆီသို့ ပုံမှန်ရွှေ့ပြောင်းနေထိုင်ခြင်းကို ပံ့ပိုးပေးရန် တွန့်ဆုတ်နေခြင်းကြောင့် ပိုမိုတင်းကြပ်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ မကြာသေးမီနှစ်များအတွင်း သောင်းနှင့်ချီသော တံငါသည်အသစ်များကို စုဆောင်းခဲ့ပြီး အများစုမှာ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းနေထိုင်သူများဖြစ်၍ ပိုမို နည်းပါးသောပမာဏကို အိမ်နီးချင်းနိုင်ငံများနှင့် ချုပ်ဆိုထားသော အလုပ်သမားရွှေ့ပြောင်းသွားလာခြင်း သဘောတူညီချက် သို့မဟုတ် အလုပ်သမားရှားပါးမှုကို ဖြေရှင်းရန် အထူးသီးခြားအရေးပေါ်လုပ်ငန်းစဉ်များမှတစ်ဆင့် စုဆောင်းခဲ့ပါသည် (ILO ၂၀၁၉)။

ILO ၏ လုပ်သားစျေးကွက်မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်းဆိုင်ရာ အစီရင်ခံစာ (၂၀၁၉) တွင် ဖော်ပြခဲ့သည့် ထိုင်းနိုင်ငံ ငါးဖမ်းလုပ်ငန်းအတွက် ဤနာတာရှည်အလုပ်သမားရှားပါးမှုသည် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ကပ်ရောဂါ၏ အစောပိုင်းလများတွင် နယ်စပ်ပိတ်ခြင်းနှင့် အသွားအလာကန့်သတ်ခြင်း အစီအမံများကြောင့် ပိုမိုဆိုးရွားစေခဲ့ပါသည်။ အချို့သော ရွှေ့ပြောင်းငါးဖမ်းသမားသည် အများအပြောအရ လုပ်ခလစာပိုမိုရရှိရန် ညှိနှိုင်းနိုင်ခဲ့သည်ဟု သတင်းရရှိခဲ့ပြီး (Marschke et.al ၂၀၂၀) အခြားသူများသည် ငါးဖမ်းဆီးရရှိမှု၏ ဝေစုပိုမိုရရှိခဲ့သည်ဟုဆိုပေမယ့် အလုပ်သမားအခွင့်အရေးအားပေးသူများက ကျယ်ကျယ်ပြန့်ပြန့် လုပ်ခ

7 ပြည်သူ့အကျိုးစီးပွားဆိုင်ရာ ဥပဒေအတွက် တရားလွှတ်တော်ရှေ့နေများ (APIL) နှင့် လူတွေ့မေးမြန်းခြင်း၊ ဧပြီ ၂၀၂၁။

တိုးပေးခြင်းမရှိကြောင်း မှတ်ချက်ပြုကြပြီး လုပ်ခလစာချိန်ညှိသတ်မှတ်မှုကို အလုပ်ရှင်များနှင့် သွယ်ဝိုက်သောနည်းအားဖြင့် ဝယ်ယူသူများက အလုပ်သမားဈေးကွက် အင်အားစုထက်ပို၍ ဆက်လက်ထိန်းချုပ်ထားနိုင်ဆဲဖြစ်ပါသည်။[8] ဒေသတွင်း၌ အထူးအဆန်းမဟုတ်သော်လည်း ထိုင်းနိုင်ငံ၏ အလုပ်ရှင်ဗီဇာနှင့် အလုပ်ပါမစ်စနစ်သည် အလုပ်သမားများ ရွှေ့လျားသွားလာမှုကို ပြင်းပြင်းထန်ထန်ကန့်သတ်ထားဆဲဖြစ်ပြီး ရွှေ့ပြောင်းလုပ်သားများ၏ အပေးအယူညှိနှိုင်းမှုစွမ်းအားကို လျော့နည်းစေပါသည်။[9]

## ငါးဖမ်းလုပ်ငန်းမှ အလုပ်အကိုင်အပေါ် သက်ရောက်မှုများ

ဤအပိုင်းတွင် ကမ္ဘာ့ကပ်ရောဂါအစောပိုင်းလများ၏ အထွေထွေစီးပွားရေးကျဆင်းခြင်းနှင့် မရေမရာရှုပ်ထွေးမှုများကို အရင်းခံ၍ နိုင်ငံသားနှင့် ရွှေ့ပြောင်းငါးဖမ်းသမားနစ်ရပ်စလုံးအပေါ် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်သည့်သက်ရောက်မှုများကို ဆန်းစစ်ထားပါသည်။ ဤအပိုင်းတွင် ကိုဗစ်-၁၉ အသွားအလာကန့်သတ်ခြင်းနှင့် ခရီးသွားမှု ကန့်သတ်ချက်များကြောင့် ငါးဖမ်းသမားများအပေါ် သက်ရောက်မှုများ၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများ၊ ဝင်ငွေကျဆင်းမှုနှင့် လုပ်ခလစာခိုးယူမှုများနှင့် ကျန်းမာရေးဘေးကင်း လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်အသစ်များကို ပြည့်ပြည့်စုံစုံဖော်ပြထားပါသည်။

### အသွားအလာကန့်သတ်ခြင်းနှင့် နယ်စပ်ပိတ်ခြင်း

၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် နယ်စပ်ပိတ်ခြင်းသည် အာရှနှင့် ပစိဖိတ်ဒေသရှိ စံနှုန်းတစ်ခုဖြစ်ခဲ့သော်လည်း ငါးဖမ်းသမားများအပေါ် သက်ရောက်မှုသည် အဆိုပါမူဝါဒများကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်မှုနှင့် လိုက်နာကျင့်သုံးမှုအပြင် ငါးဖမ်းလုပ်ငန်း၏ ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော် ရွှေ့ပြောင်းလုပ်သားများအပေါ် မှီခိုနေရမှုတို့အရ ကွဲပြားခဲ့ပါသည်။

**ထိုင်းနိုင်ငံ**သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် တရုတ်နိုင်ငံပြင်ပ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း အစီရင်ခံတင်ပြခဲ့သည့် ပထမဆုံးသော အရှေ့တောင်အာရှနိုင်ငံ ဖြစ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ဝန်ကြီးချုပ်က အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များ ဆိုင်းငံ့ထားရန်၊ ကုန်းလမ်းနယ်စပ်ပိတ်ခြင်းနှင့် ရောဂါမကူးစက်ရန် သီးခြားခွဲထုတ်စောင့်ကြည့်ခြင်း (ကွာရန်တင်း) ဆိုင်ရာ သတ်မှတ်ချက်များကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအစောပိုင်းတွင် အစိုးရသည် ည ၁၀ နာရီမှ နံနက် ၄ နာရီအတွင်း နေအိမ်များတွင် နေထိုင်ရန် သတ်မှတ်ပြဋ္ဌာန်းထားသော ညမထွက်ရအမိန့်နှင့် မျက်နှာနှင့် နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းနှင့် လူအချင်းချင်း ခပ်ခွာခွာနေခြင်း သတ်မှတ်ချက်များကိုလည်းပဲ ထုတ်ပြန်ခဲ့ပါသည် (Dechsupa et.al. ၂၀၂၀)။

အဆိုပါမူဝါဒများဆိုင်ရာ ကြေညာချက်ကြောင့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာရွှေ့ပြောင်းလုပ်သားများသည် ထိုင်းနိုင်ငံမှ သူတို့၏ ဇာတိနိုင်ငံများသို့ နေရပ်ပြန်ကြရန် အစုလိုက် အပြုံလိုက်လှုပ်ရှားမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများအဖွဲ့ (IMO) သည် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၂ ရက်မှစ၍ နှစ်ပတ်တာ ကာလအတွင်း ထိုင်းနိုင်ငံမှ ထွက်ခွာသွားသည့် ရွှေ့ပြောင်းလုပ်သား ၁၉၃,၄၁၃ ဦးရှိကြောင်း ခန့်မှန်းခဲ့ပါသည် (IMO ၂၀၂၀ ဃ)။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက် တစ်ရက်တည်းတွင် ခန့်မှန်းခြေအားဖြင့် ရွှေ့ပြောင်းလုပ်သား ၁၅,၀၀၀ ခန့်သည် ထိုင်းနိုင်ငံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပါသည် (IMO ၂၀၂၀ ခ)။

**ကမ္ဘောဒီးယားနိုင်ငံ**သည် နိုင်ငံတကာခရီးသွားလာခွင့် တားမြစ်မိန့် ပြဋ္ဌာန်းထားပေမယ့်လည်း ခန့်မှန်းခြေအားဖြင့် ကမ္ဘောဒီးယားနိုင်ငံသား ရွှေ့ပြောင်းလုပ်သား ၉၀,၀၀၀ ခန့်သည် ၂၀၂၀ ပြည့်နှစ် မတ်လနှောင်းပိုင်းတွင် နှစ်နိုင်ငံ သဘောတူညီချက်အရ ကုန်းလမ်းနယ်စပ်များ မပိတ်မီ ထိုင်းနိုင်ငံမှ နေရပ်ပြန်ခဲ့ကြပါသည် (Blomberg ၂၀၂၀ က)။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ခန့်မှန်းခြေ ၁၅၀,၀၀၀ ခန့်ရှိသော ရွှေ့ပြောင်းလုပ်သားများသည် ထိုင်းနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ နေရပ်ပြန်ခဲ့ကြပြီး (Blomberg ၂၀၂၁) နှစ်နိုင်ငံကြား ကုန်းလမ်းနယ်စပ်ကို ဆက်လက်ပိတ်ထားဆဲဖြစ်ပါသည်( GGRAsia ၂၀၂၁)။

8 နိုင်ငံတကာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများ အဖွဲ့ချုပ် (ITF) နှင့် လူတွေ့မေးမြန်းခြင်း၊ ဧပြီ ၂၀၂၁။
9 အာရှနှင့်ဆက်စပ် စကြီးလမ်းများတွင် ဝင်ရောက်ခွင့်ပြုထားသည့် ရွှေ့ပြောင်းလုပ်သားဈေးကွက် အခွင့်အလမ်း၊ Sabrina Kouba and Nilim Baruah တွင် ကြည့်ပါ (ILO ၂၀၁၉)။

ထိုင်းနိုင်ငံရှိ **မြန်မာ**အလုပ်သမား အများအပြားသည် ကန့်သတ်ချက်များကို မကြာမီရုပ်သိမ်းမည်ဟု မျှော်လင့်ချက်နှင့်အတူ နေရပ်ပြန်ခဲ့ကြပါသည်။ သို့သော်လည်း အကျပ်အတည်း ကြာရှည်လာသည်နှင့်အမျှ ၎င်းတို့၏မူလနေရပ်တွင် လုံလောက်သော အသက်မွေးဝမ်းကြောင်းမရှိခြင်းသည် ၎င်းတို့အား ပြန်သွားရန် တွန်းပို့ခဲ့ပါသည် (ILO ၂၀၂၀ ဃ)။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ နိုင်ငံရေးအပြောင်းအလဲနောက်တွင် လိုက်ပါလာသော တုံ့ပြန်မှုများအကြားမှာ မြန်မာ့စီးပွားရေး ယိုင်လဲသွားခဲ့သောကြောင့် ယခုကဲ့သို့ ဖိအားတိုးလာခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ထိုင်း-မြန်မာနယ်စပ်အား ဆက်လက်ပိတ်ဆို့ထားပြီး စစ်တပ်အင်အားချထားမှု တိုးမြှင့်လာခဲ့သဖြင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒုက္ခသည်များသည် ပွဲစားများကို မတန်တဆဝန်ဆောင်ခပေးခြင်းအားဖြင့် ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်နေရာများမှတစ်ဆင့် ဝင်ရောက်စေရန် တွန်းအားပေးခဲ့သည် (Blomberg ၂၀၂၁)။ ဤရွှေ့ပြောင်းသူများသည် အလုပ်သမားခေါင်းပုံဖြတ်ခြင်းကို ပိုမိုထိခိုက်လွယ်နိုင်ပြီး ၎င်းတို့၏ ပုံမှန်မဟုတ်သည့် အခြေအနေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောဝန်ဆောင်မှုများနှင့် လူမှုရေးကာကွယ်စောင့် ရှောက်မှုများဆိုင်ရာ အခွင့်အလမ်းများကို ရယူနိုင်မှုမှ ကန့်သတ်ခြင်းခံထားရပါသည်။[10]

ထိုင်းနိုင်ငံတွင် ကျန်ရှိနေသော မြန်မာရွှေ့ပြောင်းလုပ်သားများသည် ဝင်ငွေကျဆင်းခြင်းနှင့် နိုင်ငံရေးပြောင်းလဲမှုက ရှိနှင့်ပြီးသော ခက်ခဲသော အခြေအနေကို ပိုဆိုးစေသဖြင့် သူတို့မိသားစုများထံ ငွေလွှဲပို့ရာတွင် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ထိုင်းနိုင်ငံရေးသမားများက ရွှေ့ပြောင်းလုပ်သားများကြောင့် စမွတ်စခွန် (Samut Sakhon) ကဲ့သို့ ထိုင်းနိုင်ငံ၏ ပင်လယ်စာလုပ်ငန်း ဗဟိုချက်မအပါအဝင် အချို့သောဒေသများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရုတ်တရက်မြင့်တက်လာစေသည်ဟု စွပ်စွဲခဲ့သဖြင့် ရွှေ့ပြောင်းလုပ်သားများသည် ဝေဖန်ပြစ်တင်ခံရသည့် ပစ်မှတ်တစ်ခုဖြစ်လာခဲ့ပါသည် (Reuters ၂၀၂၀; AFP ၂၀၂၀)။ ထိုနေရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ရွှေ့ပြောင်းငါးဖမ်းလုပ်သားများနှင့် ပင်လယ်စာထုတ်လုပ်ရေးအလုပ်သမားများကို ရောဂါကူးစက်မှုမရှိအောင် သီးခြားထားသည့် စောင့်ရှောက်မှုအားနည်းသော ဌာနတည်ရှိပါသည်။

မလေးရှားနိုင်ငံတွင် အလုပ်လုပ်နေသော **လာအို**ရွှေ့ပြောင်းငါးဖမ်းလုပ်သားများသည်ကွာလာလမ်ပူရှိလာအိုသံရုံးမှအလုပ်သမားများအား ဈေးကြီးသောစင်းလုံးငှားလေယာဉ်များစီးရန် ညွှန်ကြားခဲ့ပြီးနောက် ထိုင်းနိုင်ငံမှတစ်ဆင့်နေရပ်ပြန်ရန် ကြိုးပမ်းခဲ့ကြပါသည်။ အဆိုပါလမ်းကြောင်းအတိုင်း လိုက်လာခဲ့သော အလုပ်သမားအများအပြားသည် ထိုင်းနိုင်ငံတွင် တရားမဝင်နယ်စပ်ဖြတ်ကျော်မှုဖြင့် အဖမ်းခံခဲ့ကြရပါသည် (RFA ၂၀၂၀)။

### အသွားအလာကန့်သတ်အလုံပိတ် စည်းကျပ်ခြင်း (ပူဖောင်းနှင့် အလုံပိတ်ခြင်း)

ထိုင်းအစိုးရသည် ထိုင်းပင်လယ်စာထုတ်လုပ်ရေးဗဟို အချက်အချာနေရာအဖြစ်နှင့် ထိုင်းနိုင်ငံပင်လယ်ကွေ့ပေါ်ရှိ ရွှေ့ပြောင်းလုပ်သား အများစုနေထိုင်ရာမြို့ဖြစ်သော စမွတ်စခွန်အား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် "အမြင့်ဆုံးနှင့်တင်းကျပ်သော ထိန်းချုပ်မှုနယ်မြေ" အဖြစ် ကြေညာခဲ့ပါသည်။ ကိုဗစ်-၁၉ အသွားအလာကန့်သတ်ခြင်းအစီအမံများကြောင့် သက်ရောက်မှုများကို အစီရင်ခံတင်ပြရာတွင် ထိုင်းအလုပ်သမားအခွင့်အရေးကွန်ယက် ရွှေ့ပြောင်းလုပ်သားလုပ်ငန်းအဖွဲ့ (MWG) သည် ရေထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ၊ ငါးဖမ်းသင်္ဘောများ၊ ပင်လယ်စာရောင်းဝယ်သူများနှင့် စားသောက်ဆိုင်များမှာ အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းလုပ်သားများ၏ လုပ်ငန်းခွင်နှင့် လူနေမှုအခြေအနေများကို စာရင်းပြုစုထားခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စမွတ်စခွန်၌ အစိုးရမှချမှတ်ခဲ့သော "အသွားအလာကန့်သတ်အလုံပိတ်စည်းကျပ်ခြင်း (ပူဖောင်းနှင့် အလုံပိတ်ခြင်း) မူဝါဒ" သည် မြန်မာနိုင်ငံမှ အမျိုးသမီးရွှေ့ပြောင်းအလုပ်သမများ အများဆုံးပါဝင်သော ပင်လယ်စာပြုပြင်ထုတ်လုပ်ရေး အလုပ်သမားများကို အစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ စစ်ဆေးခြင်းအတွက် ပစ်မှတ်ထားခဲ့ပါသည်။ ထုတ်ပြန်ထားသည့်ရလဒ်များမှ အလုပ် သမား ၅၀,၀၀၀ တွင် ၇၈၇၈ ဦးသည် ကိုဗစ်-၁၉ ရောဂါကူးစက်

10 ITF နှင့် လူတွေ့မေးမြန်းခြင်း၊ ဧပြီ ၂၀၂၁။

ခံနေရကြောင်း ထုတ်ဖော်ပြသခဲ့ပါသည် (ဘန်ကောက်ပို့စ် Bangkok Post ၂၀၂၁)။ ထိုင်းအစိုးရသည် စမွတ်စခွန်အား အသွားအလာကန့်သတ်ထားပြီး မှတ်ပုံတင်ထားသော ရွှေ့ပြောင်းလုပ်သား ၂၆၀,၀၀၀ ဦးနှင့် ၁၄၀,၀၀၀ ဦးထက် ပိုကောင်း ပိုနိုင်သည့် အထောက်အထားမဲ့လုပ်သားများကို အသွားအလာကန့်သတ်ထားခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ပါသည်။ ယင်း "အသွားအလာကန့်သတ်အလုံပိတ်စည်းကျပ်ခြင်း (ပူဖောင်းနှင့်အလုံပိတ်ခြင်း)" မူဝါဒတွင် အလုပ်ရှင်များမှ ရွှေ့ပြောင်း လုပ်သားများကို သူတို့နေအိမ်များမှ စက်ရုံများဆီသို့ သယ်ယူပို့ဆောင်ရေး စီစဉ်ပေးရန် လိုအပ်ပြီး အဝေးတွင်နေထိုင် သော လုပ်သားများသည် မိုဘိုင်းဖုန်းခြေရာခံအက်ပလီကေးရှင်း (mobile tracking apps) ကို ဖုန်းတွင်ထည့်သွင်းထား ရန် လိုအပ်ပါသည်။ အလုပ်သမားများကို အိမ်နှင့် စက်ရုံ ၏အကြားသာ သွားလာနိုင်စေရေးအတွက် အစားအစာရောင်းချ သူများကိုလည်း စက်ရုံမြေအတွင်းတွင် ရရှိနိုင်အောင် စီစဉ်ပေးထားရပါသည်။

နေရာထိုင်ခင်းပံ့ပိုးပေးထားသည့် စက်ရုံများသည် "အလုံပိတ်ခြင်း" မူဝါဒကို ကျင့်သုံးရမည်ဖြစ်ပြီး ထိုမူဝါဒတွင် အလုပ်ရှင် မှစီစဉ်ပေးသည့် အဆောင်တွင်နေထိုင်သောအလုပ်သမားများသည် "ပူဖောင်း" မူဝါဒပါ အလုပ်သမားသွားလုပ်ရှားမှု အတွက် အလားတူကန့်သတ်ချက်များအတိုင်း နေထိုင်ရမည်ဖြစ်သော်လည်း သူတို့၏မိသားစုများနှင့် သီးသန့်ခွဲထားမည် ဖြစ်ပါသည်။ ပုစွန်ဖမ်းလုပ်သားများစွာနေထိုင်သည့် Sri Muang ဆရီမောင့်တိုက်ခန်း ပတ်ပတ်လည်တွင် သံဆူးကြိုးများ တပ်ဆင်ထားသည့်အပြင် အစိုးရသည် လှုပ်ရှားသွားလာမှုကန့်သတ်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည် (MWG ၂၀၂၁)။ အလုပ်သမားနှင့် မိသားစုများမှ အစိုးရ၏ မူဝါဒသည် အလုပ်ရှင်မှထောက်ပံ့သည့် စားနပ်ရိက္ခာ မလုံလောက်သည့်နေရာရှိ မိသားစုများအတွက် ဝေမွတ်ခြင်းကိုဖြစ်စေသည်ဟု အစီရင်ခံခဲ့ကြပါသည်။

ငါးဖမ်းသမားများသည်လည်း ရောဂါမကူးစက်ရန် သီးခြားခွဲထုတ်စောင့်ကြည့်ခြင်း (ကွာရန်တင်း) ကို လုပ်ဆောင်ကြရ ပါသည်။ စမွတ်စခွန်ဆိပ်ကမ်းသို့ရောက်ရှိလာသူများသည် ကိုဗစ်-၁၉ ရောဂါမတွေ့ရှိကြောင်း စမ်းသပ်စစ်ဆေးပြီးသည် အထိ သင်္ဘောပေါ်တွင် ဆက်လက်နေထိုင်ရန်လိုအပ်ပြီး သေးငယ်သောသင်္ဘောမှ လိုအပ်သည်များကိုရယူ၍ ခြေချစရာ နေရာလပ်မရှိလောက်အောင် ကျဉ်းမြောင်းသောနေရာများတွင် နေထိုင်ကြရပါသည်။

ပင်လယ်စာထုတ်လုပ်မှု လျှော့ချခြင်းကြောင့် အလုပ်ချိန်များလျော့ကျပြီး ဝင်ငွေကျဆင်းမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ ရွှေ့ ပြောင်းလုပ်သားများမှ ဝင်ငွေသည် တစ်လလျှင် ၃၀၀၀ ဘတ် (အမေရိကန်ဒေါ်လာ ၉၉) ဝန်းကျင်ရရှိပြီး ၂၀၁၉ ခုနှစ်၏ လစဉ်ပျမ်းမျှဝင်ငွေဖြစ်သော ၁၀,၆၄၀ ဘတ် (အမေရိကန်ဒေါ်လာ ၃၃၆) ၏ သုံးပုံတစ်ပုံအောက်သာရရှိကြောင်း တင်ပြ ခဲ့ကြပါသည်။ အလုပ်အကိုင်ဆုံးရှုံးခဲ့ကြသည့် ရွှေ့ပြောင်းလုပ်သားများအတွက် အစိုးရ၏ အလုပ်လက်မဲ့ထောက်ပံ့ကြေး ရရှိရန်သည်လည်း အလုပ်ရှင်များမှ လူမှုဖူလုံရေးအတွက် ရုံးစာလုပ်ငန်းများကို လစ်လျူရှုခဲ့ခြင်းကြောင့် ခက်ခဲစေခဲ့ပြီး အလုပ်သမားအများစုသည် အစိုး၏ အထောက်အပံ့ရရှိရန် အရည်အချင်းမပြည့်မီသဖြင့် ကျန်ရစ်ခဲ့ကြပါသည်။

အာမခံထားသော အလုပ်သမားများသည်လည်း ထောက်ပံ့ကြေးရရှိရန် လူမှုဖူလုံရေးမှတ်ပုံတင်အပြင် အလုပ်ရှင်၏ ထောက်ခံစာကိုလည်းပဲ အစိုးရထံတင်ပြရန် လိုအပ်သောကြောင့် အတားအဆီးများရင်ဆိုင်ခဲ့ရပါသည်။ အလုပ်ရှင်အများ အပြားသည် လိုအပ်သောစာရွက်စာတမ်း သို့မဟုတ် အလုပ်လက်မဲ့ထောက်ပံ့ကြေးအတွက် အချက်အလက်ဖြည့်ပေးခြင်း၌ အကူအညီများမပေးခဲ့ကြသည့်အပြင် ဆန္ဒအလျှောက်နုတ်ထွက်လွှာများတွင် အတင်းအကျပ်ဖိအားပေး လက်မှတ်ထိုး စေခြင်းအားဖြင့် အလုပ်သမားများမှ စာချုပ်သက်တမ်းမစေ့မီ အလုပ်ရပ်ဆိုင်းသဖြင့် အလုပ်ရှင်မှ ပေးရသောဖြတ်စာ လျော်ကြေးငွေရရှိခြင်းကိုလည်း တားဆီးခဲ့ကြကြောင်း MWG မှ အစီရင်ခံတင်ပြခဲ့ပါသည်။

အသွားအလာကန့်သတ်အလုံပိတ်စည်းကျပ်ခြင်း (ပူဖောင်းနှင့် အလုံပိတ်ခြင်း) မူဝါဒသည် အလုပ်သမားများ၊ အထူးသဖြင့် ရွှေ့ပြောင်းလုပ်သားများအပေါ် အပျက်သဘောဆောင်သော သက်ရောက်မှုရှိနေသော်ငြားလည်း ထိုင်းအစိုးရသည် ၂၀၂၁ ခု

နှစ် ဖွန်လမှစ၍ နောက်ထပ် ပြည်နယ်ဆယ်ခုတွင် အလားတူအစီအမံများကို အကောင်အထည်ဖော်ခဲ့ပါသည် (Associated Press ၂၀၂၁)။ ကျန်းမာရေးဝန်ထမ်းများမှလည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် စက်ရုံများရှိရွှေ့ပြောင်းလုပ်သားများသည် ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်မှု ပျက်ကွက်ခဲ့ခြင်းနှင့် ရောဂါဖြစ်ပွားမှုအရေအတွက် မြင့်တက်လာခြင်း၏ အကြောင်းအရင်းခံဖြစ်နေသည့်အတွက် ဝေဖန်ပြစ်တင်ခဲ့ကြပါသည်။ စမွတ်စခွန်ကို ဘောင်အတွင်း ကန့်သတ်ထိန်းချုပ်မှု၏ အောင်မြင်သောစံနမူနာအဖြစ် ညွှန်ပြနိုင်ရေးအတွက် ထိုင်းအစိုးရသည် ယခုအခါ ဆောက်လုပ်ရေးယာယီစခန်းများနှင့် စက်ရုံများကို အလုပ်သမားများ၏ ဝင်ငွေရရှိမှု သို့မဟုတ် သူတို့၏ အလုပ်နေရာမှထွက်ခွာခြင်းကို တားမြစ်စေသည့် အလုပ်သမားနေထိုင်ရာနေရာများကို အဝင်အထွက်ထားမှုကို တောင်းဆိုထားပါသည်။

၁။ ထိုင်းယူနီယံအဖွဲ့သည် ငါးသေတ္တာ ၃၀,၀၀၀ ဗူး၊ ခရက်ကာဘီစကွတ်နှင့် သရေစာသေတ္တာ ၂၆၀၀ နှင့် အေးခဲပင်လယ်ကကတစ် ၆၃၀ ကီလိုဂရမ်တို့အား စမွတ်စခွန်ရှိ သီးခြားခွဲထုတ်စောင့်ကြည့်ခြင်း(ကွာရန်တင်း)ကိုလုပ်ဆောင်နေသော အလုပ်သမားများအတွက် ပေးပို့ခဲ့ကြောင်း အများအပြောအရသိရပါသည်။ (ထိုင်းယူနီယံ ၂၀၂၁ က)

**အင်ဒိုနီးရှားနိုင်ငံ**တွင် နိုင်ငံ၏ လူဦးရေသိပ်သည်းမှုအများဆုံးပြည်နယ်ဖြစ်သည့် အနောက်ဂျာဗားသို့ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ရွှေ့ပြောင်းလုပ်သား တစ်သိန်းကျော် ပြန်လာခဲ့ခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုတို့မှ ရွှေ့ပြောင်းလုပ်သားများကို ကူးစက်ရောဂါပျံ့နှံ့မှု ပိုမိုဖြစ်ပွားခြင်းမှ ကာကွယ်ရန် ပြန်မလာကြဖို့ တိုက်တွန်းခဲ့ပါသည် (Chew ၂၀၂၀)။ အမျိုးသားအဆင့် အင်ဒိုနီးရှားရွှေ့ပြောင်းလုပ်သား ကာကွယ်ရေးဘုတ်အဖွဲ့မှ အစီရင်ခံခဲ့သည်မှာ ခန့်မှန်းခြေအားဖြင့် ပြည်ပရောက် အင်ဒိုနီးရှားရွှေ့ပြောင်းလုပ်သား ၃၃,၅၀၃ ဦးသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် နေရပ်ပြန်ခဲ့ကြပါသည် (IOM ၂၀၂၀ က)။ ပြည်ပမှ ပြန်လာသော အင်ဒိုနီးရှားကမ်းဝေး ရေလုပ်သားများသည် ပြည်တွင်းငါးဖမ်းသင်္ဘောများတွင် ပေးသောလုပ်ခလစာ ပိုမိုနည်းပါးသော်လည်း ပြောင်းလဲလုပ်ကိုင်ခဲ့ကြကြောင်း အများအပြောအရ သိရပါသည်။[11]

**ဖိလစ်ပိုင်နိုင်ငံ**တွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ခရီးသွားလာမှုကန့်သတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းသည် များစွာသော ဖိလစ်ပိုင်နိုင်ငံရပ်ခြားသင်္ဘောသားများနှင့် ယေဘုယျအားဖြင့် ဖိလစ်ပိုင်နိုင်ငံပြင်ပရှိ ကမ်းဝေးငါးဖမ်းသင်္ဘောများပေါ်တွင် သောင်တင်နေသည့် ငါးဖမ်းသမားများကို ချန်ထားခဲ့ပါသည်။ သင်္ဘောသားများနှင့် ငါးဖမ်းသမားများသည် သူတို့ကိုယ်တိုင် လပေါင်းများစွာ ဆိပ်ကမ်းတွင် စောင့်ဆိုင်းနေရခြင်းကို ကြုံတွေ့ခဲ့ကြပါသည်။ တရုတ်က စီမံခန့်ခွဲသည့် ပနားမားအလံလွှင့်ထူထားသော သင်္ဘောပေါ်မှ ဖိလစ်ပိုင်ငါးဖမ်းသမားများ၏ အဖြစ်အပျက်သည် စင်ကာပူဆိပ်ကမ်းသို့ ဝင်ရောက်ခြင်းကို ငြင်းဆိုခဲ့ကြသည် ငါးဖမ်းသမားများ၏ စိတ်ရှုပ်ထွေးမှုနှင့် စိုးရိမ်ကြောင့်ကျမှုများကို မှတ်မှတ်ရရ ဖမ်းစားထားခဲ့ပါသည်။

ထိုအချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသတင်းသည် ကမ္ဘာကိုပတ်၍ ဖြောင်းဆန်နေခဲ့ပါသည်။ သို့သော် မည်သည့်နိုင်ငံမျှ မပိုင်သည့်ရေပိုင်နက်ထဲတွင် သီးခြားရှိနေပြီး ကျန်သည့်ကမ္ဘာကြီးနှင့် အဆက်အသွယ်ပြတ်နေသောကြောင့် သတင်းအချက်အလက်များသည် အကြီးတန်းသင်္ဘောသားများ မျှဝေသည့်အတိုင်း ကန့်သတ်ခံထားရပါသည်။ သင်္ဘောပေါ်ရှိ စီမံခန့်ခွဲသူ တရုတ်လူမျိုးနှင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် (မြန်မာ) သင်္ဘောသားများအကြား ဘာသာစကား အတားအဆီးသည် [ငါးဖမ်းသမား Anthony] Medina ကိုဗစ်-၁၉ ပျံ့နှံ့မှုကိုတားဆီးရန် ရပ်တန့်နေသော ကမ္ဘာတစ်ခုအတွက် အသင့်ပြင်ဆင်မထားနိုင်ခဲ့ပါ (Santos ၂၀၂၀)။

**ကိုရီးယားသမ္မတနိုင်ငံ**တွင် ရွှေ့ပြောင်းလုပ်သားများ၏ ဇာတိနိုင်ငံများ၌ အသွားအလာကန့်သတ်ခြင်းနှင့် ခရီးသွားလာမှုကန့်သတ်ချက်များသည် ၎င်းတို့ကို သင်္ဘောပေါ်တွင် သို့မဟုတ် ဆိပ်ကမ်းတွင် သောင်တင်ကျန်ရစ်စေခဲ့ပါသည်။ အလုပ်သမားအခွင့်အရေး ထောက်ခံအားပေးသူများက ရွှေ့ပြောင်းလုပ်သားအများအပြားသည် စည်းမျဉ်းနှင့်မကိုက်ညီသော ပုဂ္ဂလိကအလုပ်သမားရှာဖွေ

11 သဘာဝပတ်ဝန်းကျင်တရားမျှတမှုဖောင်ဒေးရှင်းနှင့် လူတွေ့မေးမြန်းခြင်း၊ (EJF), ဧပြီ ၂၀၂၁။

ရေးအေဂျင်စီများနှင့် ညှိနှိုင်းထားသောစာချုပ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ လာရောက်ကြခြင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့ကြပြီး ထို့အတွက်ကြောင့် ထိုငါးဖမ်းသမားများသည် ကိုရီးယားသမ္မတနိုင်ငံကို ဝင်ရောက်ရန် သတ်မှတ်ထားသော ဗီဇာမရှိကြပါ။ ယင်းအခြေအနေကြောင့် ကမ္ဘာ့ကပ်ရောဂါစတင်စဉ်ကာလတွင် ၎င်းတို့၏ စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် ငါးဖမ်းသမားအများအပြားသည် ၎င်းတို့၏ နိုင်ငံများသို့ မပြန်နိုင်ကြတော့သလို- ဥပမာအားဖြင့် ဗီယက်နမ်နှင့် အင်ဒိုနီးရှား- ကိုရီးယားသမ္မတနိုင်ငံသို့ ဝင်ရောက်ခြင်းကိုလည်း တားမြစ်ခံခဲ့ရပါသည်။ ယင်းအစား လူဝင်မှုကြီးကြပ်ရေး၏ အဆောက်အအုံများတွင် ထိန်းသိမ်းခံခဲ့ရပါသည်။ ဘူဆန်စင်တာတွင် ထိန်းသိမ်းထားသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် တွေ့ဆုံနိုင်ခဲ့သော သုတေသီများမှ ခြေချစရာပင်နေရာလပ်မရှိသော အခြေအနေတွင် အလုပ်သမား ၄၀ ဦးအထိ ချုပ်နှောင်ထားကြောင်း အစီရင်ခံခဲ့ပါသည်။[12]

ဤလုပ်ငန်းအကျဉ်းအတွက် လူတွေ့မေးမြန်းခဲ့သည့် အလုပ်သမားအခွင့်အရေး အားပေးထောက်ခံသူများနှင့် ဥပဒေဖြင့် စည်းမျဉ်းထိန်းသိမ်းသူများမှ အလုပ်ရှင်များ သို့မဟုတ် လုပ်သားသစ်စုဆောင်းသူများ၏ ရွှေ့ပြောင်းလုပ်သားများကို တတိယနိုင်ငံများမှတစ်ဆင့် ဒီနိုင်ငံရှိ သင်္ဘောများပေါ်တက်နိုင်ရေးအတွက် နယ်စပ်ကန့်သတ်ချက်များကို ရှောင်တိမ်း၍ ပို့ပေးခြင်းဆိုင်ရာ ဥပမာပေးဖြစ်ရပ်များကို အစီရင်ခံခဲ့ပါသည်။ အရှေ့တောင်အာရှမှ ရွှေ့ပြောင်းရေလုပ်သားများကို တရုတ်သင်္ဘောပေါ်တက်နိုင်ရေးအတွက် တောင်အာဖရိကသို့လေယာဉ်ဖြင့် ပို့ဆောင်ခဲ့ကြောင်း အများအပြောအရ သတင်းများ ထွက်ပေါ်ခဲ့သော်လည်း အသွားအလာကန့်သတ်ခြင်းကာလအတွင်း သင်္ဘောများဆီသို့ တတိယနိုင်ငံလမ်းကြောင်းများမှ ခေါ်ယူခဲ့သည့် ငါးဖမ်းသမားအရေအတွက်အား မသိရပါ။[13]

**ထိုင်ဝမ် (တရုတ်)** တွင် အလုပ်လုပ်နေသော ရွှေ့ပြောင်းရေလုပ်သားများအတွက် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ် နိုင်ငံများ၏ နယ်စပ်ပိတ်ခြင်းတို့သည် အခက်အခဲအသစ်များကို ဖြစ်ပေါ်လာစေခဲ့သည်။ ကမ်းဝေးငါးဖမ်းလုပ်ငန်းမှ အလုပ်သမားများသည် ၎င်းတို့၏ မိသားစုများကို မတွေ့ဆုံရဘဲ စာချုပ်သက်တမ်းများ ကျော်လွန်ကာ ပင်လယ်အတွင်း ကြာမြင့်စွာနေခဲ့ကြရပါသည် (Marschke et.al ၂၀၂၀)။

ငါးဖမ်းဆိပ်ကမ်းများကို ဖွင့်ထားစေကာမူ အခြားသောနိုင်ငံများမှ သင်္ဘောဖြင့် လာရောက်ခဲ့သော ရွှေ့ပြောင်းလုပ်သားများသည် ရောဂါမကူးစက်ရန် သီးခြားခွဲထုတ်နေထိုင်စေခြင်း (ကွာရန်တင်း) ကို ၁၄ ရက်ကြာ သင်္ဘောပေါ်တွင်ဖြစ်စေ ဟိုတယ်များတွင်ဖြစ်စေ မဖြစ်မနေဆောင်ရွက်ကြရပြီး အဆိုပါကိစ္စသည် လစာနှစ်ပတ်စာ နစ်နာစေသည်ဟု ဆိုလိုပါသည် (Marschke et.al ၂၀၂၀)။

အဆိုပါ ရောဂါမကူးစက်ရန် သီးခြားခွဲထုတ်နေထိုင်စေခြင်း (ကွာရန်တင်း) ကာလများအတွင်း ငါးဖမ်းသမားများသည် သင်္ဘောပေါ်ရှိ သေးငယ်ပြီး၊ မွေ့ရာနှင့် အိပ်ရာခင်းမရှိသည့် သက်တောင့်သက်သာမရှိသော အခန်းများတွင် ဆက်လက်နေကြရပြီး အချို့မှာ အစာနှင့်ရေပံ့ပိုးမှု လုံလောက်မှုမရှိကြောင်း သတင်းပို့လာခဲ့ပါသည် (Carvalho ၂၀၂၀)။

ထိုင်ဝမ် (တရုတ်) ကုမ္ပဏီများမှ အများအားဖြင့် အဆင်ပြေစေမည့် အလံများကို အသုံးပြုခြင်းသည် ဆိပ်ကမ်းဝင်ခွင့် ကန့်သတ်ချက်များ တိုးမြင့်လာမှုအကြားတွင် ရွှေ့ပြောင်းလုပ်သားများ၏ တရားဝင်မှုအခြေအနေကို ရှုပ်ထွေးစေခဲ့ပါသည်။ ထိုလုပ်သားများသည် ထိုင်ဝမ် (တရုတ်) သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြပြီး ထိုင်ဝမ်သင်္ဘောပိုင်ရှင်များမှ အလုပ်ခန့်ထားပေးခဲ့ကြသော်လည်း ၎င်းတို့သည် အခြားနိုင်ငံများ၏ အလံလွှင့်ထူထားသော သင်္ဘောများတွင် အလုပ်လုပ်ခဲ့ကြသည်ဟု ဖြစ်နေခဲ့ပါသည်။ ရလဒ်အနေဖြင့် ထိုင်ဝမ် ရှိ ဆိပ်ကမ်းများကို ပြန်လည်ဝင်ရောက်လာသောအချိန်တွင် ရွှေ့ပြောင်းငါးဖမ်းလုပ်သားများသည် စည်းမျဉ်းသတ်မှတ်ချက်အရ နိုင်ငံခြားသင်္ဘောပေါ်တွင်ရှိနေခြင်းကြောင့် မရှင်းလင်းသော လူဝင်မှုကြီးကြပ်ရေးလမ်းကြောင်းများကို ရင်ဆိုင်ခဲ့ရပါသည်။ ၂၀၂၀ ပြည့်နှစ်အစောပိုင်းတွင် ရွှေ့ပြောင်းလုပ်သား ၁၄၀ ကျော်သည် ဝင်ခွင့်ပါမစ်မရှိခြင်းကြောင့် ကောင်းရှုံ (Kaohsiung) မြို့၏ ချီကျင်း (cijin) ဆိပ်ကမ်းတွင် သောင်တင်ခဲ့ကြပါသည်။ သင်္ဘောပေါ်တွင် တစ်လနီးပါးကပ်နေခဲ့ပြီးနောက် ၎င်းတို့အား "တရားမဝင် ဝင်ရောက်လာသူများ" အဖြစ်အမျိုးအစားသတ်မှတ်ပြီး ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။ ဖိလစ်ပိုင်ငါးဖမ်းသမားနှစ်ဦးသည် နေရပ်ပြန်ရန် သူတို့သင်္ဘောမှ ထွက်ခွာခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်၊ မေလတွင် "တရားမဝင် ဝင်ရောက်မှု" အတွက် ဖမ်းဆီးခံခဲ့ရပြီး လေဆိပ်တွင် ရက် ၂၀ ကြာအောင် ထိန်းသိမ်းခံခဲ့ရပါသည် (Chia-nan ၂၀၂၀)။ အမျိုးသားအဆင့် လူဝင်မှုကြီးကြပ်ရေးအေဂျင်စီမှ ၎င်းတို့ကို တရားမဝင်ဝင်ရောက်လာသူများအဖြစ် သတ်မှတ်ပြီး ပြည်နှင်ဒဏ်ကျခံစေခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် အခြားဖိလစ်ပိုင်ငါးဖမ်းသမားတစ်ဦးသည် ကောင်းရှုံဆိပ်ကမ်းရှိ သူ၏သင်္ဘောပေါ်ရှိ အခန်း

12 APIL နှင့် လူတွေ့မေးမြန်းခြင်း၊ ဧပြီ ၂၀၂၁။
13 APIL နှင့် တောင်အာဖရိကရေကြောင်းသွားလာမှုဘေးကင်းလုံခြုံရေးအာဏာပိုင်အဖွဲ့ (SAMSA), ဧပြီ ၂၀၂၁။

တစ်ခန်းတွင် သော့ခတ်ခံထားရကြောင်း သတင်းပို့ခဲ့ပြီးနောက် အလုပ်အကိုင်ပွဲစားများမှတစ်ဆင့် အာဏာပိုင်များဆီသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည် (HWRG ၂၀၂၀)။

## အလုပ်သမားအခွင့်အရေး အကာအကွယ်ပေးမှုကင်းမဲ့ခြင်းသည် ကိုဗစ်-၁၉ ၏ သက်ရောက်မှုကို ပိုမိုဆိုးရွားစေခြင်း

အာရှတိုက်ရှိ စီးပွားဖြစ် ငါးဖမ်းသူများအကြား ပေါင်းစည်းမှုအနေအထား အလွန်နိမ့်ကျလျှက်ရှိပါသည်။ ရွှေ့ပြောင်းငါးဖမ်းသမားများကို နိုင်ငံအများစုတွင် အဖွဲ့အစည်းဖွဲ့စည်းခြင်းကို အမည်ခံခွင့်ပြုထားခဲ့သော်လည်း ၎င်းတို့၏ အလုပ်သမားအဖွဲ့အစည်းများတွင် ပါဝင်နိုင်စွမ်းကို တရားဝင်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ လက်တွေ့အားဖြင့် အုပ်ချုပ်ဆောင်ရွက်နေသော (ဒီဖက်တို) ဥပဒေအရ တားမြစ်ချက်များ၊ သမဂ္ဂများ၏ လုပ်ကိုင်နိုင်စွမ်းနှင့် ပထဝီအနေအထားအရ လက်လှမ်းမီမှုကန့်သတ်ချက်များ၊ ရွှေ့ပြောင်းလုပ်သား ဆန့်ကျင်ရေးသဘောထားများ၊ အလုပ်ရှင်များ၏ ဖိနှိပ်မှုနှင့် တရားဥပဒေအရ အခြေအနေ ထိန်းချုပ်နိုင်မှု အားနည်းခြင်းတို့ပါဝင်သော သိသာထင်ရှားပြီး လက်တွေ့ကျသော ကန့်သတ်ချက်များကို ရင်ဆိုင်ကြရပါသည်။

**အင်ဒိုနီးရှားနိုင်ငံ**တွင် ဥပမာအားဖြင့် ကျယ်ပြန့်သောကမ်းရိုးတန်းလုပ်ငန်းရှိ ငါးဖမ်းလုပ်သားများကို အင်ဒိုနီးရှားသင်္ဘောသားသမဂ္ဂ Kesatuan Pelaut Indonesia ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လူနည်းစုဖြင့် ဖွဲ့စည်းထားပြီး သုံးဦးသုံးဖလှယ်ပါသော မူဝါဒဆွေးနွေးပွဲများတွင် ပါဝင်သော်လည်း အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂတို့ ဆွေးနွေးညှိနှိုင်းမှု သဘောတူညီချက်များ မရရှိကြပါ။

**ကိုရီးယားသမ္မတနိုင်ငံ**၌ APIL နှင့် သဘာဝပတ်ဝန်းကျင် တရားမျှတမှုဖောင်ဒေးရှင်း (EJF) တို့မှ ၂၀၂၀ ပြည့်နှစ် ဖွန်လတွင် ပြုလုပ်သော စုံစမ်းစစ်ဆေးမှုတစ်ခုတွင် ကိုရီးယားသမ္မတနိုင်ငံ၏ ကမ်းဝေးငါးဖမ်းသင်္ဘောပေါ်ရှိ ရွှေ့ပြောင်းငါးဖမ်းသမားများသည် ကမ္ဘာ့ကပ်ရောဂါမတိုင်မီနှင့် ဖြစ်ပွားစဉ်ကာလ နှစ်ရပ်စလုံးတွင် "အကြမ်းဖက် တိုက်ခိုက်မှုများနှင့် ဥပဒေမဲ့လုပ်ရပ်များ" ခံစားခဲ့ရကြောင်းတွေ့ရှိရပါသည်။ သင်္ဘောအစီး ၄၀ ကို စုံစမ်းစစ်ဆေးမှုအပေါ် အခြေခံ၍ APIL နှင့် EJF တို့မှ စစ်တမ်းကောက်ယူခဲ့သည့် ရွှေ့ပြောင်းလုပ်သားများ၏ ၂၅ ရာခိုင်နှုန်းကျော်သည် ကိုယ်ထိလက်ရောက်စော်ကားမှုများ ကြုံတွေ့ခဲ့ကြပြီး ၆၃ ရာခိုင်နှုန်းသည် နှုတ်အားဖြင့် စော်ကားခံရကြောင်း တင်ပြချက်အရ တွေ့ရှိရပါသည်။ ၅၀ ရာခိုင်နှုန်းထက်ကျော်သော ငါးဖမ်းသမားများသည် တစ်နေ့လျှင် ၁၈ နာရီထက်ပို၍ အလုပ်လုပ်ရကြောင်း အစီရင်ခံခဲ့ကြပါသည်။ အလုပ်သမားများသည် ၎င်းတို့ကို ဤရုန့်ရင်းကြမ်းတမ်းသော ပတ်ဝန်းကျင်များမှ လွတ်မြောက်ခြင်းကို အဟန့်အတားဖြစ်စေရန် ၎င်းတို့၏ ပတ်စ်ပို့များကို ထိန်းချုပ်ထားခြင်းနှင့် လစာထဲမှဖြတ်တောက်ထားခြင်းတို့ကို ကြုံတွေ့ခဲ့ရပါသည် (Chase ၂၀၂၁)။

၂၀၂၀ ပြည့်နှစ်၊ ဖွန်လတွင် ကိုရီးယားသမ္မတနိုင်ငံ အစိုးရသည် ရွှေ့ပြောင်းလုပ်သားများ ကြုံတွေ့ခံစားရသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တောင်းပန်ချက်နှင့် ကိုင်တွယ်ဖြေရှင်းမည့် စီမံချက်ပုံကြမ်းကို ထုတ်ပြန်ခဲ့ပါသည်။ အဏ္ဏဝါနှင့် ရေလုပ်ငန်းဝန်ကြီးဌာန (MOF) က ရွှေ့ပြောင်းလုပ်သားများ၏ မူရင်းနိုင်ငံများနှင့် နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာများကို အကောင်အထည်ဖော်မည့် အစီအစဉ်များ၊ လူသိထင်ရှားရွှေ့ပြောင်းလုပ်သား လူသစ်စုဆောင်းခြင်းစနစ် တည်ထောင်ခြင်းနှင့် ရွှေ့ပြောင်းငါးဖမ်းသမားများ၏ အခြေအနေစစ်ဆေးမှု အရေအတွက်ကို တစ်နှစ်လျှင် တစ်ကြိမ်မှ နှစ်ကြိမ်သို့ တိုးမြှင့်ခြင်းတို့ပါဝင်သော အစီအမံများကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ MOF သည် အလေးချိန်တန် ၂၀ သို့မဟုတ် တန် ၂၀ အထက်ရှိသော ငါးဖမ်းသင်္ဘောများအတွက် ယာယီနေရာထိုင်ခင်း စံချိန်စံညွှန်းများ ချမှတ်ကျင့်သုံးသွားရန်ကိုလည်း ကတိပြုခဲ့ပါသည် (Jin ၂၀၂၀)။

**ထိုင်းနိုင်ငံ**တွင် အဓိကအပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းများကိုချိုးဖောက်ပြီး ရွှေ့ပြောင်းအလုပ်သမားများ၏ သမဂ္ဂဖွဲ့စည်းခွင့် သို့မဟုတ် ဦးဆောင်ခွင့်ကို ပိတ်ပင်ခြင်းခံရပါသည်။ ဤကန့်သတ်ချုပ်ချယ်မှုများ ရှိသော်ငြားလည်း ကမ္ဘောဒီးယားနှင့် မြန်မာရေလုပ်သားများသည် အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများအဖွဲ့ချုပ် (ITF) ၏ ပံ့ပိုးမှုဖြင့် ထိုင်းဆိပ်ကမ်းတော်တော်များများတွင် ငါးဖမ်းသမားများ အခွင့်အရေးကွန်ရက် (FRN) ကို တည်ဆောက်လျှက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် FRN သည် သင်္ဘောပိုင်ရှင်များနှင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး သဘောတူညီချက်များ ညှိနှိုင်းဆွေးနွေးရန် စီစဉ်နိုင်ခဲ့ပြီး ထိုသဘောတူညီချက်များတွင် ဆေးဝါးနှင့် အခြေခံရှေးဦးသူနာပြုစုနည်းပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ သင်္ဘောသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး လေ့ကျင့်ပေးမှု၊ တစ်ကိုယ်ရည်သုံးပစ္စည်းများ အသုံးပြုနိုင်ခွင့်၊ နာမကျန်းခွင့်ပေးရန်နှင့် သင်္ဘောမှ ကမ်းခြေပြန်ရောက်သည့်အခါ အပြင်းအထန်ဒဏ်ရာရသော သို့မဟုတ် နာမကျန်းဖြစ်နေသော ငါးဖမ်းသမားများကို

ချက်ချင်း ဆေးကုသပေးရန် လိုအပ်ချက်တို့သည် ပြဋ္ဌာန်းချက်များ အဖြစ် ပါဝင်ပါသည်။ ထိုအလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ကြား သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်အများစုသည် မှတ်တမ်းမှတ်ရာ အဖြစ် တည်ရှိဆဲဖြစ်သော်လည်း အများအားဖြင့် ထိုင်းနိုင်ငံ ဥပဒေ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသော လိုအပ်ချက်များမဟုတ်ကြပါ။ မည်သို့ပင်ဆိုစေကာမူ ဤသဘောတူညီချက်များသည် အင်္ဂါနှစ်ရပ်ဖြင့် ထင်ရှားပါသည်- (၁) ယင်းတို့အား ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းရေလုပ်သားများအနေဖြင့် လက်လှမ်းမီခဲ့သည့် ပထမဦးဆုံးအလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ ဆွေးနွေးညှိနှိုင်းခြင်း သဘောတူညီချက်များအဖြစ် အမှတ်သညာပြုပါသည်။ (၂) ယင်းတွင် အလုပ်ရှင်များနှင့် ငါးဖမ်းသမားများတို့သည် သဘောတူညီချက်အရ အငြင်းပွားမှုများကို ရက်ပေါင်း ၃၀ အတွင်း ဖြေရှင်းအဆုံးသတ်ရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။[14]

## သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ရေး – ငါးဖမ်းလုပ်ငန်း ကွာဟချက်

စီးပွားဖြစ်ငါးဖမ်းကြသော ငါးဖမ်းသမားများသကဲ့သို့ပင် ကမ္ဘာ့ပင်လယ်ကူးကုန်စည်တင်သင်္ဘောများဖြင့် ကုန်စည်များပို့ဆောင်ပေးသော သင်္ဘောသားများသည် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးသက်ရောက်မှုများကို ထိခိုက်လွယ်ကြပါသည်။ ခန့်မှန်းခြေအားဖြင့် ကမ္ဘာတစ်ဝှမ်းရှိ ပင်လယ်ကူးသင်္ဘောသား (၄၀၀,၀၀၀) သည် ၎င်းတို့၏ သင်္ဘောများပေါ်တွင် လပေါင်းများစွာကြာအောင် တစ်ချိန်တည်းမှာပင် သောင်တင်နေခဲ့ကြပြီး သင်္ဘောသားတော်တော်များများသည် ၎င်းတို့၏ အလုပ်ကန်ထရိုက်စာချုပ်များ သက်တမ်းကုန်ဆုံးချိန် တော်တော်ကျော်လွန်သည်အထိ သင်္ဘောပေါ်တွင် ရှိနေခဲ့ရပါသည်။ အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများအဖွဲ့ချုပ် (ITF) မှ သင်္ဘောသား ၉၂၆ ဦးကို ကောက်ယူထားသော စစ်တမ်းအရ (၅၉) ရာခိုင်နှုန်းသော သင်္ဘောသားများသည် သင်္ဘောသားလဲလှယ်မှုကို စီစဉ်နိုင်ခြင်းမရှိသောကြောင့် ၎င်းတို့၏ အလုပ်ကန်ထရိုက်စာချုပ်များကို သက်တမ်းတိုးခဲ့ကြရသည်ဆိုသည်ကို တွေ့ရှိရပါသည်။ အဆိုပါစစ်တမ်းတွင် (၂၆) ရာခိုင်နှုန်းသော သင်္ဘောသားများသည် နိုင်ငံတကာသဘောတူစာချုပ်အရ အမြင့်ဆုံးခွင့်ပြုကာလ (၁၁) လ ထက်ပိုကြာမြင့်စွာ သူတို့၏ သင်္ဘောပေါ်တွင်ရှိနေခဲ့ကြပြီး အချို့မှာ ၁၈ လလောက်ကြာအောင် သင်္ဘောပေါ်တွင်ရှိနေကြပါသည်(McDonald ၂၀၂၁)။

ငါးဖမ်းသမားများကဲ့သို့ပင် သင်္ဘောသားအများစုသည် နိုင်ငံခြားအလံတင်ထားသော သင်္ဘောများပေါ်တွင် အလုပ်လုပ်ရန်အတွက် ဇာတိဖြစ်သော ဖိလစ်ပိုင်၊ အိန္ဒိယ၊ ရုရှားပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့မှ ရွှေ့ပြောင်းလုပ်ကိုင်သူများ ဖြစ်ပါသည်။ လေယာဉ်ပျံသန်းမှုများကို တားမြစ်မိန့်သည် သင်္ဘောမှဆင်းနိုင်သည့် သင်္ဘောသားများကို သင်္ဘောဆိုက်ကပ်ရာ ဆိပ်ကမ်းနိုင်ငံများတွင် မကြာခဏဆိုသလို သောင်တင်စေပါသည် (Northam ၂၀၂၁)။

သင်္ဘောသားများတွင် ၎င်းတို့၏ သမဂ္ဂဖြစ်သော အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများ အဖွဲ့ချုပ် (ITF) မှတဆင့် ကမ္ဘာလုံးဆိုင်ရာသမဂ္ဂနှင့် အလုပ်ရှင်တို့ ဆွေးနွေးညှိနှိုင်းမှု သဘောတူစာချုပ်တစ်ခု ရှိပါသည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှု အစောပိုင်းလများတွင် ဒိန်းမတ်သင်္ဘောကုမ္ပဏီ Maersk နှင့် ညှိနှိုင်းဆွေးနွေးမှုမှ Maersk သင်္ဘောများအားလုံးပေါ်ပါရှိသော သင်္ဘောသားများအတွက် အနိမ့်ဆုံးအလုပ်သမားစံချိန်စံညွှန်းများချမှတ်ခြင်းကို ရလဒ်အဖြစ်ရရှိခဲ့ကြောင်း ITF ကိုယ်စားလှယ်များက မှတ်ချက်ပြုခဲ့ပါသည်။ အဆိုပါ သဘောစာချုပ်တွင် ရောဂါမကူးစက်ရန် သီးခြားခွဲထုတ်နေထိုင်စေသည့် (ကွာရန်တင်း) ကာလအတွင်း သင်္ဘောသားများအတွက် ဟိုတယ်နေရာထိုင်ခင်းအပြင် လေယာဉ်နှင့် သင်္ဘောကူးပြောင်းမှုများလည်း ပါဝင်ခဲ့ပါသည် (Coyne ၂၀၂၁)။ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနှင့် ဗီယက်နမ်တို့ ပါဝင်သော အဖွဲ့ဝင်နိုင်ငံပေါင်း ၉၇ နိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် ILO ၏ ပင်လယ်ရေကြောင်း အလုပ်သမားဆိုင်ရာ သဘောတူညီချက် ၂၀၀၆၊ ပြင်ဆင်ထားသည့်အတိုင်း (MLC ၊ ၂၀၀၆) ဖြင့် သင်္ဘောသားများအတွက် အနိမ့်ဆုံးအလုပ်သမား စံချိန်စံညွှန်းများကိုလည်း အခြေခံအုတ်မြစ်အဖြစ် ပံ့ပိုးပေးခဲ့ပါသည်။

14 ITF နှင့် လူတွေ့မေးမြန်းခြင်း၊ ဧပြီ ၂၀၂၁။

ကမ္ဘာလုံးဆိုင်ရာ ငါးဖမ်းအလုပ်သမားအင်အားသည် သင်္ဘောဖြင့်ကုန်စည်ပို့ဆောင်ရေး အလုပ်သမားအင်အားထက် အကြမ်းအားဖြင့် အဆ ၂၀ ခန့် ပိုကြီးနေသော်လည်း[၁] ငါးဖမ်းသမားများသည် သင်္ဘောပိုင်ရှင်များ၊ ဝယ်ယူသူများနှင့် လက်လီရောင်းချသူများဖြင့် ချုပ်ဆိုထားသော ကမ္ဘာလုံးဆိုင်ရာ သဘောတူစာချုပ်နှင့် အကျုံးဝင်မနေပါ။ ဤကွာဟချက်သည် အဖွဲ့အစည်း၏ အဆင့်အတန်းမြင့်မားမှုနှင့် သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ခြင်းလုပ်ငန်းနှင့် အလုပ်သမားအဖွဲ့အစည်းများ၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် ဆက်စပ်ပတ်သက်နိုင်ပြီး အပြည်ပြည်ဆိုင်ရာသင်္ဘောကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း (ICS) နှင့် အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး အလုပ်သမားများအဖွဲ့ချုပ် (ITF) တို့မှတစ်ဆင့် အလုပ်သမားအုပ်ချုပ်မှုအတွက် အထောက်အကူပြုကိရိယာအစုံအလင်ကို စီစဉ်ထုတ်လုပ်ထားခြင်းအပြင် ထိရောက်သော လူမှုရေးဆွေးနွေးမှုများကို ထိန်းသိမ်းပံ့ပိုးထားပါသည်။ ကမ္ဘာ့လုံးဆိုင်ရာစီးပွားဖြစ် ငါးဖမ်းလုပ်ငန်းတွင် အပြည်ပြည်ဆိုင်ရာသင်္ဘောကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (ICS) နှင့် အလားတူသော အပြည်ပြည်ဆိုင်ရာငါးဖမ်းသင်္ဘောပိုင်ရှင်များအဖွဲ့အစည်းတစ်ခုကို ဖွဲ့စည်းနိုင်ခြင်း မရှိပါ။

အထက်ဖော်ပြပါအတိုင်း ပင်လယ်ရေကြောင်းအလုပ်သမားဆိုင်ရာ သဘောတူညီချက် ၂၀၀၆ (MLC 2006) ကို အဖွဲ့ဝင်နိုင်ငံပေါင်း ၉၇ နိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း အလားတူဖြစ်သော ငါးဖမ်းလုပ်ငန်းအတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းများ – ငါးဖမ်းလုပ်ငန်းမှ အလုပ်အကိုင်များဆိုင်ရာ သဘောတူညီချက်၊ ၂၀၀၇ (အမှတ် ၁၈၈) မှာ ယနေ့အထိ အတည်ပြုလက်မှတ်ရေးထိုးသည့်နိုင်ငံ ၁၉ နိုင်ငံသာ ရှိပါသည်။ ဤအစီရင်ခံစာမှာ ဆန်းစစ်ထားသော နိုင်ငံများထဲတွင် ထိုင်းနိုင်ငံသည် ၎င်း၏ ငါးဖမ်းလုပ်ငန်းတွင် အလုပ်သမားနှိပ်စက်ညှင်းပန်းမှုများကို တိုက်ဖျက်ရန် ဥရောပသမဂ္ဂနှင့် ILO တို့ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်သော စည်းရုံးလှုံ့ဆော်မှုတစ်ခုကို လိုက်နာသောအားဖြင့် ၂၀၁၉ ခုနှစ်တွင် ထိုသဘောတူညီချက်ကို အတည်ပြုလက်မှတ်ထိုးဖို့ရန် လိုက်လျောပေးသည့် တစ်ခုတည်းသောနိုင်ငံဖြစ်ပါသည်။

အဆိုပါကွာဟမှုသည် ILO သဘောတူညီချက်များ၊ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုအထောက်အကူပြုကိရိယာများနှင့် အပေးအယူညှိနှိုင်းမှုများထက်ကျော်လွန်၍ မူဝါဒအပြန်အလှန်ဆွေးနွေးမှုများ၊ အစိုးရနှင့်ပုဂ္ဂလိကဆိုင်ရာစည်းမျဉ်းများ၊ မီဒီယာအာရုံစူးစိုက်မှုနှင့် သုတေသနလုပ်ငန်းများကို လွှမ်းခြုံပါဝင်ပတ်သက်စေပါသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ဤကွာဟချက်သည် မူဝါဒချမှတ်သူများနှင့် ပင်လယ်ရေကြောင်းကုန်စည်ပို့ဆောင်ရေးအတွက် ဘက်ပေါင်းစုံပါဝင်သော အေဂျင်စီများ၏ ပိုမိုအာရုံစိုက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို အကျိုးသက်ရောက်စေပါသည်။ ငါးဖမ်းလုပ်ငန်းမှ အလုပ်အကိုင်ပြဿနာများသည် အမြင်အားဖြင့် ကုန်စည်သင်္ဘော၏ ရေယက်လမ်းကြောင်းတစ်လျှောက် ကြိုးဖြင့်ဆွဲခံထားသလို ရှိနေပါသည်။

ILO နှင့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းသွားလာရေးအဖွဲ့တို့မှ အကြံညာဏ်များနှင့်အတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ "ကုန်စည်တင်သင်္ဘောများနှင့် ငါးဖမ်းရေယာဉ်များပေါ်တွင် ကိုဗစ်-၁၉ တုံ့ပြန်မှု ပြည်သူ့ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုမြှင့်တင်ခြင်း" လမ်းညွှန်စာတမ်းတွင် ငါးဖမ်းရေယာဉ်များသာမက သင်္ဘောဖြင့်ကုန်စည်ပို့ဆောင်ရေးအတွက် လမ်းညွှန်ချက်များပါဝင်ပါသည် (WHO ၂၀၂၀)။ ဥပမာအားဖြင့် ၂၀၂၀၊ ကုလသမဂ္ဂစာတမ်းဖြစ်သော ပင်လယ်ရေကြောင်းလူ့အခွင့်အရေးအန္တရာယ်များနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ သင်္ဘောသားလဲလှယ်မှုအကျပ်အတည်းတွင် ငါးဖမ်းလုပ်ငန်းကို ရည်ညွှန်းခြင်းမရှိသကဲ့သို့ ငါးဖမ်းလုပ်ငန်းသည်တခါတရံ ကြပ်မတ်ထိန်းသိမ်းရမည့်ကဏ္ဍမှ လုံးဝဖြုတ်တောက်ထားခြင်းခံရပါသည် (United Nations Global Compact et al. ၂၀၂၁)။

၁။ အပြည်ပြည်ဆိုင်ရာ သင်္ဘောကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ ၂၀၂၁ခုနှစ်၌ ကမ္ဘာလုံးဆိုင်ရာ လုပ်သားအင်အားတွင် သင်္ဘောသားဦးရေမှာ ၁.၈၉ သန်းရှိခဲ့ကြောင်းခန့်မှန်းထားပါသည်။ FAO မှ (၂၀၂၀) ပြည့်နှစ်တွင် ကမ္ဘာအနှံ့ငါးဖမ်းလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်နေသူဦးရေ ၃၉ သန်းရှိခဲ့ကြောင်း ခန့်မှန်းထားပါသည်။

## ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ဝင်ငွေကျဆင်းမှုနှင့် လုပ်ခလစာခိုးယူမှုများ

ငါးဖမ်းလုပ်ငန်းသက်ဝင်လှုပ်ရှားမှု ကျဆင်းခြင်းကြောင့် ဖြစ်စေသော ဝင်ငွေကျဆင်းခြင်းနှင့် အလုပ်အကိုင်ဆုံးရှုံးမှုများသည် ၂၀၂၀ ပြည့်နှစ်တွင် ငါးဖမ်းရေလုပ်သားများအတွက် အလွန်အရေးကြီး ပြဿနာများထဲမှ တစ်ခုဖြစ်ခဲ့ပါသည်။ လုပ်ခလစာတိုးတက်မှုကို မှတ်တမ်းတင်ထားရှိသည့်နေရာ- ထိုင်းနိုင်ငံမှ အလုပ်သမားသမဂ္ဂ ကိုယ်စားလှယ်တစ်ဦးမှ အချို့သော သင်္ဘောပိုင်ရှင်များသည် ငါးဖမ်းသမားများကို ငါးဖမ်းဆီးရရှိမှု၏ ရာခိုင်နှုန်းပိုမိုများပြားစွာပေးခဲ့ကြပါသည်- ၎င်းတို့သည် လုံလောက်သောအမှုထမ်းမရှိသဖြင့် သင်္ဘောများပေါ်တွင် အလုပ်တာဝန်တိုးလာခြင်းကြောင့်သာ ဖြစ်သည်ဟု မှတ်ချက်ပေးခဲ့ပါသည်။[15]

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ထိုင်းနိုင်ငံ၌ IOM မှ ကောက်ယူထားသော ရွှေ့ပြောင်းလုပ်သား အားပေးထောက်ခံသူများ၏ စစ်တမ်းတွင် ဝင်ငွေကျဆင်းခြင်းနှင့် အလုပ်အကိုင်ဆုံးရှုံးမှုကို အဓိက စိတ်ပူပန်စရာအကြောင်းအဖြစ် အဆင့်အတန်းသတ်မှတ်ထားပါသည်။ သို့သော် ငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်ဒေတာကို မရရှိနိုင်ပါ။ ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်ခံရသည့် အရှေ့တောင်အာရှရှိ အခြားလုပ်ခလစာနည်းသော လုပ်ငန်းများတွင် လုပ်ကိုင်သော အလုပ်သမားများသည် သိသိသာသာ ဝင်ငွေကျဆင်းခြင်းများ၊ အလုပ်အကိုင်ဆုံးရှုံးမှုနှင့် အခြားကိစ္စရပ်များတွင် ငတ်မွတ်ခြင်း သို့မဟုတ် အစာရေစာမလုံလောက်မှု စသည်တို့ကို အစီရင်ခံတင်ပြခဲ့ကြပါသည်။[16]

ရွှေ့ပြောင်းငါးဖမ်းလုပ်သားများအတွက် လုပ်ခလစာနှင့် ဝင်ငွေကျဆင်းခြင်းကြောင့် မူရင်းနိုင်ငံများတွင် နေထိုင်ကြသော ၎င်းတို့၏ မိသားစုများအပေါ် ဆင့်ပွားသက်ရောက်မှုများ ရှိခဲ့ပါသည်။ ငါးဖမ်းလုပ်သားများအပါအဝင် ရွှေ့ပြောင်းအလုပ်သမားများ၏ ငွေလွှဲပေးပို့မှုများကို ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ပြည်တွင်းအသားတင်ထုတ်ကုန် (ဂျီဒီပီ) ၏ ရာခိုင်နှုန်းတစ်ခုအနေဖြင့် နှိုင်းယှဉ်ကြည့်ရာ ကမ္ဘာ့ဘဏ်၏အစီရင်ခံချက်အရ ကမ္ဘာတစ်ဝှမ်းတွင် ငွေလွှဲပေးပို့မှုသည် ၁.၆ ရာခိုင်နှုန်းလျော့နည်းခဲ့ကြောင်း ညွှန်ပြပါသည်။ ဤစာတမ်းပါ ရွှေ့ပြောင်းငါးဖမ်းလုပ်သားများအတွက် မူရင်းနိုင်ငံများအကြားတွင် မြန်မာနိုင်ငံသို့ငွေလွှဲပေးပို့မှုများမှာ ဂျီဒီပီ၏ ၄.၃ ရာခိုင်နှုန်းမှ ၂.၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံသို့ ငွေလွှဲပေးပို့မှုမှာ ဂျီဒီပီ၏ ၁.၀ ရာခိုင်နှုန်း မှ ၀.၉ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံသို့ ငွေလွှဲပေးပို့မှုမှာ ဂျီဒီပီ၏ ၉.၉ ရာခိုင်နှုန်းမှ ၉.၆ ရာခိုင်နှုန်းသို့လျော့ကျခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ ငွေလွှဲပေးပို့မှုမှာ ဂျီဒီပီ၏ ၅.၉ ရာခိုင်နှုန်း မှ ၄.၉ ရာခိုင်နှုန်းသို့ ထိုးကျခဲ့သည် (World Bank, n.d)။

ရုတ်တရက် နယ်စပ်ပိတ်ခြင်းများနှင့် ခရီးသွားလာမှုကန့်သတ်ခြင်းများနှင့်လိုက်၍ အလုပ်ရှင်များသည် အလုပ်သမားများ၏ မရေရာလှသောအခြေအနေများကို အခွင့်ကောင်းယူသည့်အတွက်ကြောင့် များစွာသောရွှေ့ပြောင်းလုပ်သားများက လုပ်ခလစာခိုးယူခံရခြင်းကို အစီရင်ခံတင်ပြခဲ့ကြပါသည်။ အရှေ့တောင်အာရှတွင် အလုပ်လုပ်ကြသော ရွှေ့ပြောင်းအလုပ်သမားများ ၃၀၉ ဦးကို ILO မှ ၂၀၂၀ ပြည့်နှစ် မတ်လနှင့် ဧပြီလတို့တွင် စစ်တမ်းကောက်ယူခဲ့ပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် ရုတ်တရက်အလုပ်မှရပ်စဲခြင်းအပြင် “လုပ်ခလစာကို ရွှေ့ဆိုင်းခြင်း၊ လျှော့ချခြင်း သို့မဟုတ် လုပ်အားခမပေးခြင်း” တို့ တွေ့ကြုံခဲ့ရကြောင်း အင်တာဗျူးများတွင် ထုတ်ဖော်ပြောကြားခဲ့ပါသည် (ILO ၂၀၂၀ ဂ)။ နေရပ်ပြန်သည့်အလုပ်သမားများအတွက် ဖမ်းဆီးခြင်း၊ နယ်စပ်ပိတ်ခြင်းများနှင့် အလုပ်အကိုင်ဆုံးရှုံးမှုများကို ကြောက်ရွံ့ခြင်းတို့ကြောင့် လုပ်ငန်းစဉ်များကို ကမန်းကတန်းလုပ်ရခဲ့ပါသည်။ ထို့ကြောင့် လုပ်အားခများအပြည့်အဝမရခဲ့ကြသော အလုပ်သမားများသည် ၎င်းတို့ချက်ချင်းထွက်ခွာခဲ့ရခြင်းနှင့် အလုပ်ရှင်များကို ဆက်သွယ်ရန် နည်းလမ်းမရှိခြင်းတို့ကြောင့် ၎င်းတို့၏ ဆုံးရှုံးသွားသောလုပ်အားခများကို ပြန်ထေမိရန် နည်းလမ်းများမရှိကြောင်း ပြောပြခဲ့ကြပါသည်။

ဆိုက်ရောက်နိုင်ငံများတွင် ခေတ္တနေထိုင်ခဲ့ကြသော ရွှေ့ပြောင်းလုပ်သားများသည်လည်း အကြောင်းပြချက်မပေးဘဲ လုပ်ခလစာဖြတ်တောက်ခံရခြင်းများ ကြုံတွေ့ခဲ့ကြပါသည်။ ထိုင်းနိုင်ငံ၌ ကုန်ထုတ်လုပ်ရေး အလုပ်သမားဖြစ်သော ရွှေ့ပြောင်းလုပ်သားတစ်ဦးသည် အလုပ်လုပ်ရက် ၁၃ ရက်စာအတွက် လုပ်ခငွေကို ထိုင်းဘတ်ငွေ ၇,၅၀၀ (ယူအက်စ် ဒေါ်လာ ၂၃၄) မှ ၃,၅၀၀ (ယူအက်စ်ဒေါ်လာ ၁၀၉) အထိ ၅၀ ရာခိုင်နှုန်းထက်ပိုသော လုပ်အားခဖြတ်တောက်ခံခဲ့ရကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည် (ILO ၂၀၂၀ ဂ)။ ထို့အပြင် အချို့သောခေတ္တနေထိုင်သည့် အလုပ်သမားကိုလည်း ထိုသို့ပြုလုပ်ရန် အတင်းအကျပ်လုပ်ခဲ့ကြပါသည်။ ငါးဖမ်းလုပ်ငန်းမှ အိမ်အကူလုပ်ငန်းအထိ အလုပ်သမားများသည် ၎င်းတို့၏ နိုင်ငံ

15 ITF နှင့် လူတွေ့မေးမြန်းခြင်း၊ ဧပြီလ၊ ၂၀၂၁ ခုနှစ်။

16 ဥပမာအားဖြင့်-အလုပ်သမားအခွင့်အရေးအဖွဲ့အစည်း၊ အဝတ်အစားထောက်ပံ့ရေးကွင်းဆက်ရှိ ငတ်မွတ်ခေါင်းပါးမှု၊ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကာလအတွင်း အလုပ်သမားများ၏ အစာအာဟာရရရှိရေးဆိုင်ရာ စစ်တမ်းပါတွေ့ရှိချက်များကိုကြည့်ပါ။

ကူးလက်မှတ်နှင့် တရားဝင်စာရွက်စာတမ်းများကို အလုပ်ရှင်များက ထိန်းသိမ်းထားသည့်အတွက်ကြောင့် နေရပ်ပြန်ရန်မဖြစ်နိုင်ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ဆိုက်ရောက်ရာနိုင်ငံများတွင် ပိတ်မိနေခဲ့သော ဤအလုပ်သမားများသည် ၎င်းတို့၏ တရားဝင်ဖြစ်သောအခြေအနေနှင့် ၎င်းတို့၏ ဝင်ငွေရင်းမြစ်အတွက် လက်ရှိအလုပ်ရှင်များအပေါ် မှီခိုနေခဲ့ရပါသည်။ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းငါးဖမ်းလုပ်သားတစ်ဦးမှ ဥပဒေက ခွင့်ပြုသော အနည်းဆုံးနေ့စဉ်လုပ်အားခထက်ပိုနည်းသော- တစ်ရက်လုပ်အားခ ၁၀၀ ဘတ် (ယူအက်စ်ဒေါ်လာ ၃ ဒေါ်လာ) ပေးခြင်းကို သတိတရမှတ်မိနေခဲ့ပါသည်။ သို့သော် အလုပ်ရှင်များက အလုပ်သမားများ၏ သက်သေခံစာရွက် စာတမ်းများကိုထိန်းချုပ်ထားခြင်းကို ထောက်ဆရသဖြင့် ငါးဖမ်းသမားများသည် ထိုမျှသော လုပ်အားခများကို လက်ခံပြီး အလုပ်ဆက်လုပ်နေခဲ့ကြရပါသည် (ILO ၂၀၂၀ ဂ)။

## ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု အကာအကွယ်များကို ဦးစားပေးမှုမရှိခြင်း

ငါးဖမ်းခြင်းကို အန္တရာယ်များသော အလုပ်အကိုင်တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့ပေမည့် သင်္ဘောအများစုပေါ်တွင် အနီးကပ်လုပ်ကိုင်ရခြင်းများ၊ တစ်ကိုယ်ရေသုံး အကာအကွယ်ပေးပစ္စည်း (PPE) အပါအဝင် ပုံမှန်ထောက်ပံ့ပစ္စည်းများပေးမှုမရှိခြင်းနှင့် လေမှတ်ဆင့် ကူးစက်သောဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ကျန်းမာရေးစောင့်ရှောက်ခွင့်ကို ပြတ်တောင်းပြတ်တောင်းသာရရှိခြင်းတို့သည် ငါးဖမ်းလုပ်သားများအတွက် အန္တရာယ်တော်တော်တိုးလာစေပါသည် (Siamhan and Trirath ၂၀၂၀)။

၎င်းတို့၏ သင်္ဘောများပေါ်တွင် ကပ်နေခဲ့ရသော ငါးဖမ်းသင်္ဘောအမှုထမ်းများ၏ အကျပ်အတည်းပြဿနာနှင့်ပတ်သက်၍ မီဒီယာအစီရင်ခံစာများသည် ငါးဖမ်းလုပ်သားများအတွက် အလုပ်ရှင်များနှင့် အစိုးရများက အရေးပေါ်လုပ်ဆောင်ချက်များ၏ သက်ရောက်မှုကို ရုပ်ပုံများဖြင့် သာဓကဆောင်ဖော်ပြခဲ့ကြပါသည်။ အထက်တွင် ဖော်ပြထားပြီးလည်းဖြစ်သော ပနားမားအလံလွှင့်တင်ထားသောသင်္ဘောပေါ်တွင် သောင်တင်နေသော သင်္ဘောအမှုထမ်းများသည် အဝတ်လျှော်ခန်း၏ကြမ်းပြင်ပေါ်နှင့် မီးဖိုချောင်တစ်ခုတွင်ရှိနေသည်ဟု မြင်ရသောစားပွဲများအောက်တွင် အိပ်စက်နေကြသည်ကို အများအပြောအရ တွေ့ရပါသည်။ သူတို့သည် သူတို့မှာရှိသော အစားအစာအနည်းငယ်ကို ရေရွှေးအိုးနှင့် အပူပေးနေကြပါသည်။

"ကျွန်တော်တို့မှာ စစ်ထားတဲ့ရေနောက်ထပ်မရှိတော့ပါ။ လက်ဆေးကန်မှ ထွက်လာတဲ့ရေကို ဆူအောင်တည်ပေမည့် အညိုရောင်နဲ့ သံချေးရောင်ဖြစ်ပြီး အရသာမကောင်းဘူး" လို့ သင်္ဘောသားအမှုထမ်းအဖွဲ့သားများနှင့် သူတို့၏လစာကို မှီခိုနေကြသော အိမ်မှာ ကျန်နေခဲ့သည့် သူတို့၏မိသားစုများ၏ ကံကြမ္မာကို စိတ်ပူပန်နေသော (ငါးဖမ်းသမား အန်တိုနီ) Medina က ပြောပြခဲ့ပါသည်။ နိုဝင်ဘာလတွင် သူတို့၏စာချုပ်ပြီးဆုံးပြီဖြစ်ပြီး ပင်လယ်ပြင်၌ သီးခြားခွဲထုတ်နေရစဉ်အချိန်တွင် အလုပ်လုပ်ခြင်းအတွက် သူတို့လုပ်ခရလိမ့်မည်ဟုတ်မဟုတ် မသေချာလှပါ။ တရုတ်နိုင်ငံ၊ ရှမန် (Xiamen) ဆိပ်ကမ်းမြို့ရှိ ဖိလစ်ပိုင်ကောင်စစ်ဝန်ရုံးက သင်္ဘောအမှုထမ်းများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ထားပြီးဖြစ်သော်လည်း... [သို့သော်] ထောက်ပံ့ရေးပစ္စည်းများ ပုံမှန်ပို့နိုင်ရန် သယ်ယူပို့ဆောင်ရေးတွင် အခက်အခဲများဖြစ်ပေါ်နေပါသည် (Santos ၂၀၂၀)။

အင်ဒိုနီးရှားနိုင်ငံ ၂၀၂၀ ပြည့်နှစ်၊ မေလတွင် တရုတ်အလံလွှင့်ထူထားသော သင်္ဘောတစ်ခုပေါ်၌ အင်ဒိုနီးရှားလူမျိုး ရွှေ့ပြောင်းငါးဖမ်းသမား ၂ ဦး သေဆုံးခြင်းကိုပြသော ဗီဒီယိုတစ်ခုသည် နာကျည်းမှုကို စတင်ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုဗီဒီယိုတွင် အလုပ်သမားများ၏ ခန္ဓာကိုယ်များကို သမုဒ္ဒရာထဲသို့ ပစ်ချနေခြင်းကို ပြထားပါသည် (Wijaya and Henschke ၂၀၂၀)။ သုံးလကြာပြီးနောက် ၂၀၂၀ ပြည့်နှစ် ၊ ဩဂုတ်လ၌ ပိုင်ရှင်တစ်ဦးတည်းဖြစ်သော တရုတ်နိုင်ငံပိုင် တလျင်း (Dalian) ပင်လယ်ကူးငါးဖမ်းလုပ်ငန်းသင်္ဘောတစ်စီးပေါ်တွင် အခြားအင်ဒိုနီးရှားနိုင်ငံသား သင်္ဘောအမှုထမ်းအဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်းကို စူးစမ်းလေ့လာသောဂျာနယ်လစ်သမားများက ဖော်ထုတ်ခဲ့ပါသည် Fishing (Gokkon and Jacobson ၂၀၂၀)။ ထိုသင်္ဘောသည် ကိုရီးယားသမ္မတနိုင်ငံရေပိုင်နက်ထဲတွင် တရားမဝင်လုပ်ဆောင်နေခြင်းကြောင့် ဖမ်းဆီးခံခဲ့ရပြီး အထက်တွင်ကိုးကားခဲ့သော APIL/EJF စုံစမ်းစစ်ဆေးမှု၏ အကြောင်းအရာတစ်ရပ်ဖြစ်ခဲ့ပါသည် (Putri ၂၀၂၀)။ ယင်းဖြစ်ရပ်ဆိုးကို တုံ့ပြန်ခြင်းအနေဖြင့် အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီးက နိုင်စက်ညှဉ်းပန်းမှုနှင့် လူသေဆုံးမှုတို့အတွက် တာဝန်ရှိသည့် ကုမ္ပဏီကို အင်ဒိုနီးရှားနှင့် တရုတ်အစိုးရတို့က ပူးတွဲစုံစမ်းစစ်ဆေးမှု ဖွဲ့စည်းဆောင်ရွက်သွားမည်ဆိုသည်ကို ထုတ်ပြန်ခဲ့ပြီး တလျင်းပင်လယ်ကူးသင်္ဘောအုပ်စုမှ အင်ဒိုနီးရှားနိုင်ငံသား ငါးဖမ်းသမား ၈၈ ဦးသည် သူတို့နိုင်ငံသို့ ပြန်ပို့ခံခဲ့ရပါသည် (Gokkon ၂၀၂၀)။

ကိုရီးယားသမ္မတနိုင်ငံ၌ အစိုးရက ၂၀၂၀ ပြည့်နှစ် မတ်လတွင် ပုံမှန်ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခြင်းကို နိုင်ငံခြားသားများအားလုံးခံယူ

ရန် အလိုရှိခဲ့သဖြင့် ဗီဇာသက်တမ်းကုန်ဆုံးနေပြီး စမ်းသပ်စစ်ဆေးမှုကို ရှောင်လိုခြင်းဖြစ်နိုင်သော နိုင်ငံခြားသားအလုပ်သမားများကို ကျန်းမာရေးစနစ်ဆီသို့ တင်ပြရန်တိုက်တွန်းခဲ့ပြီး ၎င်းတို့၏ အထောက်အထားများကို ဖော်ပြမည်မဟုတ်ကြောင်း ထုတ်ပြန်ထားပါသည် (Choon ၂၀၂၁)။ ထိုင်း၊ စင်ကာပူနှင့် ဒေသတွင်းရှိ အခြားနေရာများကဲ့သို့ လုပ်ခနည်းသောရွှေ့ပြောင်းအလုပ်သမားများသည် မြင့်မားသောရောဂါကူးစက်မှုအန္တရာယ်များနှင့် ရင်ဆိုင်နေရပြီး ပိုမိုတင်းကျပ်သောအစီအမံများကို လိုက်နာနေခဲ့ကြရပါ သည်။ ဤမူဝါဒကို ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ဖြိတိန်သံအမတ်ကြီးနှင့် အတူ သံတမန်အသိုင်းအဝိုင်းမှ ဝေဖန်ခံခဲ့ရပြီး ဤမူဝါဒသည် ခွဲခြား ဆက်ဆံခြင်းဖြစ်သည်ဟု အခိုင်အမာဆိုထားကြပါသည် (Kim ၂၀၂၁)။

ထိုင်ဝမ် (တရုတ်) သင်္ဘောအုပ်စုတွင်ရှိသော ရွှေ့ပြောင်းငါးဖမ်းလုပ်သားများသည် တရားဝင်အမျိုးသားကျန်းမာရေး အာမခံကတ် (NHI) များ ကိုင်ဆောင်ထားသော ရွှေ့ပြောင်းလုပ်သားများအတွက် အစိုးရမှပေးသော ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခြင်းနှင့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ (PPE) ရရှိရေးတွင် ဥပဒေရေးရာအတားအဆီးများ ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

တရားဝင်ကတ်များ ကိုင်ဆောင်ခြင်းမရှိဘဲ အသစ်ရောက်ရှိလာသော ရွှေ့ပြောင်းလုပ်သားများ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းလုပ်သားများ၊ ကမ်းဝေးသင်္ဘောအုပ်စုရှိ ငါးဖမ်းသမားများနှင့် အလုပ်များကြား အလုပ်သမားများကို မျက်နှာနှင့် နှာခေါင်းစည်းများ လွယ် လွယ်ကူကူရနိုင်ခွင့်အပါအဝင် အခြေခံပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အစီအမံများမှ စင်စစ်အားဖြင့် ဖယ်ထုတ်ခြင်းခံထားရသည် (HRWG ၂၀၂၀)။ ကမ်းရိုးတန်းငါးဖမ်းခြင်းလုပ်ငန်းတွင်ရှိသော ရွှေ့ပြောင်းငါးဖမ်းလုပ်သားများကို အလုပ်ရှင်များမှ ပြည်သူ့ကျန်းမာရေးအာမခံတွင် စာရင်းပေးသွင်းထားသင့်သော်လည်း ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်း၏ လုပ်သားအင်အားတစ်ဝက်မှာ ပြည်သူ့အာမခံတွင် စာရင်းသွင်းထားခြင်းမရှိသည်ကို Control Yuan - အစိုးရစာရင်းစစ်အေဂျင်စီ- မှ ၂၀၂၀ ပြည့်နှစ် ဧပြီတွင် တွေ့ရှိခဲ့ပါသည် (Chiang and Rogovin ၂၀၂၀)။ စာရင်းသွင်းထားသော သူများအတွက်တွင်လည်း အများစုမှာ အလုပ်ရှင်များက နေမကောင်း၍ အလုပ်မလုပ်နိုင်သည့်အချိန်ကို လက်ခံပေးမည်မဟုတ်သောကြောင့် ဆေးရုံများသို့သွားဖို့ရန် မတတ်နိုင်ကြရခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ ကမ်းဝေးငါးဖမ်းလုပ်ငန်းများရှိ အလုပ်သမားများမှာ ပြည်သူ့အာမခံတွင် စာရင်းမသွင်းထားခြင်းကြောင့် NHI ကတ်များအတွက် အရည်အချင်းမပြည့်မီဖြစ်ခဲ့ရပြီး ဤအလုပ်သမားများကို PPE လိုအပ်ချက်၏အပြင်တွင် ချန်ထားခဲ့ပါသည်။ အခမဲ့ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုတစ်ခုရရှိရန် အစိုးရက နိုင်ငံသားဖြစ်မှု သက်သေခံအထောက်အထားတင်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းကြောင့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းလုပ်သားများသည်လည်း စစ်ဆေးမှုခံယူရန် အခက်အခဲများနှင့် ရင်ဆိုင်နေရပါသည် (Aspinwall ၂၀၂၁)။

ထိုင်းနိုင်ငံ၌၊ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် IOM မှ ရွှေ့ပြောင်းလုပ်သားများအကြား ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုများနှင့် အသိပညာဗဟုသုတသိရှိမှုဆိုင်ရာ အလျှင်အမြန်အကဲဖြတ်မှုတစ်ခု လုပ်ဆောင်ခဲ့ရာတွင် ရောဂါလက္ခဏာနှင့် ရောဂါကာကွယ်ရန်တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း သိရှိနားလည်မှု အဆင့်များမြင့်မားခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါသည် (IOM ၂၀၂၀ c၊ အောက်ဖော်ပြပါ ပုံ-၃ တွင် ကြည့်ပါ)။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ၌ ILO ဒေသတွင်း အကဲဖြတ်မှုတစ်ခုတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သိရှိနားလည်မှုအဆင့်များနှင့်ပတ်သက်၍ အလားတူရလဒ်များ တွေ့ရှိခဲ့ရပါသည်။ သို့သော် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများ၏ ၅၇ ရာခိုင်နှုန်းမှာ PPE မလုံလောက်မှုနှင့် စစ်ဆေးခြင်းနှင့် ကုသခြင်းဆိုင်ရာ အခွင့်အရေးများကန့်သတ်ခံထားရကြောင်း အစီရင်ခံတင်ပြခဲ့ပါသည်။

စီးပွားဖြစ်ငါးဖမ်းသင်္ဘောများပေါ်တွင် အလုပ်ပိုခြင်းမှာ ငါးဖမ်းခြင်း၏ သဘောသဘာဝနှင့် ငါးများ၏ လှုပ်ရှားသွားလာမှုတို့ကြောင့် တစ်စိတ်တစ်ဒေသအားဖြင့် သာမန်ဖြစ်နေကျ အစဉ်အလာတစ်ခု ဖြစ်ပါသည်။ သို့သော် လုပ်ငန်းကောင်းစွာလည်ပတ်ရန် လူမလုံလောက်သည့် အခြေအနေဖြစ်နှင့်ပြီးသော ထိုင်းသင်္ဘောများပေါ်တွင် အမှုထမ်းအင်အားလျှော့ချခဲ့ခြင်းသည် အန္တရာယ်များသော အခြေအနေတစ်ရပ်ကို ပို၍ဆိုးစေခဲ့ပါသည်။ ကမ္ဘာ့ကပ်ရောဂါ အကြိုကာလအတွင်း အလုပ်ချိန်ထိန်းချုပ်မှုတွင် တိုးတက်မှု၏ အကျိုးရလဒ်အနေဖြင့် ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းငါးဖမ်းသမားများသည် တစ်နေ့အလုပ်ချိန်နာရီ ၂၀ လုပ်နေရကြောင်း ထပ်မံသတင်းပို့နေကြပါသည် (ILO ၂၀၁၉၊ ITF နှင့် တွေ့ဆုံမေးမြန်းခန်း၊ ဧပြီလ၊ ၂၀၂၁)။

### ပုံ (၃)။ ၂၀၂၀ ပြည့်နှစ် ထိုင်းနိုင်ငံ၊ ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး အစီအမံများနှင့်ပတ်သက်၍ ရွှေ့ပြောင်းလုပ်သားများ၏ သိရှိနားလည်မှု အဆင့်များ




ရင်းမြစ်: IOM ၂၀၂၀ င

## ငါးဖမ်းလုပ်ငန်းမှ အလုပ်အကိုင်အပေါ် ကိုဗစ်-၁၉ မူဝါဒ၏ တုန့်ပြန်မှုနှင့် သက်ရောက်မှုများ

ဤအပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ဟန့်တားမည့် အစိုးရမူဝါဒများ၏ ငါးဖမ်းလုပ်သားများအပေါ် အကျိုးသက်ရောက်မှုများအား အထူးသဖြင့် ရွှေ့ပြောင်းငါးဖမ်းလုပ်သားများအပေါ် သက်ရောက်မှုရှိသော ပုံစံနှစ်ခုကို အာရုံစိုက်၍ ဆန်းစစ်ပါသည်။ ပထမအနေဖြင့် သတင်းအချက်အလက် ရရှိနိုင်ခြင်းကြောင့် ဤလုပ်ငန်းအကျဉ်းတွင် ဆန်းစစ်ထားသော နိုင်ငံများတွင် အလုပ်လက်မဲ့နှင့် မရှိမဖြစ်လိုအပ်သော အလုပ်သမားများကို ကူညီပေးရန် ရည်ရွယ်ထားသော အစိုးရ၏ ကမ္ဘာ့ကပ်ရောဂါကယ်ဆယ်ရေး ထိန်းသိမ်းကြပ်မတ်ခြင်းများသည် ရွှေ့ပြောင်းလုပ်သားများကို လစ်လျူရှု (သို့မဟုတ်) ဖယ်ထုတ်ခဲ့ပါသည်။ ဒုတိယအနေဖြင့် အရေးပေါ် လုပ်ဆောင်မှုများတွင် – အထက်၌ဖော်ပြထားသည့် လော့ခ်ဒေါင်းချခြင်းနှင့် နယ်စပ်ပိတ်ခြင်းတို့အပြင် လူဝင်မှုကြီးကြပ်ရေးစည်းမျဉ်းများနှင့် နေထိုင်ခွင့်နှင့် အလုပ်ဗီဇာသက်တမ်းတိုးခြင်းများတွင် ယာယီပြောင်းလဲမှုများ ပါဝင်ပါသည်။ နောက်ဆုံးအနေဖြင့် ဤကဏ္ဍသည် ထိုင်းနိုင်ငံအား ကာလအပိုင်းအခြားတစ်ခုအတွင်း တိုးတက်မှုလေ့လာသည့် နိုင်ငံအနေဖြင့် အသုံးပြုထားပြီး ကမ္ဘာအနှံ့မှ ပင်လယ်စာဝယ်ယူသူများ၏ လုပ်ဆောင်ချက်နှင့် ၎င်းတို့၏ တန်ဖိုးကွင်းဆက်တစ်လျှောက် ငါးဖမ်းလုပ်သားများကို ကမ္ဘာ့ကပ်ရောဂါ၏သက်ရောက်မှု လျော့ပါးစေရေးအတွက် သီးသန့်စည်းမျဉ်းများဖြင့် အားထုတ်ကြိုးပမ်းမှုများကို သုံးသပ်ထားပါသည်။

## ကိုဗစ်-၁၉ သက်သာလျော့ပါးစေရေး အစီအမံများမှ ဖယ်ထုတ်ထားခြင်းခံရသော ရွှေ့ပြောင်းငါးဖမ်းသမားများ

နိုင်ငံသားပိုင် ငါးဖမ်းလုပ်ငန်းများသည် အစိုးရ၏ သက်သာလျော့ပါးစေရေး အစီအမံများတွင် လွယ်လင့်တကူပါဝင်နိုင်ခဲ့သော်လည်း သတင်းအချက်အလက်ရရှိနိုင်သော လုပ်ငန်းများရှိ ရွှေ့ပြောင်းငါးဖမ်းသမားများကို သူတို့၏ ရွှေ့ပြောင်းသွားလာမှုအခြေအနေကို ထည့်သွင်းမစဉ်းစားဘဲ အများအားဖြင့် ဖယ်ထုတ်ခံခဲ့ရပါသည်။ ဥပမာအားဖြင့် **ဖိလစ်ပိုင်**ရှိ အသေးစားငါးဖမ်းလုပ်သားများနှင့် ၎င်းတို့၏ အသိုင်းအဝိုင်းများမှာ ရည်မှန်းထားသော အစိုးရအထောက်အပံ့များ လက်ခံရရှိကြပါသည်။ မီဒီယာမှ ဖိလစ်ပိုင်နိုင်ငံသား ငါးဖမ်းသမားများအတွက် သတ်မှတ်ချက်များနှင့် ထောက်ပံ့ရန် ဘဏ္ဍာငွေစီးဆင်းမှုများနှင့်ပတ်သက်၍ အသေးစိတ်မကျေနပ်ချက်များကို အစီရင်ခံခဲ့ပါသည် (Coro ၂၀၂၀)။

သို့သော် **ကိုရီးယားသမ္မတနိုင်ငံ**တွင် ရွှေ့ပြောင်းငါးဖမ်းလုပ်သားများအဖြစ် လုပ်ကိုင်ကြသော ဖိလစ်ပိုင်လူမျိုးများ (နှင့် အခြားသူများ) ကို ကိုရီးယားအစိုးရ၏ သက်သာလျော့ပါးစေရေး အစီအမံများမှ အများအားဖြင့် ဖယ်ထုတ်ထားခြင်းခံရပါသည်။ ၂၀၂၀ ပြည့်နှစ် မေလတွင် အစိုးရ၏ ကိုဗစ်-၁၉ သက်သာလျော့ပါးစေရေး ရံပုံငွေ၏ ကိုရီးယားဝမ် ၁ သန်း (အမေရိကန် ဒေါ်လာ ၉၀၀) ကို အိမ်ထောင်စုများအား ပေးဝေခဲ့သော်လည်း အမြဲတမ်းနေထိုင်ခွင့် ဗီဇာ ကိုင်ဆောင်ခြင်း (သို့မဟုတ်) ကိုရီးယားနိုင်ငံသားများနှင့် လက်ထပ်ထားခြင်းမရှိလျှင် နိုင်ငံသားအဖြစ် ခံယူထားခြင်းမရှိသူများသည် ရံပုံငွေခံစားခွင့်မရရှိပါ။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေကြသော ဖိလစ်ပိုင်လူမျိုး ငါးဖမ်းလုပ်သားများသည် ၎င်းတို့၏ ဆိုက်ရောက်နိုင်ငံတွင် ထောက်ပံ့မှုမရရှိခဲ့မှသာလျှင် ဖိလစ်ပိုင်အစိုးရမှ ကိုဗစ်-၁၉ အတွက် ထောက်ပံ့သောဝင်ငွေအတွက် အရည်အချင်းပြည့်မီမည် ဖြစ်ပါသည်။

**ထိုင်ဝမ် (တရုတ်)** ၏ ကိုဗစ်-၁၉ သက်သာလျော့ပါးစေရေးအစီအမံများသည် နိုင်ငံသားများအားလုံး၊ နိုင်ငံသားများနှင့် လက်ထပ်ထားသော အတည်တကျနေထိုင်သူ နိုင်ငံခြားသားများ သို့မဟုတ် မည်သည့်ပတ်စပို့ကိုမဆို ကိုင်ဆောင်သူ နိုင်ငံခြားသားများကို ကူပွန်များပေးခဲ့ပါသည်။ သို့သော် အဆိုပါအစီအစဉ်တွင် အခြားသော အတည်တကျနေထိုင်သည့် နိုင်ငံခြားသားများအားလုံးကို ဖယ်ထုတ်ခဲ့ပြီး၊ ရွှေ့ပြောင်းအလုပ်သမားအများစုကို ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ငွေကြေးအထောက်အပံ့မပေးဘဲ ချန်ထားခဲ့ပါသည် (Marschke et.al ၂၀၂၀)။

**ထိုင်းနိုင်ငံ**သည် တစ်စိတ်တစ်ပိုင်းသည် သီးခြားခွဲထွက်ဖြစ်နေပေမယ့် ရွှေ့ပြောင်းလုပ်သားများအတွက် ပြည့်စုံသောလူမှုဖူလုံရေးစနစ်တွင် အလုပ်လက်မဲ့ထောက်ပံ့ကြေး ပါဝင်နေသော်လည်း ကမ္ဘာ့ကုလသမဂ္ဂက ခန့်မှန်းထားသော ထိုင်းနိုင်ငံရှိ ပုံမှန်နှင့် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာသူ ၃.၉ သန်းသည် အစိုးရမှ ပံ့ပိုးပေးသော စီးပွားရေးလှုံ့ဆော်မှုပေးငွေနှင့် ထောက်ပံ့ကြေးများမှ လက်တွေ့အားဖြင့် ဖယ်ထုတ်ခြင်းခံခဲ့ရပြီး ၎င်းတို့ကို ထိုင်းနိုင်ငံသားများအတွက် ကန့်သတ်ထားပါသည် (Promchert-choo ၂၀၂၀၊ ILO ၂၀၂၀ က၊ ILO ၂၀၂၀ ခ၊ ကမ္ဘာ့ကုလသမဂ္ဂ ၂၀၁၉)။[17] ရွှေ့ပြောင်းအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် နာမကျန်းခွင့်ယူစဉ်လစာခံစားခွင့်တို့အတွက် အခွင့်အလမ်းများကို ထိုင်းနိုင်ငံ၏ ဥပဒေသည် ခွင့်ပြုပေးထားပါသည်။ သို့ရာတွင် ပုံမှန်မဟုတ်သော အလုပ်လုပ်သူများအတွက်နှင့် ခံစားပိုင်ခွင့်များအကြောင်းကိုမသိသူ သို့မဟုတ် အာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံရန် ဝန်လေးနေကြသူများအတွက် ဤခံစားပိုင်ခွင့်များရရှိရန် ခက်ခဲနေကြပါသည် (ILO ၂၀၂၀ က)။ ထို့အပြင် ရွှေ့ပြောင်းလုပ်သားများ၏ အလုပ်ရှင်များသည် အမျိုးသားလူမှုဖူလုံရေးစနစ်မှ ဥပဒေအရဖယ်ထွက်နေနိုင်ပြီး ယင်းအစားတူညီသောပုဂ္ဂလိကအာမခံကို ဝယ်ယူနိုင်ပါသည်။ သို့သော် လက်တွေ့တွင် ပုဂ္ဂလိကအာမခံစနစ်များသည် ငါးဖမ်းလုပ်သားအများစုကို လုံလောက်စွာ အကာအကွယ်မပေးနိုင်ဘဲ နိုင်ငံတော်အဆင့်စနစ်ရှိ ခံစားပိုင်ခွင့်များမှလည်း ဖယ်ထုတ်ထားခြင်းခံရပါသည်။

ငါးဖမ်းသမား (၄၇၀) ဦးနှင့် ထိုင်းနိုင်ငံ ပင်လယ်စာလုပ်ငန်းရှိ ပြုပြင်ထုတ်လုပ်ရေးအလုပ်သမားများနှင့်ပြုလုပ်ခဲ့သော ၂၀၁၉၊ ILO ၏ လှေပေါ်မှသည် ကမ်းခြေတိုင် အခွင့်အရေးများအစီအစဉ် (Ship to Shore Rights) စစ်တမ်းတစ်ခုတွင် “ပင်လယ်စာပြုပြင်ထုတ်လုပ်ရေးရှိ အလုပ်သမားများအားလုံးသည် အလုပ်ခံစားပိုင်ခွင့်များ၏ အနည်းဆုံးတစ်ခုကို သူတို့ရရှိကြောင်း သိနေကြသော်လည်း ၄၃ ရာ ခိုင်နှုန်းသော ငါးဖမ်းလုပ်သားများသည် သူတို့၏ လက်ရှိအ လုပ်မှာ အလုပ်ခံစားပိုင်ခွင့်တစ်စုံတစ်ရာ [ကျန်းမာရေးစောင့် ရှောက်မှု ရပိုင်ခွင့်အပါအဝင်]ရှိသည်ကို သူတို့မသိခဲ့ကြောင်း ထုတ်ဖော်ခဲ့ပါသည်” (ILO ၂၀၂၀ င၊ ၂၂)။ ယင်းကွာဟချက်ထဲသို့ ရွှေ့ပြောင်း

17 ၂၀၂၁ခုနှစ်၊ မတ်လအထိ ထိုင်းနိုင်ငံ၊ အလုပ်အကိုင်ရှာဖွေရေးဦးစီးဌာနသည် ပုံမှန်ရွှေ့ပြောင်းအလုပ်သမားများ ဦးရေမှာ ၁.၉၆ သန်းရှိသည်ဟု အစီရင်ခံသော်လည်း ရွှေ့ပြောင်းအလုပ်သမားအများစုသည်ပုံမှန်အခြေအနေမရှိဘဲ အလုပ်ခန့်ထားကြောင်းကို အသိအမှတ်ပြုထားပါသည်။

သွားလာသူများကို ထောက်ပံ့ရေးအဖွဲ့အစည်းများနှင့် ILO အပါအဝင် နိုင်ငံတကာအလှူရှင်များမှ အစားအစာ၊ တစ်ကိုယ်ရေသန့်ရှင်းရေး သုံးပစ္စည်းများနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံများနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးကူညီမှုများနှင့်အတူ ခြေလှမ်းစတင်နေပြီ ဖြစ်ပါသည် (ILO ၂၀၂၁ က)။

## အသွားအလာကန့်သတ်ထားခြင်းသည် ရွှေ့ပြောင်းလုပ်သားများအတွက် နေထိုင်မှု ခွင့်သက်တမ်းတိုးခြင်းကို ဖြစ်ပေါ်စေခြင်း

ဆိုက်ရောက်နိုင်ငံအချို့ဖြစ်သော အထူးသဖြင့် **ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံ**များသည် မတ်လနောက်ဆုံးအပတ်မှာ ၎င်းတို့၏ နယ်စပ်များကို ပိတ်ထားပြီးနောက် ဇွန်လမှ စက်တင်ဘာလအထိ အဆင့်လိုက် ပြန်လည်ဖွင့်လှစ်ခြင်းကို ဆောင်ရွက်ခဲ့ကြပါသည်။ အဆိုပါနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် နိုင်ငံတကာဧည့်သည်များကို ကန့်သတ်ရန် ၎င်းတို့၏ ဗီဇာစနစ်များကို အသုံးပြုခဲ့ကြပါသည်။ **ထိုင်ဝမ် (တရုတ်)** အာဏာပိုင်များသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ အစောပိုင်းလောက်ကတည်းက လွန်ခဲ့သော ၁၄ ရက်အတွင်း တရုတ်ပြည်မကြီးကို သွားရောက်လည်ပတ်ခဲ့သော နိုင်ငံတကာအလုပ်သမားများ ဝင်ရောက်ခြင်းကို ပိတ်ပင်ခဲ့ပါသည်။

ဆိုက်ရောက်နိုင်ငံများကလည်း "အစိမ်းရောင်လမ်းကြောင်း" (အကန့်အသတ်ဖြင့် ဝင်ရောက်နိုင်သောလမ်းကြောင်း) သို့မဟုတ် နှစ်နိုင်ငံကြားခွင့်ပြုထားသော ခရီးသွားများမှ စီးပွားရေးလုပ်ကိုင်ခြင်း သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခြင်း ပြုလုပ်နိုင်သည့် နေရာ၊ အပိုင်းအခြားများဖြင့် လှုပ်ရှားသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနေစဉ် အခြားသူများ၏ ခရီးလာမှုကို ကန့်သတ်ထားခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံများသည် ထိုကဲ့သို့သော သဘောတူညီချက်ကို ဖော်ဆောင်ခဲ့ပြီး အထွေထွေခရီးသွားခွင့်အား ထိုင်ဝမ် (တရုတ်) နှင့် ဗီယက်နမ်နိုင်ငံတို့နှင့်လည်းပဲ သဘောတူညီမှုရရှိခဲ့ပါသည်။ ဆိုက်ရောက်နိုင်ငံများထဲမှ ထိုင်းနိုင်ငံသည် ခြွင်းချက်တစ်ခုဖြစ်ခဲ့ပြီး ၎င်းနိုင်ငံ၏ ကမ္ဘာ့ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းမှု ကဏ္ဍများအတွက် အစပိုင်း၌ အသိအမှတ်ပြုခံရသော်လည်း နောက်ပိုင်းတွင် ၎င်း၏ နယ်စပ်ပိတ်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များကို အာဏာတည်စေရန် အပြင်းအထန် ကြိုးပမ်းခဲ့ရပါသည် (Hunter ၂၀၂၁)။

**အင်ဒိုနီးရှားနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**တို့ အပါအဝင် လုပ်သားစေလွှတ်ပေးသောနိုင်ငံများသည် ၎င်းတို့၏ ဗီဇာစနစ်များကို တင်းကျပ်ခဲ့သောကြောင့် ယခင်ထုတ်ပေးသောဗီဇာများ တရားမဝင်ဖြစ်ခြင်း သို့မဟုတ် ဗီဇာမလိုဘဲခရီးသွားနိုင်သောသူများအတွက် ကြိုတင်၍ ဗီဇာကိုလျှောက်ထားရန် လိုအပ်ခဲ့ပါသည် (Benton et al. 2021)။

၂၀၂၀ ပြည့်နှစ်၊ မတ်လနှင့် ၂၀၂၁ ခုနှစ် မတ်လအတွင်း အောက်စ်ဖို့ဒ်တက္ကသိုလ် ကိုဗစ်-၁၉ အပေါ် အစိုးရ၏ တုံ့ပြန်မှုခြေရာကောက်သူ (OxCGRT) မှ ခြေရာခံထားသောနယ်စပ်နှင့် ရွှေ့ပြောင်းသွားလာခြင်း ထိန်းချုပ်မှုမူဝါဒများသည် ဤစာတမ်းတွင် ဆန်းစစ်ထားသော နိုင်ငံများအတွင်း နိုင်ငံတကာခရီးသွားလာခြင်းထိန်းချုပ်မှု၏ တင်းကျပ်မှုကို ပြသပါသည် (ဇယား ၂ တွင် ကြည့်ပါ)။ ဇယား(၂) ရှိ ကိန်းဂဏန်းများသည် ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ထားသော မူဝါဒများပြောင်းလဲမှုကို ရည်ညွှန်းပြီး ရမှတ် ၀.၀၀ သည် ပြောင်းလဲမှုမရှိခြင်းကို ကိုယ်စားပြု၍ ရမှတ် ၄.၀၀ သည် ခရီးသွားထိန်းချုပ်မှု၏ အတင်းကြပ်ဆုံးသော အခြေအနေများ၏ သတ်မှတ်ချက် (သို့မဟုတ် ပြန်လည်သတ်မှတ်ချက်) ကို ကိုယ်စားပြုပါသည်။

ကမ္ဘာတစ်ဝှမ်းတွင် အတင်းကျပ်ဆုံး ခရီးသွားကန့်သတ်ချက်အချို့ကို ချမှတ်ထူထောင်ခဲ့ပြီးဖြစ်သောကြောင့် ဤစာတမ်းတွင် ဆန်းစစ်ထားသည့် ဆိုက်ရောက်နိုင်ငံများသည် ယခုကာလအတွင်း ပြောင်းလဲမှုအနည်းငယ်ပြုလုပ်ခဲ့ပါသည်။ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံများသည် ခရီးသွားထိန်းချုပ်မှုများ +၃.၀၀ တွင် ထိန်းထားခဲ့ပြီး၊ ထိုင်ဝမ် (တရုတ်) သည် ၎င်း၏ ထိန်းချုပ်မှုကို +၃.၀၀ မှ +၄.၀၀ သို့ တိုးမြှင့်ခဲ့ပါသည်။ သို့သော် ထိုင်းနိုင်ငံသည် အလွန်အမင်းတင်းကျပ်မှုများ စတင်ခဲ့ပြီးနောက်ပိုင်းတွင် အစီအမံများကို အနည်းငယ်ဖြေလျှော့ပေးခဲ့သည် (University of Oxford, n.d.)။

အလားတူစွာပင် **ကိုရီးယားသမ္မတနိုင်ငံ**သည် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း နယ်စပ်ပိတ်ထားသောကြောင့် သောင်တင်နေသော ငါးဖမ်းသမားများအပါအဝင် ရွှေ့ပြောင်းအလုပ်သမားအတွက် ဗီဇာစည်းမျဉ်းများကို ယာယီအားဖြင့် ဖြေလျှော့ပေးခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် အစိုးရသည် ၎င်းတို့အား ရက် ၅၀ သက်တမ်းတိုးခြင်းကို ခွင့်ပြုပေးခဲ့သော်လည်း ထိုသက်တမ်းတိုးကာလအတွင်း အလုပ်သမားများကို အလုပ်လုပ်ရန်ခွင့်မပြုခဲ့ပါ (Ock ၂၀၂၀ ခ)။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် အစိုးရက ရွှေ့ပြောင်းသွားလာခွင့်ဗီဇာကို သုံးလအထိ တိုးမြှင့်ပေးခဲ့ပြီး ရွှေ့ပြောင်းလုပ်သားများကို ရာသီပေါ်အလုပ်တွင်လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့ပါသည် (Yonhap ၂၀၂၀)။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဤအစီအမံများကို ၂၀၂၂

## ဇယား ၃။ နိုင်ငံအလိုက် ငါးဖမ်းလုပ်ငန်းရှိ သုံးလပတ်အလိုက် အလုပ်အကိုင်ရရှိမှု (၂၀၁၉–၂၀)

| နိုင်ငံ | ၂၀၂၀ Q1 | ၂၀၂၀ Q2 | ၂၀၂၀ Q3 | ၂၀၂၀ Q4 | ၂၀၂၁ Q1 | စုစုပေါင်း ပြောင်းလဲမှု |
|---|---|---|---|---|---|---|
| **မူရင်းနိုင်ငံများ** | | | | | | |
| ကမ္ဘောဒီးယားနိုင်ငံ | +၃.၀၀ | -၁.၀၀ | +၀.၀၀ | +၀.၀၀ | +၀.၀၀ | +၂.၀၀ |
| အင်ဒိုနီးရှားနိုင်ငံ | +၄.၀၀ | +၀.၀၀ | -၁.၀၀ | +၀.၀၀ | +၀.၀၀ | +၃.၀၀ |
| မြန်မာနိုင်ငံ | +၃.၀၀ | +၀.၀၀ | +၁.၀၀ | +၀.၀၀ | +၀.၀၀ | +၄.၀၀ |
| ဖိလစ်ပိုင်နိုင်ငံ | +၄.၀၀ | +၀.၀၀ | -၂.၀၀ | +၀.၀၀ | +၂.၀၀ | +၄.၀၀ |
| ဗီယက်နမ်နိုင်ငံ | +၄.၀၀ | -၁.၀၀ | +၀.၀၀ | +၁.၀၀ | +၀.၀၀ | +၄.၀၀ |
| **ဆိုက်ရောက်နိုင်ငံများ** | | | | | | |
| ဂျပန်နိုင်ငံ | +၂.၀၀ | +၁.၀၀ | -၂.၀၀ | +၃.၀၀ | +၀.၀၀ | +၄.၀၀ |
| ကိုရီးယားသမ္မတနိုင်ငံ | +၃.၀၀ | +၀.၀၀ | -၁.၀၀ | +၁.၀၀ | +၀.၀၀ | +၃.၀၀ |
| ထိုင်ဝမ်(တရုတ်) | +၃.၀၀ | -၁.၀၀ | +၀.၀၀ | +၀.၀၀ | +၀.၀၀ | +၂.၀၀ |
| ထိုင်းနိုင်ငံ | +၄.၀၀ | +၀.၀၀ | +၀.၀၀ | -၁.၀၀ | +၀.၀၀ | +၃.၀၀ |

မှတ်ချက်-၀.၀၀ ရမှတ်သည် အပြောင်းအလဲမရှိခြင်းကိုကိုယ်စားပြုပြီး ရမှတ် ၄.၀၀ သည် အတင်းကျပ်ဆုံးမူဝါဒများ (ပြန်လည်) စတင်ခြင်းကို ကိုယ်စားပြုပါသည်။ အရင်းအမြစ်– University of Oxford, n.d.

ခုနှစ် ဖေဖော်ဝါရီလအထိ တိုးချဲ့အကျုံးဝင်စေခဲ့သော်လည်း မှတ်ပုံတင်မထားသော ရွှေ့ပြောင်းနေထိုင်သူများ သို့မဟုတ် ဥပဒေအရ ခွင့်ပြုထားသော အလုပ်ခွင်ပြောင်းလဲမှုအများဆုံးအရေအတွက်သို့ ရောက်ရှိပြီးသော အလုပ်သမားများအတွက် သက်တမ်းတိုးခြင်းကို ဖွင့်မထားပါ (Khoa ၂၀၂၁)။ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေး အားပေးလှုပ်ရှားသူများသည် မှတ်ပုံမတင်ထားသော ရွှေ့ပြောင်း အလုပ်သမားတွေကို နိုင်ငံအတွင်း တရားဝင်နေထိုင် လုပ်ကိုင်ခွင့်ပြုရန် အစိုးရကို တောင်းဆိုထားပြီး သက်တမ်းကုန်ဆုံးနေသည့် ဗီဇာဖြင့် အလုပ်သမားများကို ၎င်းတို့၏ ပါမစ်များသက်တမ်းတိုး ဆောင်ရွက်ခြင်းကို ခွင့်ပြုပေးမည့် ဥပဒေပြဋ္ဌာန်းမှုကို အဆိုပြုထားပါသည် (Ock ၂၀၂၁)။

**ထိုင်ဝမ် (တရုတ်)** ၌ ရွှေ့ပြောင်းလုပ်သားများကို ၂၀၂၀ ပြည့်နှစ်၊ မတ်လ၌ ကာလတိုဗီဇာခွင့်ပြုပေးခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါကာလ တစ်လျှောက်လုံး သူတို့ကို တရားဝင်အလုပ်လုပ်ကိုင်ရန် ခွင့်ပြုပေးပါသည်။ ရွှေ့ပြောင်းလုပ်သားများမှာ သုံးလအလုပ်လုပ်ခွင့် ပါမစ်လျှောက်ထားရန် လိုအပ်သော်ငြားလည်း ထိုင်ဝမ် (တရုတ်) တွင် အနည်းဆုံး ၁၂ နှစ် အလုပ်လုပ်ခဲ့ဖူးသောသူများသာလျှောက်ထားနိုင်ခဲ့ပါသည်။ မတ်လတွင် ကန်ထရိုက်စာချုပ်များ သက်တမ်းပြီးဆုံးသော ရွှေ့ပြောင်းလုပ်သားအများအပြားသည် အဆိုပါ အလုပ်ပါမစ်ကိုပြန်လည်လျှောက်ထားရန် အရည်အချင်းမပြည့်မီဖြစ်ခဲ့ကြပြီး အစိုးရက ၂၀၂၀ ပြည့်နှစ် မေလတွင် ထိုမူဝါဒကို ပြင်ဆင်ချက်ထုတ်ခဲ့သည့်တိုင်အောင် ရွှေ့ပြောင်းလုပ်သားများသည် ဤအကြောင်းကြောင့် ဝင်ငွေအရင်းအမြစ်တစ်ခုမှမရှိဘဲ ခါးစည်းခံခဲ့ကြပါသည် (HRWG ၂၀၂၀)။

၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် **ထိုင်းနိုင်ငံ**သည် အလိုအလျောက်ဗီဇာ သက်တမ်းတိုးခြင်း ပုံမှန်လုပ်ငန်းစဉ်တစ်ခုကို ယာယီနေထိုင်မှုအခြေအနေနှင့် နိုင်ငံတွင်းရောက်ရှိနေခဲ့သော ရွှေ့ပြောင်းနေထိုင်သူများအတွက် အတည်ပြုခဲ့ပါသည်။ ထိုလမှာပင် ငါးလုပ်ငန်းဦးစီးဌာနသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွှေ့ပြောင်းငါးဖမ်းသမားများအတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ကြေငြာခဲ့ပါသည် (ILO ၂၀၂၀ ခ)။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာတွင် ထိုင်းနိုင်ငံအစိုးရသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အရည်အချင်းပြည့်မီသော ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်း

လုပ်သားများကို ၎င်းတို့၏ အခြေအနေကို တရားဝင်ဖြစ်အောင် ပြုလုပ်ရန်နှင့် ထိုင်းနိုင်ငံတွင် ၂ နှစ်ကြာ တရားဝင်အလုပ်လုပ်ရန် ခွင့်ပြုမည်ဆိုသည်ကို ကြေညာခဲ့ပါသည် (Wongsamuth ၂၀၂၀)။

ဤ ၂ နှစ်သက်တမ်းတိုးနှင့်အတူ သတိပြုမိလောက်အောင်ဖြစ်သော ဝန်ဆောင်ခတိုးလာခြင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များလည်းအတူပါလာရှိပြီး အစိုးရမှပြဋ္ဌာန်းထားသော ကျန်းမာရေးစစ်ဆေးခံမှုအပါအဝင် ရွှေ့ပြောင်းလုပ်သားများမှ စုစုပေါင်းကုန်ကျငွေသည် ခန့်မှန်းခြေအားဖြင့် (၈,၆၈၀) ဘတ် (အမေရိကန်ဒေါ်လာ ၂၇၇) ဖြစ်သဖြင့် ယင်းသည် ၎င်းတို့အား ဝန်ထုတ်ဝန်ပိုးဖြစ်စေခဲ့ပါသည် (MWG ၂၀၂၁)။ အလုပ်သမားအရေးထောက်ခံအားပေးသူများ၏ ပြောဆိုချက်အရ ဤဝန်ဆောင်ခငွေပမာဏမှာ ရွှေ့ပြောင်းလုပ်သားအများစုအတွက် မတတ်နိုင်သောပမာဏဖြစ်ပြီး ပွဲစားများ သို့မဟုတ် အလုပ်ရှင်များထံတွင် အကြွေးပိုနက်စေမည့်အဖြစ်သို့ ၎င်းတို့အား တွန်းပို့နိုင်ပါသည်။ ထို့အပြင် အလုပ်သမားများ၏ များပြားသောအစိတ်အပိုင်းမှာ ၎င်းတို့၏ အလုပ်ရှင်များ၏ ထောက်ခံပေးမှုမရှိခြင်းကြောင့် မှတ်ပုံတင်နိုင်ခြင်းမရှိကြဘဲ ယင်းသည် ၎င်းတို့အား လုပ်သားနှိပ်စက်ညှဉ်းပမ်းမှုကို ပိုမိုထိခိုက်လွယ်ခြင်းအလားအလာကို ဖြစ်စေပါသည် (Blomberg ၂၀၂၀ ခ)။ လက်လှမ်းမမီသော ဗီဇာသက်တမ်းတိုးမှတ်ပုံတင်ခြင်းနှင့် ကုန်ကျစရိတ်မြင့်မားခြင်း စသည်တို့ကြောင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ရွှေ့ပြောင်းလုပ်သားများ ၅၀၀,၀၀၀ ဦးမှာ ပုံမှန်မဟုတ်သောအခြေအနေသို့ ရောက်ရှိသွားပြီး ဤအတားအဆီးများကြောင့် ၁.၅ သန်းအထိသည် ဥပဒေအရ ပုံမှန်မဟုတ်သောအခြေအနေသို့ ရောက်ရှိသွားနိုင်သည့် အန္တရာယ်ရှိကြောင်း ရွှေ့ပြောင်းသွားလာမှုလုပ်ငန်းအဖွဲ့မှ ခန့်မှန်းထားပါသည် (The Momentum ၂၀၂၁)။

မူရင်းနိုင်ငံများ၏ ရွှေ့ပြောင်းလုပ်သားများအပေါ် ကန့်သတ်ချက်များမှာ အလားတူပုံစံအတိုင်း လိုက်ပါဆောင်ရွက်နေခဲ့ပါသည်။ ကမ္ဘောဒီးယားအစိုးရသည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ၁၄ ရက်အကြာ ဖနွမ်းပင်နှင့် တခွန်မော်တို့တွင် လော့ခ်ဒေါင်းချခြင်းတစ်ခု စတင်ခဲ့ပါသည်။ ထို့အပြင် ပြည်နယ်များအကြား ခရီးသွားလာခြင်းကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ၁၄ ရက်အကြာ ပိတ်ပင်ထားပါသည်။ ဤကဲ့သို့ ဆောင်ရွက်ချက်များကြောင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လနှင့် ဖွန်လကြား နိုင်ငံတကာခရီးသွားလာမှုထိန်းချုပ်ခြင်းများတွင် အတိုင်းအတာအမှတ် +၂.၀၀ ဖြင့် လုံးဝဥဿုံပြောင်းလဲခြင်းကို အကျိုးဆက်အဖြစ် ရရှိခဲ့ပါသည် (University of Oxford, n.d.)။ အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံသားမဟုတ်သောသူများ ဝင်ရောက်ခြင်းကို တားမြစ်ထားခြင်း၊ ကိုဗစ်-၁၉ PCR စမ်းသပ်စစ်ဆေးခြင်း ရလဒ် (ရောဂါမရှိ) အနုတ်လက္ခဏာနှင့် အင်္ဂလိပ်ဘာသာဖြင့်ရေး သားထားသော တရားဝင်ထောက်ခံချက်တစ်ခုတို့ကို တင်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားသော အလုပ်သမားများကို ခွင်းချက်အနည်းငယ်ဖြင့် တားဆီးထားခြင်းကို ဆောင်ရွက်သော်လည်း ဤညွှန်ကြားချက်များသည် နိုင်ငံတကာခရီးသွားလာမှု ထိန်းချုပ်ခြင်းတွင် ကမ္ဘာ့ကပ်ရောဂါမဖြစ်သောအခြေအနေနှင့် နှိုင်းယှဉ်ပါက လုံးဝဥဿုံ ပြောင်းလဲခြင်း၏အနိမ့်ပိုင်းဖြစ်သော အတိုင်းအတာ +၁.၀၀ ကို အကျိုးဆက်အဖြစ်ရရှိခဲ့ပါသည်။ အလားတူ မြန်မာနိုင်ငံ၏ နယ်စပ်ကန့်သတ်ချက်များသည် နိုင်ငံတကာခရီးသွားလာမှု ထိန်းချုပ်ခြင်းများတွင် ပြောင်းလဲမှု +၂.၀၀ အဆင့်ကိုတုံ့ပြန်မှုရခဲ့သလို ဖိလစ်ပိုင်နိုင်ငံတွင်ရှိသောသူများသည် +၁.၀၀ ပြောင်းလဲမှုဖြင့် ပါဝင်ခဲ့ပြီး၊ ဗီယက်နမ်ရှိ ခရီးသွားကန့်သတ်ချက်များသည်လည်း လုံးဝဥဿုံပြောင်းလဲမှုအဆင့် +၁.၀၀ ကို ရရှိခဲ့ပါသည် (University of Oxford, n.d.)။

## ပင်လယ်စာဝယ်ယူသူများသည် ပြဿနာများကို အသိအမှတ်ပြုသော်လည်း တိုးတက်မှုသည် နှောင့်နှေးလျက်ရှိနေခြင်း – (ထိုင်းနိုင်ငံကို ဖြစ်ရပ်တစ်ခုအနေဖြင့် လေ့လာခြင်း)

ကမ္ဘာအနှံ့ အစားအစာလက်လီရောင်းချသူများ – ထိုင်းပင်လယ်စာဝယ်ယူသူများနှင့် လုပ်ငန်းအုပ်စုများသည် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ငါးဖမ်းသမားများနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သောအလုပ်သမားများရင်ဆိုင်နေကြရသော အခက်အခဲများကို အသိအမှတ်ပြုသော်လည်း အဆိုပါစိန်ခေါ်မှုများကိုတုံ့ပြန်ရန် ကြိုးပမ်းမှုများမှာ အကန့်အသတ်ရှိနေခဲ့ပါသည်။ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ၏ တုံ့ပြန်မှုများမှကျန်ရှိခဲ့သော အတော်အတန်ကြီးမားသောကွာဟချက်များကို ဖြည့်ဆည်းပေးပါရန် အန်ဂျီအို (အစိုးရမဟုတ်သော အဖွဲ့အစည်းများ) များကို ပန်ကြားထားပါသည်။ ဤကဏ္ဍတွင် ထိုင်းနိုင်ငံကို ဖြစ်ရပ်မှန်လေ့လာမှုတစ်ခုအနေဖြင့် အသုံးပြုထားပြီး ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ငါးဖမ်းသမားများ ရင်ဆိုင်နေကြရသောအခက်အခဲများကို ပင်လယ်စာပြုပြင်ထုတ်လုပ်သောလုပ်ငန်း၏ တုံ့ပြန်မှုများပေါ်တွင် အာရုံစိုက်ထားပါသည်။

ကမ္ဘာ့အကြီးဆုံး တူနာငါးထုတ်လုပ်သူများဖြစ်သော ထိုင်းယူနီယံ အစားအစာသည် ၎င်း၏ များစွာသောငါးဖမ်းလုပ်သားထု၏ လိုအပ်ချက်များကို ပိုမိုအာရုံစိုက်ကာတုံ့ပြန်မှုအတွက် ချီးကျူးမှုများ

ရရှိခဲ့ပြီး ပုံနှိပ်ထုတ်ဝေသော သဘောထားအမြင်ဆောင်းပါးတွင် လုပ်ငန်း၏စီးပွားရေးမော်ဒယ်မှ အလုပ်သမားများအပေါ် အကျိုးသက်ရောက်မှုများကို မီးမောင်းထိုးပြခဲ့ပါသည်။

ကမ္ဘာ့တစ်ဝှမ်းစီးပွားရေးလုပ်ငန်းများအတွက် ကမ္ဘာ့ကပ်ရောဂါကာလတစ်လျှောက် ရွှေ့ပြောင်းအလုပ်သမားများအား ကူညီပံ့ပိုးပေးခြင်းသည် ကျင့်ဝတ်သိက္ခာသာမက ထိရောက်သော စီမံခန့်ခွဲမှု၏ မေးခွန်းတစ်ခုဖြစ်ပါသည်။ ကွန်စနစ်နှင့် နှိပ်စက်ညှင်းပန်းမှုများအပါအဝင် နိုင်ငံတကာထောက်ပံ့ရေးကွင်းဆက်၏ အမည်းစက်ထင်ခြင်းများ၊ မျှဝေနိုင်သော ရင်းမြစ်များ၏ တန်ဖိုးကြီးသော ပျက်စီးခြင်း၊ စီးပွားရေးတံ့ဆိုင်းမှုနှင့် ပို့ကုန်ပိတ်ဆို့မှုများ၏ ခြိမ်းခြောက်မှု၊ အလုပ်သမားစရိတ်များ ဖြတ်တောက်ရန် ဖိအားပေးမှု မြင့်တက်လာစဉ်အတွင်း ဤရေတိုတွေးတောချက်များသည် ပုံမှန်ထက် ကြီးမားများပြားသောပေးဆပ်ရခြင်းနှင့်အတူ ဖြစ်လာပေလိမ့်မည်။ စီးပွားရေးခေါင်းဆောင်များသည် အလုပ်သမားအားလုံးအတွက် တန်းတူညီမျှသော အလုပ်အကိုင်လုံခြုံမှုပေးခြင်းအားဖြင့် ၎င်းတို့၏ ရှယ်ယာရှင်များ၊ ၎င်းတို့၏ အလုပ်သမားများနှင့် လူ့အဖွဲ့အစည်းတို့အတွက် အဓမ္မအလုပ်စေခိုင်းမှု ပြန်လည်ရှင်သန်လာခြင်းကို တွန်းလှန်ရန်တာဝန်ရှိပါသည် (McBain ၂၀၂၀)။

ထိုင်းနိုင်ငံရှိ ပင်လယ်စာပြုပြင်ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်သူများမှ "ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ရန်" သို့မဟုတ် "ပြန်လည်တွေးခေါ်ရန်" လူထုကို ကတိကဝတ်ပြုထားခြင်း မရှိသေးပါ။ ဥပမာအားဖြင့်[18] – ကမ္ဘာအနှံ့ အဝတ်အထည်လုပ်ငန်းတွင် ဖြစ်ပေါ်နေသည့်အတိုင်း၊ ဤလုပ်ငန်း၏ သက်ရောက်မှုမှာ ယင်း၏ ကုန်ပစ္စည်းပေးသွင်းသူများ၊ ယင်း၏ အလုပ်သမားများနှင့် ကမ္ဘာ့ကပ်ရောဂါကာလအလွန် ကမ္ဘာကြီး၏ ပတ်ဝန်းကျင်စသည်တို့တွင် ရိုက်ခတ်ပါသည်။

ယေဘုယျအားဖြင့် လုပ်ငန်းဆိုင်ရာတုံ့ပြန်မှုများသည် အစိုးရ၏ ဦးဆောင်မှုကိုလိုက်နာနေကြပြီး အလုပ်သမားများ၏ ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ အစိုးရ၏အနိမ့်ဆုံးသောသတ်မှတ်ချက်များထက်ကျော်လွန်၍ အစီအမံများကို သိသိသာသာ ဖွံ့ဖြိုးတိုးတက်စေခဲ့သော စေတနာ့ဝန်ထမ်းအသင်းအဖွဲ့များ မရှိသေးပါ။ ဤလုပ်ငန်းဆိုင်ရာတုံ့ပြန်မှုသည် ပိုကြီးသောပို့ကုန်မျက်နှာစာနှင့် အများပိုင်ကုမ္ပဏီများ၏ တုံ့ပြန်မှုများနှင့် အသေးစား သို့မဟုတ် အလတ်စား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများမှ တုံ့ပြန်မှုများအကြား သိသာထင်ရှားသော ကွဲပြားမှုများအပါအဝင် ကုမ္ပဏီတစ်ခုချင်းစီ၏ တစ်စုံတစ်ခုသောအဆင့်အထိ စွမ်းဆောင်နိုင်မှုနှင့် ဆန္ဒတို့ကို ချန်ထားခဲ့ပါသည်။

ကုမ္ပဏီ၏ တုံ့ပြန်မှုများသည် ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးမှုနှင့် အချို့သောကိစ္စများတွင် အလုပ်သမားများကို PPE ထောက်ပံ့ခြင်းနှင့် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခြင်းများကို အာရုံစိုက်ခဲ့ကြပါသည် (ထိုင်းယူနီယံ ၂၀၂၁ ခ၊ ထိုင်း PBS သတင်း ၂၀၂၁)။ ထူးခြားသည်မှာ၊ ၎င်း၏ အလုပ်သမားများကြားတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို တွေ့ရှိထားသော်လည်း "ပူဖောင်းနှင့် အလုံပိတ်ခြင်း" မူဝါဒကြောင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သည့် စက်ရုံအားလုံး နီးပါးသည် ဆက်လက်ဖွင့်လှစ်ပြီး လည်ပတ်နေပါသည် (Prachachat ၂၀၂၁)။[19] ထိုင်းယူနီယံအဖွဲ့သည် အလုပ်ရှင်မှပေးထားသော အဆောင်များနှင့် စက်ရုံအကြား သယ်ယူပို့ဆောင်ရေးနေစဉ်အတွင်း အလုပ်သမားများအကြား လူအချင်းချင်း ခပ်ခွာခွာနေခြင်းကို တိုးတက်ကောင်းမွန်လာစေရန်အတွက် နောက်ထပ်ဘတ်စ်ကားများ ပံ့ပိုးပေးခဲ့ပါသည်။[20] အလုပ်ရှင်ပေးထားသော နေရာထိုင်ခင်းတွင် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ အစီအမံများ မည်သို့ကျင့်သုံးနေသည်ကိုတော့ လုပ်ငန်းမှအစီရင်ခံခြင်းမရှိပါ။ Nautilus အမှတ်တံဆိပ်အောက်တွင် စည်သွပ်ဘူးပင်လယ်စာထုတ်ကုန်များကို ထုတ်လုပ်သည့် ပတ္တယားအစားအစာလုပ်ငန်းအုပ်စုသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် ထိုင်းနိုင်ငံ၌ အလွန်ချီးကျူးခံရသည့် "သီးခြားခွဲထုတ်စောင့်ကြည့်သည့် စက်ရုံ (ကွာရန်တင်း)" အဆောက်အအုံ၏ နောက်ကွယ်မှကုမ္ပဏီဖြစ်ပြီး ၎င်း၏ အလုပ်သမားများအကြား ကိုဗစ်-၁၉ တွေ့ရှိခဲ့ပြီးနောက် စက်ရုံကို ကုတင် ၆၀၀ ဆံ့ သီးခြားခွဲထုတ်စောင့်ကြည့်သည့် (ကွာရန်

18 ဥပမာအားဖြင့်၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့၊ AP သတင်းမှာ ဖော်ပြသောThomas Adamson နှင့် Francoise Mori တို့ ရေးသားထားသည့် "ဗိုင်းရပ်စ်သည် ပြန်လည်တွေးခေါ်ခြင်းကို မဖြစ်မနေတွန်းအားပေးနေစဉ် ဖက်ရှင်လုပ်ငန်း၏ ဆင့်ကဲပြောင်းလဲမှုများ" ကောက်နုတ်ချက်

19 ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏အဆိုအရ ထိုင်းနိုင်ငံရှိ စုစုပေါင်းရောဂါကူးစက်သူ၏ ခန့်မှန်းခြေအားဖြင့် ၁၅ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်ကြပါသည်။ ၎င်းကိုရောဂါဖြစ်ပွားမှုစုစုပေါင်း၏ အနည်းစုဟုမြင်ရသော်လည်း ရွှေ့ပြောင်းသွားလာသူများသည် အချိုးအစားမမျှတစွာ ကူးစက်ခံရခြင်းဖြစ်ပါသည်။ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ရွှေ့ပြောင်းလုပ်သားဦးရေ ၁,၀၀၀ တိုင်းတွင် ၂၂.၀၄ ဦးသည် ရောဂါကူးစက်ခြင်းခံခဲ့ရပါသည် (ကမ္ဘာ့ကုလသမဂ္ဂ ရွှေ့ပြောင်းသွားလာမှုကွန်ယက် ၂၀၂၁)။ ပင်လယ်စာပြုပြင်ထုတ်လုပ်ရေးကဏ္ဍ၏ သီးသန့်ကိန်းဂဏန်းများကို မရရှိနိုင်ခဲ့ပါ။ ရောဂါကူးစက်မှုနှုန်းသည် လုပ်ငန်းခွင်၌ လူအချင်းချင်းခပ်ခွာခွာနေမှုမရှိခြင်း၊ ယေဘုယျအားဖြင့် လူစုလူဝေးနှင့်နေထိုင်ရသည့် အခြေအနေများနှင့် ကျန်းမာရေးအသိပညာပေးမှုနှင့် PPE တို့အတွက် အခွင့်အလမ်းများ အားနည်းနေခြင်းတို့ အပါအဝင်ဖြစ်သော ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသည့် အန္တရာယ်များကို ထင်ဟပ်ပြပါသည်။

20 ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်စွဲပါ ထိုင်းယူနီယံနှင့်အီးမေးဆက်သွယ်မှု

တင်း) အဆောက်အအုံအဖြစ်သို့ပြောင်းလဲခဲ့ပြီး ထိုသို့ဆောင်ရွက်ခြင်းသည် ၎င်း၏အသင်းအဖွဲ့အလိုက် လူမှုဆိုင်ရာတာဝန်ယူမှုအတွက် အားထုတ်ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည် (Taylor ၂၀၂၁)။ သီးခြားခွဲထုတ်စောင့်ကြည့်သည့် (ကွာရန်တင်း) အဆောက်အအုံများကို တည်ဆောက်ရန် ထုတ်လုပ်မှုကို အများအပြောအရ ရက်အနည်းငယ်ကြာ ပိတ်ထားခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင့်သုံးခဲ့သော "ပူဖောင်းနှင့် အလုံပိတ်ခြင်း" ကိုင်တွယ်ဖြေရှင်းနည်းဖြင့် မကြာမီပြန်လည်စတင်ခဲ့ပါသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော အလုပ်သမားများနှင့် အိမ်ထောင်စုများအတွက် ကုမ္ပဏီများကလည်း စမွတ်စခွန်တွင် သီးခြားခွဲထုတ်စောင့်ကြည့်သည့်ခံနေရသော ပင်လယ်စာပြုပြင်ထုတ်လုပ်ရေး လုပ်သားများအားလှူဒါန်းသော အစားအစာနှင့် အချိုရည်များ စီစဉ်ပေးခြင်းကဲ့သို့ အခြေခံလူသားချင်းစာနာထောက်ထားမှု အကူအညီအချို့ကို ရောဂါကူးစက်ခံရသော အလုပ်သမားများပေးအပ်ခြင်းအားဖြင့် တုံ့ပြန်ခဲ့ကြပါသည် (Wongsamuth ၂၀၂၁ ခ)။[21] အချို့သောကုမ္ပဏီများသည် ကမ္ဘာအနှံ့ ကူးစက်ခံရသော လူ့အဖွဲ့အစည်းများဆီသို့ ၎င်းတို့၏ ထုတ်ကုန်များကို လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ သို့သော်လည်း ငါးဖမ်းလုပ်ငန်းနှင့် ၎င်း၏ အသင်းအဖွဲ့များသည် ကိုယ်တိုင်သီးခြားခွဲထုတ်စောင့်ကြည့်ခံရန် လိုအပ်နေသော အလုပ်သမားများအတွက် ဆေးခွင့်ဆိုင်ရာခံစားခွင့်များ သို့မဟုတ် ဝင်ငွေဆုံးရှုံးခြင်းအတွက် နစ်နာကြေးတို့နှင့်စပ်လျဉ်း၍ ပြတ်သားသောမူဝါဒများကို ဖော်ဆောင်ရန် ပျက်ကွက်ခဲ့ပါသည်။ အရည်အချင်းပြည့်မီသော အလုပ်သမားများအတွက် လူမှုဖူလုံရေးရပိုင်ခွင့်များ ရယူနိုင်ရန် တစ်စုံတစ်ရာ အားထုတ်ကြိုးပမ်းပေးမှုမျိုးလည်းပဲ မရှိခဲ့ကြပါ။

ပင်လယ်စာအထူးလုပ်ငန်းအဖွဲ့ – အရေးပါသော ပင်လယ်စာ လက်လီ ဖြန့်ချိသူများနှင့် ပြုပြင်ထုတ်လုပ်သူများမှ ဖန်တီးခဲ့သော ဆန္ဒအလျောက်ဆောင်ရွက်သည့် ပုဂ္ဂလိကစည်းမျဉ်းအစီအစဉ် – သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုင်းနိုင်ငံ ပင်လယ်စာထောက်ပံ့ရေး ကွင်းဆက်တလျှောက်အခြေအနေများ တိုးတက်ကောင်းမွန်စေရေးကတိကို အသစ်တဖန်စတင်ခဲ့သော်လည်း ၎င်း၏ အချက် (၁၀) ချက်ပါ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်သည် ကိုဗစ်-၁၉ ကို အုပ်စု၏ အစီအစဉ်များ၏ အဟန့်အတားတစ်ခုအဖြစ်သာ ရည်ညွှန်းထားပြီး အလုပ်သမားများနှင့် သင်္ဘောပိုင်ရှင်များ၏ ကုန်ကျစရိတ်များကို ဖော်ပြထားခြင်းမရှိပါ (ပင်လယ်စာအထူးလုပ်ငန်းအဖွဲ့ ၂၀၂၁)။ ထိုင်းနိုင်ငံ CSO ညွန့်ပေါင်းအဖွဲ့နှင့် အခြားသော လုပ်သားအခွင့်အရေးထောက်ခံအားပေးသူများမှ ကမ္ဘာအနှံ့မှ ဝယ်ယူသူများသည် (အဓမ္မအလုပ်စေခိုင်းခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းကို ရပ်တန့်ရန် "တိုးတက်မှုနှေးငှေ့နေခြင်း" ကို ပြုလုပ်နေကြကြောင်းနှင့် အလုပ်သမားများ၏ လစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အလမ်း၏ တိုးတက်ကောင်းမွန်မှုကို တာဝန်ယူရန်လိုအပ်ကြောင်း စောဒကတက်ခဲ့ကြပါသည် (Wongsamuth ၂၀၂၁ ဃ၊ Rogovin ၂၀၂၁)။

# နိဂုံးချုပ်

ကမ္ဘာ့ကပ်ရောဂါအကြီးကာလအတွင်း လုပ်ငန်းများ၏ လုပ်သားဆိုင်ရာ အလေ့အထများနှင့် ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များကို အာရုံစိုက်ထားသော်လည်း "ကွယ်လျှင်မေ့သည်" ဟူသော ဆိုရိုးစကားသည် ကိုဗစ်-၁၉ ခေတ်တွင် စီးပွားဖြစ်ငါးဖမ်းလုပ်ငန်း၌ မှန်ကန်နေသည်ဟု မြင်ရပါသည်။ ယင်းသည် အစိုးရများနှင့် အလုပ်ရှင်များအနေဖြင့် ကာကွယ်စောင့်ရှောက်ပေးမှု မရှိသော လုပ်ငန်းများရှိ ရွှေ့ပြောင်းငါးဖမ်းသမားများအတွက် နစ်ခါပြန်မှန်ခြင်းဖြစ်ပါသည်။

သို့သော် ငါးဖမ်းလုပ်ငန်းနှင့် ငါးဖမ်းသမားများအပေါ် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုကို ပြီးပြည့်စုံပြီး အရေအတွက်အရ တိုင်းတာခြင်းသည် တိကျရန်ခက်ခဲပါသည်။ လုပ်ငန်း၏ တိုင်းတာမှုစနစ်နှင့် အလေ့အထများသည် နိုင်ငံတော်အဆင့်တွင် မကြာခဏ နားလည်ရန်ခက်ခဲပြီး လုပ်သားအလေ့အထများနှင့် ပတ်သက်၍ မီဒီယာအစီရင်ခံခြင်းနှင့် တရားဝင်အချက်အလက်ကို ဤလုပ်ငန်းအကျဉ်းတွင် အကျုံးဝင်သည့် နိုင်ငံများအနက်မှ တစ်ခုဖြစ်သည့် ထိုင်းနိုင်ငံမှသာလျှင် များစွာရရှိနိုင်ခြင်းသည်

21 ဥပမာအားဖြင့် "ထိုင်းနိုင်ငံတွင် CP အစားအသောက်မှ ရွှေ့ပြောင်းအလုပ်သမားများနှင့် ဆေးဝန်ထမ်းဆီသို့ အစားအသောက် အကူအညီများလှူဒါန်းခြင်း"၊ ကြက်၊ ဘဲ မွေးမြူရေးနေရာ၊ ၂၀၂၁ ဇန်နဝါရီလ ၈ ရက်၊ "ထိုင်းယူနီယံမှ ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူ့အဖွဲ့အစည်းအတွက် ထိုင်းဘတ်ငွေ တစ်သန်းတန်ဖိုးရှိ SEALECT ထုတ်ကုန်များလှူဒါန်းခြင်းနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက်"၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်နှင့် CPF "CP အုပ်စုနှင့် CP အစားအသောက်မှ ထိုင်းနိုင်ငံ၏ ကိုဗစ်-၁၉ အပေါ် ကိုင်တွယ်ဖြေရှင်းမှုများကို အကူအညီပေးရန် ကိုဗစ်သက်သာလျော့ပါးရေးကြိုးပမ်းအားထုတ်မှုအဆင့်ဆင့်ပြုလုပ်ခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်" ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်။

သတိပြုဖွယ်ကောင်းပါသည်။ ဤနိုင်ငံများတွင် ငါးဖမ်းလုပ်ငန်းမှ အလုပ်အကိုင်နှင့်ပတ်သက်သည့် ပြီးပြည့်စုံပြီး အဓိပ္ပါယ်ရှိသောဒေတာအချက်အလက်- ဥပမာအားဖြင့် လုပ်ငန်းခွင်အခြေအနေ လုပ်သားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများနှင့် လုပ်ခလစာနှင့်ပတ်သက်သည့် ဒေတာအချက်အလက်များ – မရှိမှုသည် သုတေသီများတွင် တိုင်းတာရမည့် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုနှင့် ယှဉ်ရမည့် အခြေခံမျဉ်းအတိုင်းအတာမရှိပါဟု ဆိုလိုခြင်းဖြစ်ပါသည်။

အာရှတိုက်ရှိ ငါးဖမ်းလုပ်ငန်းမှ လုပ်သားဆိုင်ရာအလေ့အထနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် ဒေတာအချက်အလက်နည်းပါးမှုသည် ခက်ခဲသည့်အခြေအနေအတွက် ဒေတာကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာကို ဆောင်ရွက်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ဤဒေတာအချက်အလက်သည် အခြေခံဖြစ်ပြီး ယုံကြည်စိတ်ချရသောလုပ်ငန်း၏ လုပ်သားအင်အားနှင့် သတ်မှတ်တာဝန်များနှင့် စည်းကမ်းချက်များအရ သူတို့အလုပ်လုပ်ကိုင်နေမှုတို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များထက် ပိုမိုရှာဖွေရလွယ်ကူပြီး အများအားဖြင့် ကောက်ယူရရှိနိုင်သည် ဖြစ်ပါသည်။ ယင်းကို အဓိကအားဖြင့် ဥပဒေဖြင့်ထိန်းကျောင်းသူများနှင့် ဝယ်ယူသူများအပြင် မီဒီယာ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် သုတေသီ များ၏ ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် မဖြစ်မနေပြောင်းလဲရမည်ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ အချက်လေးချက်သည် အထက်ပါ ခွဲခြမ်းစိတ်ဖြာမှုအရ သိသာထင်ရှားပါသည်။ ပထမအချက်အနေဖြင့် ငါးဖမ်းလုပ်ငန်း လှုပ်ရှားသက်ဝင်မှုနှင့် ကုန်သွယ်မှုကျဆင်းလာခြင်းသည် ၂၀၂၀ နှစ်လယ် အစောပိုင်းကာလတွင် သိသာထင်ရှားခဲ့ပြီး နှစ်အလိုက်ကုန်သွယ်မှုပမာဏ၊ တန်ဖိုးနှင့် ငါးဖမ်းလုပ်ငန်းလှုပ်ရှားသက်ဝင်မှုကို အဝေးမှခန့်မှန်းခြင်းတို့အပါအဝင်သည် ၂၀၁၉ ခုနှစ်၏ အဆင့်များထက် နောက်ကျကျန်ရစ်ခဲ့ပါသည်။ ဤလုပ်ငန်းအကျဉ်းတွင် ဆန်းစစ်ထားသော နိုင်ငံများမှ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂဈေးကွက်များဆီသို့ သွင်းကုန်တင်ပို့မှုသည် ၂၀၂၀ ပြည့်နှစ်အတွင်း ခန့်မှန်းခြေအားဖြင့် ၁၄ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ (ပုံ ၂ တွင် ကြည့်ပါ)။

ဒုတိယအချက်အနေဖြင့် ငါးဖမ်းလုပ်ငန်းအများစုသည် အသွားအလာကန့်သတ်ခြင်း သို့မဟုတ် ကိုဗစ်–၁၉ မူဝါဒများကို လိုက်နာကျင့်သုံးရမှုအနည်းငယ်ကိုမျှ မခံစားရဘဲ ၎င်းတို့ကို ယခင်ကကဲ့သို့ လုပ်ငန်းလည်ပတ်ခွင့်ပြုထားသောကြောင့် ရောင်းလိုအားပြဿနာထက် ဝယ်လိုအားထိုးကျခြင်းသည် ငါးဖမ်းလုပ်ငန်းသက်ဝင်ကျဆင်းရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်ကြောင်း သိသာထင်ရှားပါသည်။ ရွှေ့ပြောင်းသွားလာသူများအတွက် အလုပ်အကိုင်အခြေအနေပေါ်တွင် နယ်စပ်ပိတ်ခြင်းနှင့် ရှုပ်ထွေးမှုများသည် ရှင်သန်နေထိုင်မှုများ – အထူးသဖြင့် ကမ်းဝေးငါးဖမ်းသမားများအကြား–ကို ဗရမ်းဗတာဖြစ်စေသည့်အပြင် ငါးဖမ်းလုပ်ငန်းမှ အလုပ်အကိုင်များအတွက် လုပ်သားဈေးကွက်များကို အနှောက်အယှက်ပြုခဲ့ပါသည်။ သို့သော် ပုံမှန်အားဖြင့် အလုပ်သမားများ၏ လုပ်ခလစာအပေါ် လွှမ်းမိုးနိုင်မှု တိုးတက်လာခြင်းကို ဖြစ်ကောင်းဖြစ်စေနိုင်သည့် လုပ်သားဈေးကွက်တင်းကျပ်မှုသည် ငါးဖမ်းလုပ်ငန်းဆောင်ရွက်မှု ကျဆင်းလာခြင်းနှင့် လက်ရှိအခြေအနေကို အနှောက်အယှက်ပြုမိမှာ စိုးရိမ်ခြင်းတို့ကြောင့် ပြန်ထေခြင်းခံရသည်ဟု မြင်မိပါသည်။

တတိယအချက်အနေဖြင့် ငါးဖမ်းသမားများအတွက် ဥပဒေအကာအကွယ်များနှင့် ကမ္ဘာ့ကပ်ရောဂါ သီးသန့်ထောက်ပံ့ကြေးများကို နိုင်ငံသားများနှင့် ရွှေ့ပြောင်းသွားလာခြင်း မဟုတ်သည့်သူများအတွက် ခြုံငုံလျှက် ရရှိနိုင်ပါသည်၊ ဤသို့ အလုပ်သမားများကို နှိုင်းယှဉ်မရအောင် ခြားနားလွန်းသော ပြုမူဆက်ဆံခြင်းသည်– ရွှေ့ပြောင်းသွားလာသူများဖြင့် လုပ်သားထု၏ အများစုအဖြစ် ဖွဲ့စည်းထားသော ထိုင်းနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံရှိ ငါးဖမ်းလုပ်ငန်းများတွင် သတိပြုမိလောက်အောင်ထင်ရှားပြီး ခွဲခြားဆက်ဆံပြုမူခြင်းကို ဆက်လက်တည်တံ့စေသော ပိုမိုများပြားသော လူမှုရေးကွာဟချက်နှင့် မူဝါဒများ၏ ထင်ဟပ်ချက်ဖြစ်ပါသည်။ ငါးဖမ်းသမားများ၏ လူမှုဆိုင်ရာကာကွယ်စောင့်ရှောက်မှု အခွင့်အလမ်းသည် ယေဘုယျအားဖြင့် ပိုမိုတရားဝင်ဖြစ်သောကဏ္ဍများတွင် အလုပ်လုပ်နေသော ရွှေ့ပြောင်းသွားလာသူများအတွက် ပေးသည့် အခွင့်အလမ်းများထက် ပိုမိုကန့်သတ်ခံရခြင်း (လုပ်ရိုးလုပ်စဉ်လုပ်ငန်းအားဖြင့်) သို့မဟုတ် ပိုမိုအားနည်းနေသောကြောင့် ဤချန်လှပ်ထားခြင်းသည် ငါးဖမ်းသမားများအပေါ် တရားမျှတမှု မရှိပါ။

နောက်ဆုံးအချက်အနေဖြင့် အလုပ်အကိုင်၊ ကုန်သွယ်မှုနှင့် အလုပ်သမားအလေ့အထများဆိုင်ရာ စည်းမျဉ်းများအပေါ် ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုပမာဏသည် ပင်လယ်စာဝယ်ယူသူများ၏ ဆန္ဒအလျောက် အသင်းအဖွဲ့အလိုက် လူမှုဆိုင်ရာတာဝန်ယူမှုနှင့် ရေရှည်တည်တံ့မှုအစီအစဉ်များ၏ ၎င်းတို့၏ လုပ်သားထုကို အကာအကွယ်ပေးရန်အတွက် မလုံလောက်မှုကို ထပ်မံထုတ်ဖော်ခဲ့ပါသည်။ ဒေသတွင်းမှ အဓိကလုပ်ငန်းတစ်ခု၏ ပဏာမခြေလှမ်းဆောင်ရွက်ချက်တွင် နိုင်ငံ၏ ဥပဒေရေးရာမူဘောင်အားကောင်းလာစေရန် ကတိကဝတ်များနှင့် အလုပ်သမားများအတွက် ထိ

ထိရောက်ရောက်လိုက်နာဆောင်ရွက်မှုတို့ကို ၎င်း၏ ဦးစားပေးစာရင်း၏ နောက်ဆုံးမှာထားရှိပါသည်။ (ပင်လယ်စာ အထူးလုပ်ငန်းအဖွဲ့ ၂၀၂၁)။ ယင်းသို့ ကိုယ့်စည်းကမ်းကိုယ်ပျက်ကွက်မှုသည် ကုန်သွယ်ဖက်များအတွက်နှင့် အထူးသဖြင့် အမေရိကန်ပြည်ထောင်စုအတွက် အရေးကြီးလာခဲ့ပြီး ၎င်းတွင် သမ္မတဘိုင်ဒင် အစိုးရကို တောင်းဆိုထားသည့် ပြဋ္ဌာန်းချက်တစ်ခုနှင့်အတူ ၂၀၂၁ ခုနှစ်၊ မတ်လ၌ အတည်ပြုခဲ့သည့် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော် ဥပဒေမူကြမ်းအမှတ် ၁၂၆၀ ၌ –

အမေရိကန်ပြည်ထောင်စုသို့ အဓမ္မအလုပ်စေခိုင်းမှုကို အသုံးပြု၍ ထုတ်လုပ်ထားသော သို့မဟုတ် ဖမ်းဆီးထားသော ပင်လယ်စာ သို့မဟုတ် ပင်လယ်စာထုတ်ကုန်များ တင်သွင်းမှုမရှိစေရေးသေချာစေရန် ပင်လယ်စာသွင်းကုန်များ စိစစ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုထုတ်ပြန်ရန်နှင့် အဓမ္မအလုပ်စေခိုင်းမှုများကို အသုံးပြု၍ဖမ်းဆီးခြင်း သို့မဟုတ် ထုတ်လုပ်နိုင်ဖွယ်ရှိသော သွင်းကုန်များအား ရွေးထုတ်ခွဲခြားနိုင်ရန် ပင်လယ်စာတင်သွင်းမှု စောင့်ကြည့်စစ်ဆေးရေးပရိုဂရမ်၏ ဒေတာများကို အသုံးပြုခြင်းအတွက် မဟာဗျူဟာတစ်ရပ်ကို ဖော်ဆောင်ရန် ယူအက်စ်တီအာ (ယူအက်စ်ကုန်သွယ်မှုကိုယ်စားလှယ်) ကို ယူအက်စ်ကုန်သွယ်ဖက်နိုင်ငံများအား ပင်လယ်စာခြေရာခံခြင်းနှင့် ရေရှည်တည်တံ့မှုအစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်အောင်ဖော်ဆောင်ခြင်းတွင် ပါဝင်ကြိုးပမ်းလာအောင်စည်းရုံးပေးရန် ညွှန်ကြားခြင်း – တို့ ပါဝင်ပါသည်။[22]

## အကြံပြုချက်များ

ကိုဗစ်-၁၉ အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် ILO သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းများကို အခြေခံ၍ မဏ္ဍိုင်လေးရပ်ပါဝင်သည့် မူဝါဒမူဘောင်တစ်ရပ်ကို အဆိုပြုခဲ့ပါသည်။

(၁) စီးပွားရေးနှင့်အလုပ်အကိုင်များကို လှုံ့ဆော်ခြင်း၊
(၂) စီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင်များနှင့် ဝင်ငွေများကို ပံ့ပိုးပေးခြင်း၊
(၃) လုပ်ငန်းခွင်ရှိ အလုပ်သမားများကို အကာအကွယ်ပေးခြင်းနှင့်
(၄) လူမှုဆွေးနွေးမှုများမှ အဖြေရှာခြင်းကို အားထားခြင်း (ILO ၂၀၂၀ (စ) ကို ကြည့်ပါ)။

ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာ့လူဦးရေ၏ ကျန်းမာရေးအပြင် စီးပွားရေးနှင့် လူမှုဘဝပျော်ရွှင်မှုတို့ကို ထိခိုက်မှုဆက်လက်ဖြစ်စေခြင်းကြောင့် ထိုမဏ္ဍိုင်လေးရပ်အတိုင်း ရင်းမြစ်များနှင့် လှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက်စုစည်းဖော်ဆောင်ရေးသည် ငါးဖမ်းခြင်းနှင့် ပင်လယ်စာထုတ်လုပ်ရေးကဏ္ဍများအပါအဝင် အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကြောင်းမှုများအား အကာအကွယ်ပေးရန် အဓိကသော့ချက်အဖြစ် တည်ရှိနေပါသည်။ အဆိုပါကဏ္ဍများတွင် အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သားများအပါအဝင် အလုပ်သမားများအပေါ် စဉ်ဆက်မပြတ်အာရုံစိုက်ခြင်းသည် အရေးပါလှပြီး အထူးသဖြင့် အလုပ်သမားများကို ၎င်းတို့၏ လွတ်လပ်စွာသွားလာမှုကို ပြင်းပြင်းထန်ထန်ကန့်သတ်ထားသောမူဝါဒများဖြင့် “မမြင်ကွယ်ရာ” မှာ အတင်းအကျပ်ခိုင်းစေသော နေရာများ သို့မဟုတ် စောင့်ကြည့်ရန်ခက်ခဲသော ငါးဖမ်းသင်္ဘောများကဲ့သို့ အလုပ်နေရာများကို ပိုမိုအာရုံစိုက်ရမည် ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ရှိနှင့်ပြီးသား မညီမျှမှုများကို ပိုမိုဆိုးရွားလာစေပြီး မူဝါဒဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများသည် ထောက်ပံ့ပစ္စည်းများကို ပံ့ပိုးကူညီမှု အလိုအပ်ဆုံးအလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများထံရောက်ရှိကြောင်း သေချာစေရန် လုပ်ဆောင်ရမည်။ တစ်ချိန်တည်းမှာပင် ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးမူဝါဒများသည် အထူးသဖြင့် အလုပ်သမားအကာအကွယ်ပေးခြင်းနှင့် အလုပ်သမားဥပဒေများ အသက်ဝင်၊ အာဏာတည်မှု အားနည်းသည့်နေရာများဖြစ်သော ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာကဏ္ဍများတွင် ယခင်ရှိပြီးသား အလုပ်လိုအပ်မှုပမာဏနှင့် အလုပ်အကိုင်အခွင့်အလမ်း၊ အလုပ်သမားအခွင့်အရေးနှင့် လူမှုအကာအကွယ်များ မလုံလောက်မှုနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ မညီမျှမှုများကို ရင်ဆိုင်ဖြေရှင်းရန် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းများကို လက်ခံကျင့်သုံးမှု အားပေးမြှင့်တင်ရန် စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းမှုများသည် အလုပ်သမားများအတွက် အခြေခံဖြစ်သော အကာအကွယ်ပေးမှု ကွာဟချက်ကို ဖြေရှင်းရန်အတွက် လိုအပ်ပါသည်။ အသင်းအဖွဲ့ဖွဲ့စည်းမှု အလေ့အထများတွင် ပွင့်လင်းမြင်သာမှုတိုးမြင့်လာခြင်းသည် အလုပ်သမားများ အထူးသဖြင့် ငါးဖမ်းလုပ်ငန်းမှ လုပ်သားများ၏ ဒေတာအချက်အလက်များ ကောက်ယူခြင်းနှင့် ထုတ်ဖော်မှုများ တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်းကဲ့သို့ပင် ထိုအလုပ်သမားများကို ကမ္ဘာ့ကပ်ရောဂါနှင့် ယင်း၏ နောက်ဆက်တွဲကာလအတွင်း မူဝါဒမျက်ကွယ်

22 The Wyden/Crapo အဓမ္မအလုပ်စေခိုင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းစာအုပ်ပြင်ဆင်ချက်ကို https//www.finance.senate.gov/imo/media/docMay%2027% 20Trade % 20Amendment %20 Section %20by %20 Section %20 (FINAL).pdf တွင် ရရှိနိုင်ပါသည်။

အခြေအနေသို့ ရောက်ရှိမသွားစေရန် အရေးပါလှပါသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုများသည် ရွှေ့ပြောင်း လုပ်သားများအပါအဝင် အလုပ်သမားများအားလုံးကို လူမှုကာ ကွယ်စောင့်ရှောက်မှုများ တိုးချဲ့ခြင်းကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ၏ ဆိုး ကျိုးသက်ရောက်မှုကို လျော့ပါးသက်သာစေခြင်းအတွက် အဓိက သော့ချက် ဖြစ်ပါသည်။

အရှေ့တောင်အာရှတွင် ၁၄ ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံ များအဖွဲ့ (အာဆီယံ–ASEAN) ၏ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာဖိုရမ် (AFML) ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ (ရွှေ့ပြောင်းသွားလာမှု အခြေအနေကို ထည့်သွင်းမစဉ်းစားဘဲ) အလုပ်သမားများအားလုံး အပေါ် ဆိုးကျိုးသက်ရောက်မှုကိုတုံ့ပြန်ရန် ရွှေ့ပြောင်းသွားလာမှု၏ အဆင့်တိုင်း၌ ကျား-မရေးရာ လိုအပ်ချက်အလိုက် ဆောင်ရွက်ပေး ခြင်းမူဝါဒများနှင့် ပဏာမခြေလှမ်းများအပြင် ဆက်စပ်ဘတ်ဂျက် များကိုလည်းပဲ တိုးမြှင့်ပေးရန် ထပ်မံတောင်းဆိုခဲ့ပါသည်။ ၁၄ ကြိမ်မြောက် AFML မှ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ရွှေ့ပြောင်း လုပ်သားများအား ကာကွယ်ပေးရန်နှင့် ပြန်လည်ထူထောင်ရေး ကာလအတွင်းနှင့် ကမ္ဘာ့ကပ်ရောဂါအလွန် အနာဂတ်ကာလတို့ တွင် ရွှေ့ပြောင်းလုပ်သားများကို ချန်မထားခဲ့စေရေး သေချာစေ ရန် ဆက်လက်ဆောင်ရွက်ရမည့် လိုအပ်ချက်များကို ကိုင်တွယ် ဖြေရှင်းသည့် အကြံပြုချက်များအပြင် (အာဆီယံ ၂၀၂၁) အောက် ဖော်ပြပါ အကြံပြုချက်များသည် ငါးဖမ်းကဏ္ဍနှင့် ပင်လယ်စာပြုပြင် ထုတ်လုပ်ခြင်းကဏ္ဍများရှိ ရွှေ့ပြောင်းလုပ်သားများ၏ အသေးစိတ် လိုအပ်ချက်များကို မီးမောင်းထိုးပြပါသည်။ ထိုအကြံပြုချက်များ ကို အစိုးရများ၏ ဦးဆောင်မှုနှင့် အလုပ်သမားများနှင့် အလုပ်ရှင် များ၏ အဖွဲ့အစည်းများအပါအဝင် လူမှုရေးမိတ်ဖက်များ၏ ပံ့ပိုး ကူညီမှုများဖြင့် အကောင်အထည်ဖော်သွားရန် လိုအပ်ပါလိမ့်မည်။ အလုပ်ရှင်များနှင့် လုပ်ငန်းအသင်းအဖွဲ့များကိုလည်း ကိုဗစ်-၁၉ အကျပ်အတည်းအပေါ် ၎င်းတို့၏ တုံ့ပြန်ဆောင်ရွက်မှုများ ကျယ် ကျယ်ပြန့်ပြန့်လုပ်ဆောင်လာစေရန်နှင့် အလုပ်သမားများ၏ လိုအပ် ချက်များကို မဖြစ်ခင်ကတည်းက ကြိုတင်ကိုင်တွယ်ဖြေရှင်းပေး ကြရန် ပန်ကြားထားပါသည်။ ပို့ကုန်တန်ဖိုးသည် အရှေ့တောင် အာရှရှိ ငါးဖမ်းခြင်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း များတွင် အရေးကြီးသောကြောင့် ဝယ်ယူသူများသည် အရေးပါ သော ဈေးကွက်ဖိအားကို အသုံးချ၍ အလုပ်သမားများအတွက် တိုးတက်ကောင်းမွန်သော အခြေအနေရအောင် ဆွဲဆောင်သွားရ မည် ဖြစ်ပါသည်။

**▶ ငါးဖမ်းခြင်းနှင့် ပင်လယ်စာပြုပြင်ထုတ်ရေး ကဏ္ဍများတွင် အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းလုပ်သားများနှင့် ပတ် သက်သည့် ဒေတာအချက်အလက်ကောက်ယူခြင်းနှင့် ထုတ် ဖော်ခြင်းတို့ကို တိုးတက်ကောင်းမွန်စေခြင်း။**

ILO ၏ နိုင်ငံတကာရွှေ့ပြောင်းနေထိုင်မှု စာရင်းအင်းအချက် အလက်များစုစည်းထားသည့် ဒေတာဘေ့စ်တွင် ရွှေ့ပြောင်း အလုပ်သမားများ၏ အလုပ်အကိုင်နှင့်ပတ်သက်သည့် လက်ရှိ ဆိုက်ရောက်နိုင်ငံသည် လုပ်သားအင်အားစစ်တမ်းများနှင့် အုပ် ချုပ်ရေးမှတ်တမ်းများအပေါ် ထုံးစံအတိုင်း မှီခိုနေရပါသည်။ ဒုတိယမှီခိုခံအချက်သည် တရားဝင်ဖြစ်အောင် ပြုလုပ်ခြင်း လုပ်ငန်းစဉ်အပေါ်မှီခိုနေရပြီး အထူးသဖြင့် အလွန်ရွှေ့ပြောင်း သွားလာနိုင်ပြီး လက်လှမ်းမီရန်ခက်ခဲသော ငါးဖမ်းသမားများ ကဲ့သို့သော လူဦးရေများအတွက် ၎င်းလုပ်ငန်းစဉ်မှ ပြီးပြည့်စုံ သော အစီရင်ခံစာတစ်ခုရရှိရန် ခက်ခဲနေသည့်အခြေအနေသို့ ရောက်ရှိနေကြောင်း လူတိုင်းသိကြပါသည်။ ယုံကြည်စိတ်ချ ရသော အချက်အလက်များရရှိနိုင်မှုသည် ကိုဗစ်-၁၉ ကာလ အတွင်း အချက်အလက်ကောက်ယူမှုကို ကန့်သတ်သော ဘောင်တစ်ခုအတွင်း ထိန်းချုပ်ခြင်းအစီအမံများကြောင့် ပို၍ ဆိုးရွားလာခဲ့ပါသည်။ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပိုမိုထိရောက်သော ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ခြင်းနှင့် အလုပ်သမားနှင့် လူမှုဖူလုံရေးစောင့်ရှောက်မှုတို့ကို ပံ့ပိုး ပေးရန် ပိုမိုခိုင်မာသော ဒေတာအရင်းအမြစ်များကို ဖွံ့ဖြိုး တိုးတက်လာအောင် ဆောင်ရွက်သင့်ပြီး ခွင့်ပြုချက်မရှိဘဲ သတင်းအချက်အလက်များ ရယူမှုတားမြစ်သည့်စနစ် ဖိုင်း ယားဝေါလ်ကိုလည်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်း သတ် မှတ်ချက်များနှင့်အတူ တင်းတင်းကျပ်ကျပ် ထိန်းသိမ်း ထား ရပါမည်။

**▶ အလုပ်သမား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု အား အကောင်အထည်ဖော်ရာတွင် အထူးအားဖြင့် ကိုဗစ်- ၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး ကာလအတွင်း သုံး ပွင့်ဆိုင် ပြဋ္ဌာန်းဖွဲ့စည်းခြင်းနှင့် အရပ်ဖက်အဖွဲ့အစည်းများ နှင့် တိုင်ပင်အကြံဉာဏ်ရယူခြင်း။**

အလျင်အမြန် အလိုက်သင့်တုံ့ပြန်မှု ပိုမိုကောင်းမွန်သော ဥပဒေမူဘောင်များကို ပံ့ပိုးရန် အစိုးရ၊ အလုပ်ရှင်များ၊ အလုပ် သမားများနှင့် အရပ်ဖက်အဖွဲ့အစည်းများ (CSOs) များ၏

သာတူညီမျှ ကိုယ်စားပြုမှုတို့ပါရှိသည့် လူတန်းစားအလွှာပေါင်းစုံပါဝင်သော ဆွေးနွေးပွဲများသည် ကမ္ဘာ့ကပ်ရောဂါ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးမူဝါဒ ရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်၏ အစိတ်အပိုင်းဖြစ်သင့်ပါသည်။ မိတ်ဖက်များနှင့် အရပ်ဖက်အဖွဲ့အစည်းများသည် အထူးသဖြင့် ငါးဖမ်းခြင်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်ရေးကဏ္ဍများရှိ အလုပ်သမားများ၏အကျိုးကို ကိုယ်စားပြုခြင်းဖြစ်သော်လည်း ဒေသအတွင်းရှိ နိုင်ငံအများအပြားတွင် အကြံဉာဏ်ရယူဆွေးနွေးခြင်း လုပ်ငန်းစဉ်မှ ဘေးထွက်နေရဆဲဖြစ်ပြီး ၎င်းသည် အလုပ်သမားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ပြဿနာများပေါ်တွင် အစိုးရအာဏာပိုင်များမှ အထက်မှအောက်သို့ ဥပဒေပြုခြင်းကို ဖြစ်စေခဲ့ပါသည်။ ရွှေ့ပြောင်းသွားလာမှု မူဝါဒပေါ်တွင် လူမှုဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာခြင်းသည် ကိုဗစ်–၁၉ ကာလအတွင်း ရွှေ့ပြောင်းအလုပ်သမားများကို လျစ်လျူရှုမခံရစေရေး ပြည်သူ့ကျန်းမာရေးစီမံချက်အပါအဝင် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ခွဲခြားဆက်ဆံသော သက်ရောက်မှုကြုံတွေ့စေသည့် မူဝါဒဆိုင်ရာ တုံ့ပြန်မှုများ မခံစားရစေရေး သေချာစေရန် အထူးအရေးကြီးပါသည်။

### ▶ အလုပ်သမား ကာကွယ်စောင့်ရှောက်မှုတွင် အခြေခံကွာဟချက်များကို ဖြေရှင်းရန် ငါးဖမ်းခြင်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်ရေးကဏ္ဍရှိ ရွှေ့ပြောင်းလုပ်သားများနှင့် ဆက်စပ်သည့်အဓိက အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများကို အတည်ပြုလက်မှတ်ရေးထိုးခြင်း။

ထိုင်းနိုင်ငံသည် ငါးဖမ်းလုပ်ငန်းမှ အလုပ်အကိုင်များဆိုင်ရာ ညီလာခံသဘောတူညီချက်၊ ၂၀၀၇ ခုနှစ် (အမှတ်၊ ၁၈၈) ကို အတည်ပြုလက်မှတ် ရေးထိုးခြင်းဆီသို့ အပြုသဘောဆောင်သော ခြေလှမ်းလှမ်းနေပြီ ဖြစ်ပါသည်။ ညီလာခံသဘောတူညီချက်သည် ၎င်းတို့ ရင်ဆိုင်ကြုံတွေ့ရသည့် အဓိကကျသည့် အလုပ်အကိုင်အခွင့်အလမ်း၊ အလုပ်သမားအခွင့်အရေးနှင့် လူမှုအကာအကွယ်များ မလုံလောက်မှုကို တိုက်ရိုက်တုံ့ပြန်ပြုမှုသောကြောင့် သဘောတူညီချက်များပါ အချက်များကို အပြည့်အဝအကောင်အထည်ဖော်ခြင်းသည် ငါးဖမ်းသမားများအတွက် လုပ်ငန်းခွင်အခြေအနေများ တိုးတက်ကောင်းမွန်လာအောင် ပြုလုပ်ခြင်းတွင် အဓိကခြားနားချက်တစ်ခုဖြစ် ပေါ်စေပါမည်။ အာရှတိုက်ရှိ ရွှေ့ပြောင်းငါးဖမ်းသမားများအတွက် မူရင်းနိုင်ငံများနှင့် တခြားသောဆိုက်ရောက်နိုင်ငံများသည် သူတို့၏ အလုပ်သမားအခွင့်အရေးကို ပိုမိုကောင်း မွန်စွာကာကွယ်ပေးရန် သဘောတူညီချက် အမှတ် ၁၈၈ နှင့် အခြားဆက်စပ်သည့် ILO သဘောတူညီချက်နှင့် ညှိနှိုင်း ချက်မှတ်တမ်းများဖြစ်သည့် အလုပ်အကိုင်အတွက် ရွှေ့ ပြောင်း သွားလာမှုဆိုင်ရာ သဘောတူညီချက် ပြန်လည်ပြင် ဆင်– ၁၉၄၉ ခုနှစ် (အမှတ် ၉၇)၊ ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ (နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များ) သဘောတူညီချက်– ၁၉၇၅ ခုနှစ် (အမှတ် ၁၄၃) ပုဂ္ဂလိက အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများဆိုင်ရာ သဘောတူညီချက်– ၁၉၇၇ ခုနှစ် (အမှတ် ၁၈၁) နှင့် ၂၀၁၄ ခုနှစ် ညှိနှိုင်းချက်မှတ်တမ်းမှ အဓမ္မအလုပ်ခိုင်းစေခြင်းဆိုင်ရာ သဘောတူညီချက် – ၁၉၃၀ ခုနှစ်အထိကိုလည်းပဲ အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

### ▶ ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးနှင့် အမျိုးသားအတွက် ၎င်းတို့၏ အလုပ်ခန့်ထားမှုနည်းလမ်းသည် စည်းမျဉ်းကိုက်ညီမှု မည်သို့ပင်ရှိစေကာမူ အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုကို တိုးချဲ့ပေးခြင်း။

ရွှေ့ပြောင်းလုပ်သားများသည် သင့်တင့်လျှောက်ပတ်သော လုပ်ငန်းခွင်အခြေအနေများနှင့် လုပ်ခလစာရရှိမှု သေချာစေရန် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လွှမ်းခြုံနိုင်မှုကို ငါးဖမ်းခြင်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သော အလုပ်သမားများအားလုံးဆီသို့ တိုးချဲ့သင့်ပါသည်။ အမျိုးသမီးများ အချိုးအစား မမျှတစွာပါရှိနေ သည့် တရားမဝင် အလုပ်လုပ်ကိုင်နေသော ရွှေ့ပြောင်းအလုပ်သမားများအား ၎င်းတို့၏အလုပ်သမား အခွင့်အရေးများကို ပြဋ္ဌာန်းဥပဒေအရ အကာအကွယ်ပေးနိုင်မှု အလှမ်းမီသော အကွာအဝေးမှ ဖယ်ထုတ်ထားခြင်းသည် ခေါင်းပုံဖြတ်ခြင်းနှင့် နှိပ်စက်ညှင်းပန်းခြင်းအတွက် ၎င်းတို့၏ ထိခိုက်လွယ်မှုကို တိုးမြှင့်စေပါသည်။ ငါးဖမ်းခြင်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်ခြင်းကဏ္ဍအတွက် သက်ဆိုင်ရာအလုပ်သမားဥပဒေများကို ပြင်ဆင်ခြင်း၊ ထိုသို့မဟုတ်လျှင် ဆင့်ပွားဥပဒေပြဋ္ဌာန်းကျင့်သုံးခြင်းနှင့် အလုပ်ရှင်၏ လိုက်နာမှုပိုမိုကျယ်ပြန့်လာစေရန် ဥပဒေ၏ အာဏာတည်မှု တိုးမြှင့်ခြင်းကိုလည်းပဲ အလုပ်သမားကာကွယ်စောင့်ရှောက်မှု၏ အလွှာစုံလွှမ်းခြုံနိုင်မှုကို ပိုမိုအထောက်အကူပြုရန် လုပ်ဆောင်သင့်ပါသည်။

**ရွှေ့ပြောင်းအလုပ်သမားများအတွက် အထူးအားဖြင့် ကိုဗစ်-၁၉ တုန့်ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး ကာလအတွင်း လူမှုကာကွယ်စောင့်ရှောက်မှု အကျိုးခံစားခွင့်များ လက်လှမ်းမီမှုကို ချဲ့ထွင်ပေးခြင်း။**

အာရှတိုက်ရှိ ဆိုက်ရောက်နိုင်ငံများသည် မကြာသေးမီ ဆယ်စုနှစ်များအတွင်း ၎င်းတို့၏ လူမှုဖူလုံရေးကာကွယ်စောင့်ရှောက်မှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် သိသာထင်ရှား သော အောင်မြင်မှုများ ပြုလုပ်နိုင်ခဲ့ပြီး သန်းနှင့်ချီသည့် ထိခိုက်လွယ်သော အလုပ်သမားများအား ဝင်ငွေဆုံးရှုံးမှုနှင့် ဆက်စပ်ဖြစ်ပေါ်လာသော စိတ်တုန်လှုပ်မှုများနှင့် ဖိအားများကို လျော့ပါးသက်သာစေရေး ပံ့ပိုးပေးရန် အစိုးရထောက်ပံ့ကြေးရရှိနိုင်ရေး အခွင့်အလမ်းများကို စီစဉ်ပေးနိုင်ခဲ့ပါသည်။ သို့သော်လည်း ပုံမှန်မဟုတ်သည့်အလုပ် လုပ်ကိုင်မှု၊ အလုပ်ရှင်များမှ မှတ်ပုံတင်ပေးထားခြင်းမရှိမှုနှင့် ခံစားပိုင်ခွင့်များ ရရှိခြင်းအတွက် လက်တွေ့ကျသောအတားအဆီးများကြောင့် ရွှေ့ပြောင်းလုပ်သားအများစုသည် လွှမ်းခြုံနိုင်မှုမှ ဖယ်ထုတ်ခံထားရခြင်းကို ကိုဗစ်-၁၉ မှ မီးမောင်းထိုးပြခဲ့ပါသည်။ လူမှုဖူလုံရေးကာကွယ်စောင့်ရှောက်မှုကို တစ်ကမ္ဘာလုံးအနှံ့ လွှမ်းခြုံနိုင်ရေးအတွက် ရွှေ့ပြောင်းလုပ်သားများ၏ အရည်အချင်းပြည့်မီမှုနှင့် စာရင်းသွင်းနိုင်မှုကို တိုးချဲ့ပေးခြင်းမှတစ်ဆင့်လုပ်ဆောင်စေသင့်ပြီး ထိုသို့ဆောင်ရွက်နေစဉ်အတွင်း ရွှေ့ပြောင်းလုပ်သားများသည် ၎င်းတို့၏ အကျိုးခံစားခွင့်များကို ပြည့်ပြည့်ဝဝအသုံးချနိုင်သည်ကို သေချာစေရန် ဆောင်ရွက်ပေးရမည်။

**ရွှေ့ပြောင်းလုပ်သား အမျိုးသမီးများနှင့် အမျိုးသားများ အားလုံးအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးအစီအမံများကို ရရှိရေးအတွက် အတားအဆီးများကိုဖယ်ရှားခြင်း။**

နေထိုင်ခွင့်ပါမစ်သက်တမ်းတိုးခြင်း၊ လူမှုဖူလုံရေး ထောက်ပံ့ကြေးများနှင့် အခြားသောပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များကဲ့သို့သော ကိုဗစ်-၁၉ တုံ့ပြန်မှုအစီအမံများကို အရည်အချင်းပြည့်မီသော ရွှေ့ပြောင်းလုပ်သား အမျိုးသမီးများနှင့် အမျိုးသားများမှ အလွယ်တကူရရှိနိုင်ရေး သေချာစေရန် အခွင့်အလမ်းများရယူနိုင်ရေးအတွက် အတားအဆီးများကို ဖယ်ရှားပစ်သင့်ပါသည်။ အစိုးရ၊ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် အရပ်ဖက်အဖွဲ့အစည်းများ (CSOs) တို့ သာ တူညီမျှကိုယ်စားပြုမှုပါဝင်သော လူတန်းစားအလွှာစုံပါဝင်သည့် လူမှုဆွေးနွေးပွဲမှတစ်ဆင့် စရိတ်ကြီးမြင့်ခြင်း၊ ထောက်ပံ့ရေးပစ္စည်းများကို နေရာအရောက် သို့မဟုတ် အွန်လိုင်းမှတစ်ဆင့်အသုံးပြုရန် အခွင့်အလမ်းမရှိခြင်းနှင့် ဘာသာစကားလိုအပ်ချက်ကဲ့သို့သော အတားအဆီးများကို ဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ပါသည်။ ကာကွယ်စောင့်ရှောက်ရေး မူဝါဒများ နေရာတကျရှိနေသော်လည်း အခွင့်အလမ်းများ ရယူနိုင်ရေးတွင် လက်တွေ့ကျသော အတားအဆီးများသည် ရွှေ့ပြောင်းလုပ်သားများကို တန်းတူညီမျှဆက်ဆံမှု မရစေရန် အကြောင်းရင်းခံဖြစ်ခဲ့ပါသည်။

**ရွှေ့ပြောင်းလုပ်သားများအတွက် လွတ်လပ်စွာအသင်းဖွဲ့စည်းနိုင်ခွင့်နှင့် အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ ဆွေးနွေးညှိနှိုင်းနိုင်ခွင့်ကို သေချာစေရန်နှင့် အလုပ်သမားများလုပ်ပိုင်ခွင့်ရရှိခြင်းအတွက် ဖွဲ့စည်းပုံဆိုင်ရာ အတားအဆီးများကို ကိုင်တွယ်ဖြေရှင်းခြင်း။**

ငါးဖမ်းခြင်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်ရေး ကဏ္ဍရှိ ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်သမားသမဂ္ဂတွင် အသင်းဝင်ပြီး မျှော်မှန်းထားသော ပိုမိုကောင်းမွန်သည့် လုပ်ခလစာနှင့် လုပ်ငန်းခွင်အခြေအနေများအတွက် ညှိနှိုင်းမှုပြု လုပ်နိုင်စွမ်းသည် ကန့်သတ်ချက်များစွာ ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သားများသည် သူတို့၏ သမဂ္ဂများကို ဖွဲ့စည်းခြင်း သို့မဟုတ် ဦးဆောင်ခြင်းတို့ မလုပ်နိုင်ကြသည့်အတွက် ယင်းသည် လက်တွေ့တွင် ၎င်းတို့၌ သမဂ္ဂဖွဲ့စည်းရန် အလွန့်အလွန်နည်းပါးသော အခွင့်အလမ်းသာရှိသည်ဟု ဆိုလိုပါသည်။ ထို့အပြင် အချို့သော အလုပ်ရှင်များ၏ ခြိမ်းခြောက်မှုနှင့် ဖိနှိပ်မှုများအပြင် ၎င်းတို့၏ ရည်ရွယ်ချက်များအတွက် အသုံးပြုရန် ဖွဲ့စည်းဆောင်ရွက်သည့် ဆွေးနွေးညှိနှိုင်းနိုင်ခြင်း မလုပ်နိုင်သော အလုပ်သမားရေးရာကော်မတီများအား စုပေါင်းတည်ထောင်ကာ ပူးပေါင်းစည်းရုံးရေးလုပ်ဖို့အတွက် လုံလစိုက်ကြိုးပမ်းတည်ထောင်ကြမှုများကိုလည်း ရွှေ့ပြောင်းလုပ်သားများမှ ရင်ဆိုင်ကြုံတွေ့နေခဲ့ရပါသည်။ အသင်းအဖွဲ့လွတ်လပ်ခွင့်နှင့် အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်တို့ ဆွေးနွေးညှိနှိုင်းခြင်းအတွက် အခြေခံအခွင့်အရေးများကို နားလည်သဘောပေါက်မှုတိုးမြင့်နိုင်ရန် ရွှေ့ပြောင်းလုပ်သားများ၏ အသင်းဖွဲ့စည်းခွင့်ဆိုင်ရာ အခွင့်အရေးများအပေါ် ဥပဒေရေးရာနှင့် လက်တွေ့

တွင် ဖြစ်နိုင်ချေရှိသော ကန့်သတ်ချက်များအားလုံးကို ပယ်ဖျက်သင့်ပြီး အဆိုပါအခွင့်အရေးများကို ချိုးဖောက်ခြင်းအား တင်းတင်းကျပ်ကျပ် အရေးယူရပါမည်။

**ရွှေ့ပြောင်းလုပ်သားများထံမှ အထူးသဖြင့် ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးကာလအတွင်း လုပ်ခလစာ ခိုးယူမှုတားဆီးခြင်းနှင့် ပြန်လည်ကုစားပေးခြင်း။**

ဥပဒေအရ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ချက်ထက်လျော့နည်း၍ လုပ်ခလစာပေးခြင်း၊ တရားမဝင်လုပ်ခလစာ ဖြတ်တောက်မှု ပြုလုပ်ခြင်း၊ လုပ်ခလစာပေးချေမှု ရွှေ့ဆိုင်းခြင်းနှင့် အလုပ်ရပ်စဲချိန်တွင် လုပ်ခလစာမပေးခြင်းစသည့် ပုံစံများနှင့်ရှိနေသော အလုပ်သမားအခွင့်အရေး အလွဲသုံးစားပြုခြင်းများသည် ကိုဗစ်-၁၉ ကာလအတွင်း ရွှေ့ပြောင်းလုပ်သားများအကြား ပို၍ပင်လျှင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာခဲ့ပြီး အထူးသီးသန့်အာရုံစိုက်ရန် လိုအပ်ပါသည်။ လုပ်ခလစာကာကွယ်ပေးမှု ဥပဒေမူဘောင်သည် ပိုမိုခိုင်ခံ့သော အကာအကွယ်ပေးမှုနှင့် လိုက်နာကျင့်သုံးမှုဆိုင်ရာ အစီအမံများ နေရာတကျရရှိစေရေး သေချာစေရန်အတွက် အားကောင်းလာရန် လိုအပ်ပါသည်။ ထို့အပြင် လုပ်အားခနှင့် ဆက်စပ်သော အလွဲသုံးစားပြုမှုများအတွက် မပေးချေရသေးသော လုပ်အားခများ ပြန်လည်ရရှိရေးနှင့်အလွဲသုံးစားပြုမှုအတွက် ဘဏ္ဍာလျော်ကြေးငွေများကဲ့သို့ ပုံစံများဖြင့် ကျေနပ်ဖွယ်သော ကုစားနိုင်ခွင့်များကို တိုးမြှင့်သင့်ပါသည်။

**လုပ်ငန်းအသင်းအဖွဲ့များနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ပဏာမခြေလှမ်းဆောင်ရွက်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုများကို တက်ကြွစွာဖော်ဆောင်သင့်ပြီး ၎င်းတို့၏ အလုပ်သမားထုအတွက် ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။**

ဆန္ဒအလျောက် စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဝန်ယူမှုနှင့် စက်မှုလုပ်ငန်းများမှ ဦးဆောင်သည့် ရေရှည်တည်တံ့ခိုင်မြဲမှု အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံခဲ့သော်လည်း ဤပဏာမလုပ်ဆောင်ချက်များသည် အလုပ်သမားများအတွက် ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး မူဝါဒများအပေါ် အများအားဖြင့် နှုတ်ဆိတ်နေကြပါသည်။ ကိုဗစ်-၁၉ တုံ့ပြန်မှုများသည် ကုမ္ပဏီများ၏ လုပ်သားထုအကြား ရောဂါပျံ့နှံ့ဖြစ်ပွားမှု တုံ့ပြန်ခြင်းနှင့် အဓိကပြဿနာများအဖြစ် ပါဝင်နေသော အလုပ်ရပ်နားကာလအတွင်း လုပ်ခလစာပေးမှု၊ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ ပြုစုကုသခြင်းနှင့် ကွာရန်တင်း၊ ဆေးခွင့်နှင့် အခြားသော ခွင့်အမျိုးအစားများ ကျင့်သုံးမှုနှင့် အရည်အချင်းပြည့်မီသည့် အလုပ်သမားများအတွက် လူမှုဖူလုံရေးအခွင့်အလမ်းများ ပံ့ပိုးပေးခြင်းတို့အပေါ် ရှင်းလင်းပြတ်သားသော မူဝါဒမရှိခြင်း စသည့် တစ်ပိုင်းတစ်စစီဖြစ်နေသောကုမ္ပဏီများ၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များအတွက် အများအားဖြင့် ချန်ထားပေးခဲ့ပါသည်။

**ဝယ်ယူသူများမှ ကတိပြုထားသော အရင်းအမြစ်ရှာဖွေရေး မဟာဗျူဟာများအားဖြင့် အလုပ်သမားစံချိန်စံညွှန်းများကို ထိန်းသိမ်းပေးသော ပေးသွင်းသူများအတွက် ဆုချီးမြှင့်ခြင်းစနစ်ကို တိုးချဲ့ခြင်း။**

ဝယ်ယူသူများသည် ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့်ပြန်လည်ထူထောင်ရေးမူဝါဒများတွင် ရွှေ့ပြောင်းလုပ်သားများအားလုံးပါဝင်ခြင်း အပါအဝင် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်များကို မြှင့်တင်ပေးသည့် ဥပဒေနှင့် မူဝါဒအပြောင်းအလဲများအတွက် ခိုင်ခိုင်မာမာနှင့် ပြတ်ပြတ်သားသား ထောက်ခံအားပေးသင့်ပါသည်။ ဝယ်ယူသူများသည် ပေးသွင်းသူများ စုဆောင်းရန်နှင့် ၎င်းတို့အကြား ဆန္ဒအလျောက် လိုက်နာဆောင်ရွက်သည့် ပဏာမခြေလှမ်းများတွင် စစ်မှန်စွာပါဝင်မှု မြှင့်တင်ပေးရန်အတွက် မက်လုံးပေးသည့် အစီအစဉ်များကို တိုးချဲ့နိုင်ပါသည်။ ဝယ်ယူသူများသည် အလုပ်သမား စံချိန်စံညွှန်းများ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းတွင် တိုင်းတာနိုင်သော တိုးတက်မှုပေါ်တွင်အခြေခံ၍ နှစ်ပေါင်းများစွာ ရင်းမြစ်ရှာဖွေမှုဆက်ဆံရေးကို ကတိကဝတ်ပြုသင့်ပါသည်။ ဝယ်ယူသူများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းများနှင့်အညီ အလုပ်သမားဥပဒေကို ပြုပြင်ပြောင်းလဲထားပြီး ယင်းကိုထိရောက်စွာ လိုက်နာကျင့်သုံးသော နိုင်ငံများနှင့် ဦးစားပေးရင်းမြစ် ရှာဖွေမှုဆက်ဆံရေးများကိုလည်း ဖော်ဆောင်နိုင်ပါသည်။

**ဖြစ်ပေါ်နေဆဲ ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် အစားအစာအတွက် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုပုံစံများတွင်ဖြစ်ပေါ်လာသော အပြောင်းအလဲများနှင့် လုပ်ငန်းများနှင့်အလုပ်သမားများအပေါ် သက်ရောက်မှုများအား သုတေသနပြုခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း။**

ကမ္ဘာ့ကပ်ရောဂါသည် ၂၀၂၁ ခုနှစ်အတွင်း ဆက်လက်ဖြစ်ပွားနေသဖြင့် ယင်း၏သက်ရောက်မှုများကို အထူးသဖြင့် အရှေ့တောင်အာရှတွင် ခံစားနေရပြီး ထိုနေရာတွင် ကာကွယ်ဆေးထိုးနှုန်း နိမ့်ကျနေခြင်းသည် စီးပွားရေးပြန်လည်နာလန်ထူခြင်းကို နှောင့်နှေးစေပြီး လွတ်လပ်စွာသွားလာခွင့် အထူးသဖြင့် ရွှေ့ပြောင်းအလုပ်သမားများအတွက်ကို ဆက်လက်၍ ကန့်သတ်ထားပါသည်။ ပင်လယ်စာလုပ်ငန်း၏ အနာဂတ်အတွက် ဤအချက်သည် မည်သည့်အဓိပ္ပါယ်သက်ရောက်သည်ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရဦးမည် ဖြစ်ပါသည်။ ငါးဖမ်းခြင်းမှ ပင်လယ်စာပြုပြင်ထုတ်လုပ်ခြင်းအထိ ထောက်ပံ့ရေးကွင်းဆက်နှင့် တစ်သားတည်းဖြစ်နေသော အလုပ်သမားများ၏ အနာဂတ်သည်လည်း မရေရာမှုများဖြင့် ဆက်လက်ရှိနေဆဲ ဖြစ်ပါတော့သည်။

# ရည်ညွှန်းကိုးကားချက်များ

ADBI, OECD and ILO (Asian Development Bank Institute, Organisation for Economic Cooperation and Development, and ILO). 2021. *Labor Migration in Asia: Impacts of the COVID-19 Crisis and the Post-Pandemic Future.*

AFP (Agence France-Presse). 2020. "Thai PM Blames Migrant Workers for Market Coronavirus Outbreak", 21 December.

Andreeva, Dana. 2021. "The Shadow Pandemic of Migration in Cambodia." Jurist, 24 February.

APIL. (Advocates for Public Interest Law). 2020. "한국 어업이주노동자 인권실태", available at: https:// apil.or.kr/?page_id=14638&lang=kr.

ASEAN (Association of Southeast Asian Nations). 2021. "The 14th ASEAN Forum on Migrant Labour (AFML): 'Recovery and Labour Migration in the Post-Pandemic Future in ASEAN' – Recommendations".

Aspinwall, Nick. 2021. "Taiwan Ordered to Address Forced Labor on Its Fishing Vessels." The Diplomat, 18 May.

Associated Press. 2021. "Bangkok, 9 Provinces Restrict Movements to Curb Rising Cases." 27 June.

Bangkok Post. 2021. "Factory Staff to Be Monitored." 5 February.

Benton, Meghan, Jeanne Batalova, Samuel Davidoff-Gore, and Timo Schmidt. 2021. *COVID-19 and the State of Global Mobility in 2020*. IOM.

Blank, Christine. 2019. "Fetching Fish: Seafood Suppliers Benefit from High-Protein Pet Food Demand." *SeafoodSource*, 31 December.

Blomberg, Matt. 2020a. "Closed Borders Give Rise to New Wave of Trafficking in Cambodia." *Reuters*, 28 May.

———. 2020b. "Thailand Allows Thousands of Migrants to Extend Work Permits." Reuters, 13 November.

———. 2021. "'Tigers or Crocodiles': Grim Prospects for Cambodian Migrants at Home and in Thailand." Reuters, 26 February.

Buelva, Alma. 2021. "Pet Food Sales Boost Thai Union's Latest Bottom Line." *Pet Food Industry*, 4 January.

Carvalho, Raquel. 2020. "Slow Boat to Nowhere: Coronavirus Leaves Exploited Fishing Crew Members Stuck on the High Seas." *South China Morning Post*, 10 October.

Chase, Chris. 2021. "Investigation Alleges Worker Abuse on South Korean Fishing Vessels Exporting to US, EU." *SeafoodSource*, 3 February.

Chew, Amy. 2020. "Coronavirus: Indonesian Migrant Workers Urged Not to Return Home." *South China Morning Post*, 31 March.

Chia-nan, Lin. 2020. "Advocates Urge Action on FOC Boats." *Taipei Times*, 3 June.

Chiang, Mina, and Kimberly Rogovin. 2020. "Labor Abuse in Taiwan's Seafood Industry & Local Advocacy for Reform", Global Labor Justice-International Labor Rights Forum Briefing Paper.

Choon, Chang May. 2021. "South Korea Orders Its Foreign Workers to Be Tested for COVID-19." *The Straits Times*, 8 March.

Clavelle, Tyler. 2021. "COVID-19 Brings Unmatched Downturn in Global Fishing Activity". *Global Fishing Watch Blog*, 11 March.

Coro, Alfredo. 2020. *Vignettes of Equity: A Glimpse into COVID-19 in Southeast Asia*. The Equity Initiative.

Coyne, Matt. 2021. "ITF Pleased with Maersk's Handling of Crew-Change Crisis." *TradeWinds*, 23 March.

Dechsupa, Sinsuda, Suvichada Assawakosri, Suphattra Phakham, and Sittisak Honsawek. 2020. "Positive Impact of Lockdown on COVID-19 Outbreak in Thailand." *Travel Medicine and Infectious Disease* 36: 101802.

Dong, Ensheng, Hongru Du, and Lauren Gardner. 2020. "An Interactive Web-Based Dashboard to Track COVID-19 in Real Time." *The Lancet Infectious Diseases* 20 (5):533–534.

EJF (Environmental Justice Foundation). 2020. "Illegal Fishing and Human Rights Abuses in the Korean Fishing Fleet", EJF Briefing.

FAO (Food and Agriculture Organization). 2020. *The State of World Fisheries and Aquaculture 2020.*

———. 2021. "The Impact of COVID-19 on Fisheries and Aquaculture Food Systems: Possible Responses", FAO Information Paper.

———. n.d. "Asia-Pacific Fishery Commission (APFIC)", available at: http://www.fao.org/asiapacific/apfic/en/. Fresh News. 2020. "ថៃ ប្រកាសបិទច្រកព្រំដែនទាំងអស់ ជាមួយកម្ពុជា ដើម្បីទប់ស្កាត់ ការរីករាលដាល COVID-19 តែរថយន្តដឹកទំនិញចេញចូលធម្មតា ក្រោមលក្ខខណ្ឌរឹតបន្តឹងខ្លាំង." 22 March.

GGR Asia. 2021. "Cambodia Borders Shut for Outbound Travel: Reports." 18 March.

Gibson, Jenna. 2020. "Korean Media Report Sparks Outcry over Abuse of Indonesian Crew Members on Chinese Fishing Ships." *The Diplomat*, 14 May.

Global Fishing Watch. n.d. "Downloadable Data – Ocean Activity", available at: https:// globalfishingwatch.org/ datasetsand-code/.

Godfrey, Mark. 2020. "Greenpeace, EJF Urge Western Buyers to Pressure Taiwan to Tighten Its Fishing Regulations." *SeafoodSource*, 17 December.

Gokkon, Basten. 2020. "More Indonesian Sailors Repatriated from Deadly Chinese Fishing Fleet." *Mongabay*, 16 November.

Gokkon, Basten, and Philip Jacobson. 2020. "Deaths of 2 More Indonesian Crew Uncovered on Board Chinese Tuna Fleet." *Mongabay*, 29 October.

HRWG (Human Rights Working Group). 2020. *Repression and Resilience: COVID-19 Response Measures and Migrant Workers' Rights in Major East and Southeast Asian Destinations.*

Hunter, Murray. 2020. "Thailand's Porous Borders Spark Fear of a New Covid Wave." *Asia Sentinel*, 8 December.

IHS Markit. 2020. "Canned Tuna Market Revival in the Context of Global Crisis?". *IHS Markit Agribusiness Research and Analysis Blog*, 2 September.

ILO. 2017. *Decent Work for Migrant Fishers*, TMIMF/2017.

———. 2019. *Less Is More: How Policy and Technology Can Impact the Thai Labour Market for Work in Fishing.*

———. 2020a. "COVID-19 Employment and Labour Market Impact in Thailand", ILO Brief.

———. 2020b. "COVID-19: Impact on Migrant Workers and Country Response in Thailand", ILO Briefing Note.

———. 2020c. "Experiences of ASEAN Migrant Workers during COVID-19: Rights at Work, Migration and Quarantine during the Pandemic, and Re-Migration Plans", ILO Brief.

———. 2020d. "COVID-19: Impact on Migrant Workers and Country Response in Myanmar", ILO Issue Brief.

———. 2020e. *Endline Research Findings on Fishers and Seafood Workers in Thailand.*

———. 2020f. "A Policy Framework for Tackling the Economic and Social Impact of the COVID-19 Crisis", ILO Policy Brief.

———. 2021a. "Press Release on Ship to Shore Rights South East Asia Programme Provides Humanitarian Relief to Migrant Workers in Response to COVID-19 Outbreak in Samut Sakhon", 4 January 2021.

———. 2021b. *ILO Global Estimates on International Migrant Workers: Results and Methodology.*

International Chamber of Shipping. 2021. "Seafarer Workforce Report 2021 – Video". Available at: https://www.icsshipping.org/publication/seafarer-workforce-report-2021/.

IOM (International Organization for Migration). 2020a. "Press Release on IOM Donates PPE, Hygiene Kits and Handwashing Stations to Shelters Hosting Returning Migrant Workers in Indonesia".

———. 2020b. "Migrant Workers Stream Home as Thailand's Economy Goes into COVID-19 Lockdown", 27 March., available at: https://www.iom.int/news/migrant-workers-stream-home-thailands-economy-goes-covid-19-lockdown.

———. 2020c. *Rapid Assessment Round 3: COVID-19 Related Vulnerabilities and Perceptions of Non-Thai Populations in Thailand.*

———. 2020d. "Returns and Arrivals of International Migrants at Land and Sea Borders in Thailand Between 20 March and 3 April 2020", IOM Infographic.

———. 2020e. *Rapid Assessment: COVID-19 Related Vulnerabilities and Perceptions of Non-Thai Populations in Thailand.*

Jin, Myeong-seon. 2020. "S. Korea Promises to Address Human Rights Violations against Migrant Fishers." *Hankyoreh*, 10 June.

Khoa, Dang. 2021. "South Korea Allows Vietnamese Workers to Overstay Visa until 2022." *VnExpress International*, 24 February.

Kim, Tong-Hyung. 2021. "Envoy Protests Mandated Virus Tests for Foreigners in Seoul." *ABC News*, 18 March.

Kroodsma, David A., Juan Mayorga, Timothy Hochberg, Nathan A. Miller, Kristina Boerder, Francesco Ferretti, Alex Wilson, Bjorn Bergman, Timothy D. White, Barbara A. Block, Paul Woods, Brian Sullivan, Christopher Costello, and Boris Worm. 2018. "Tracking the Global Footprint of Fisheries." Science 359 (6378): 904–908.

Love, David C., Edward H. Allison, Frank Ashce, Ben Belton, Richard S. Cottrell, Halley E. Forehlich, Jessica A. Gephart, Christina C. Hicks, David C. Little, Elizabeth M. Nussbaumer, Patricia Pinto da Silva, Florence Poulin, Angel Rubio, Joshua S. Stoll, Michael F. Tlusty, Andrew L. Thorne-Lyman, Max Troell, and Wenbo Zhang. 2021. "Emerging COVID-19 Impacts, Responses, and Lessons for Building Resilience in the Seafood System." Global Food Security 28: 100494.

Marschke, Melissa, Peter Vandergeest, Elizabeth Havice, Alin Kadfak, Peter Duker, Ilinca Isopescu, and Mallory MacDonnell. 2020. "COVID-19, Instability and Migrant Fish Workers in Asia." *Maritime Studies* 20 (1): 87–99.

McBain, Darian. 2020. "Opinion: Letting Migrants Take the Fall for COVID-19 Is Bad Business". *Thai Union Cares Blog*, 2 October.

McDonald, Tim. 2020. "Covid: The 400,000 Seafarers Who Can't Go Home." *BBC News*, 30 October.

Migrant Working Group. 2021. *Report on the Situation of Migrant Workers Amidst the Pandemic and COVID-19 Restriction Measures Focusing on Samut Sakhon from 19 December 2020 – 31 March 2021*.

The Momentum. 2021. "วิกฤต 'โควิด' เสียงทำแรงงานข้ามชาติหลุดจากระบบ 1.5 ล้านคน." 8 January.

Northam, Jackie. 2021. "'Sea Prison': COVID-19 Has Left Hundreds of Thousands of Seafarers Stranded." *NPR*, 29 January.

Ocampo, Karl R. 2020. "Fishing Communities Bear Brunt of Lockdown." *Inquirer.net*, 15 April.

Ock, Hyun-ju. 2020a. "'Coronavirus Does Not Exclude Foreigners.'" *The Korea Herald*, 10 May.

———. 2020b. "No Jobs, No Flights Home: Migrant Workers Stranded in S. Korea." *The Korea Herald*, 29 September.

———. 2021. "Extend Work Permits for Stranded Migrants, Advocates Say." The Korea Herald, 8 February.

Our World in Data. 2021. "International Travel Controls during the COVID-19 Pandemic", available at: https:// ourworldindata.org/grapher/international-travel-covid.

Peter, Zsombor. 2020. "Thailand's Prime Minister Orders Crackdown on Officials Abetting Human Traffickers." *Voice of America*, 29 December.

Prachachat. 2021. "โควิด 'สมุทรสาคร' จบไม่ลง ยืดไทม์ไลน์ 2 เดือนคุม 4 โรงงานเสียง." 6 February.

Promchertchoo, Pichayada. 2020. "Migrant Workers Left Out in Thailand's Fight against COVID-19." *Channel News Asia*, 19 April.

Putri, Ratu Ayu Asih Kusuma. 2020. "The Factors behind the Disturbing 'Burial at Sea' of Indonesian Migrant Fishers." *The Diplomat*, 11 May.

*Reuters. 2020.* "Thai PM Blames Virus Surge on Illegal Migration, Hints at New Curbs." 22 December.

*RFA (Radio Free Asia)*. 2020. “COVID Closures, Embassy Intervention Strands Hundreds of Lao Fishermen in Malaysia.” 8 December

Rogovin, Kimberly. 2020a. “COVID-19 Impact on Migrant Workers in Thailand.” *International Labor Rights Forum News Blog*, 27 March.

———. 2020b. *Time for a Sea Change: Why Union Rights for Migrant Workers Are Needed to Prevent Forced Labor in the Thai Seafood Industry*. ILRF.

———. 2021. “Grant Union Rights to Migrant Workers.” *Bangkok Post*, 11 March.

Santos, Ana. 2020. “Philippine Fishermen Stranded at Sea by Pandemic: ‘We Think About Jumping Overboard’.” *Los Angeles Times*, 8 September.

Seafood Task Force. 2021. *10 Point Action Plan 2021*.

Siamhan, Papop, and Rapatsa Trirath. 2020. *Impacts of the COVID-19 Pandemic on Small-Scale Producers and Workers: Perspectives from Thailand’s Seafood Supply Chain*. Oxfam.

Sriring, Orathai, and Athit Perawongmetha. 2020. “Thailand to Test Thousands after Shrimp Market COVID Outbreak.” Reuters, 20 December.

Statistics Korea. 2021. “Preliminary Results of the Fishery Production Survey in 2020”, Factsheet.

Sumarsono, Nono. 2020. “COVID-19 and the Fishing Industry”. *Plan International USA Blog*, 4 May.

Sutton, Trevor, and Avery Siciliano. 2018. “Making Reform a Priority for Taiwan’s Fishing Fleet”. *Center for American Progress Foreign Policy and Security Blog*, 8 January.

Syrena, Lin. 2020. “The Migrant Fisherman Union on the Frontlines against COVID-19 and Bosses.” *The News Lens*, 24 June.

Taylor, Maya. 2021. “Food Factory Converted into 3-Zone Quarantine Facility in Samut Sakhon.” *Thaiger*, 14 January.

Thai PBS News. 2021. “‘พัทยาฟู้ด’ สั่งดำเนินมาตรการเข้มข้น หลังพบ พนง.ติดเชื้อ COVID-19”. 6 January.

Thai Union. 2021a. “Press Release on Thai Union Provides Humanitarian Assistance to communities Impacted by COVID-19 Outbreak in Samut Sakhon”, 5 January 2021.

———. 2021b. “Press Release on Thai Union Implements COVID-19 Tests for All Its Employees in Samut Sakhon: Factories Remain Open and Operational at Capacity”, 6 January 2021.

Thongtub, Eakkapop. 2020. “Navy Assures Phuket Fishing Fleet Clear of COVID-19.” *The Phuket News*, 17 April.

Tyler, Jordan. 2021. “Positives ‘More Than Outweigh’ the Negative Impacts of COVID-19 in Pet Care.” *Pet Food Processing*, 27 January.

UNICEF (United Nations Children’s Fund), UN Women, and CARE International. 2020. *Rapid Gender Analysis during COVID-19 Pandemic: Mekong Sub-Regional Report*.

Unite, Betheena. 2020. "PCG Strictly Screens Fishermen before, after Fishing to Counter COVID-19." *Manila Bulletin,* 24 March.

United Nations Global Compact, Office of the High Commissioner for Human Rights, ILO, and International Maritime Association. 2021. *Maritime Human Rights Risks and the COVID-19 Crew Change Crisis*.

United Nations Network on Migration. 2021. "Impact of COVID-19 on Migrants in Thailand", United Nations Network on Migration Situation Report, August.

United Nations Thematic Working Group on Migration in Thailand. 2019. *Thailand Migration Report* 2019.

University of Oxford, Blavatnik School of Government. n.d. "Oxford COVID-19 Government Response Tracker", available at: https://www.bsg.ox.ac.uk/research/research-projects/covid-19-government-response-tracker.

White, Cliff. 2020. "Study Provides First Comprehensive Look at COVID's Impact on US Seafood Industry." *SeafoodSource*, 4 November.

Wijaya, Callistasia, and Rebecca Henschke. 2020. "The Indonesian Fishermen Whose Bodies Were Thrown Overboard. *BBC News*, 11 June.

Wongsamuth, Nanchanok. 2020. "Thailand Offers Work Permits to Undocumented Migrants to Curb Virus." *The Japan Times*, 30 December.

———. 2021a. "Migrant Workers Suffer as Coronavirus Cases Surge in Thailand." *Reuters*, 8 January.

———. 2021b. "Big Brands, Small Firms Offer Pandemic Aid to Thailand's Migrant Workers." *Reuters*, 14 January.

———. 2021c. "Human Trafficking Cases in Thailand Hit Decade Low Due to COVID-19." *Reuters*, 21 January.

———. 2021d. "Canned Tuna Brands Making 'Glacial Progress' in Tackling Modern Slavery." *Reuters*, 23 March.

World Bank. n.d. "Migration and Remittances Data", available at: https://www.worldbank.org/en/topic/migrationremittancesdiasporaissues/brief/migration-remittances-data.

WHO (World Health Organization). 2020. "Promoting Public Health Measures in Response to COVID-19 on Cargo Ships and Fishing Vessels", WHO Interim Guidance, 25 August.

Worldometer.n.d. "Coronavirus: Cambodia", available at: https://www.worldometers.info/coronavirus/country/ cambodia/.

Yi, Beh Lih, and Nanchanok Wongsamuth. 2021. "'How Will They Survive?': Myanmar Coup Cuts Lifeline for Migrants' Families." *Reuters*, 3 March.

Yonhap. 2020. "Korea Seeks to Extend Foreign Workers' Stay Permits to Cope with Seasonal Labor Shortage." 29 July.

———. 2021. "Seoul to Temporarily Ease Rules on Foreign Seasonal Workers." 15 February.

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) ၏ အရှေ့တောင်အာရှဒေသတွင်း လှေပေါ်မှသည် ကမ်းခြေတိုင် အခွင့်အရေးများအစီအစဉ်အတွက် ကာလ်နဲတက္ကသိုလ်ကျောင်းရှိ အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေးဆိုင်ရာ စကားဝိုင်းသစ်များစီမံကိန်းမှ ဂျေဆင်ဂျဒ်နှင့် ဂျေလူဝယ်ဂျက်ဆင်တို့မှ ရေးသားပြင်ဆင်ပေးခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာ မူကြမ်းရေးဆွဲခြင်းကို ဟန်နာန်ကင်မ်နှင့် ကြိုင်လ်ဘက်ခ်တို့မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြပါသည်။

အရှေ့တောင်အာရှဒေသတွင်း လှေပေါ်မှသည်ကမ်းခြေတိုင် အခွင့်အရေးများ အစီအစဉ်၏ နည်းပညာအကြံပေးအကြီးအကဲဖြစ်သူ မိကျိုးနှင့် နည်းပညာအရာရှိဖြစ်သော ဘန်းဂျမင်ဟတ်ကင်းစ် တို့မှ နည်းပညာပိုင်းဆိုင်ရာ အကြံပြုချက်များပေးခဲ့ကြပြီး အမျိုးသားစီမံကိန်းညှိနှိုင်းရေးမှူးများဖြစ်ကြသော နယည်သီမိုင်သွေ့ (ဗီယက်နမ်)၊ အန်ရမ်မန်နီးလ် တက်ဘ်တင်သီရီ (ထိုင်း) နှင့် ဟူစိန်မာကာရန်ဘွန် (ဖိလစ်ပိုင်) တို့သည် ဤအစီရင်ခံစာအား ပြန်လည်စိစစ်ပေးပြီး အကြံပြုချက်များ ထောက်ပြဆွေးနွေးမှတ်ချက်ပေးခဲ့ကြပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) မှ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် အာရှနှင့် ပစိဖိတ်ဒေသအတွက် ဒေသတွင်းရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကျွမ်းကျင်သူဖြစ်သော နီလန်မ်ဘရုသ်၊ ပင်လယ်ရေကြောင်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများဆိုင်ရာ ယူနစ် (MARITIME) ၏ ဌာနမှူးဖြစ်သူ ဘရန်းဒ်ဝါဂနာ၊ ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးခွဲခြမ်းစိတ်ဖြာမှုယူနစ်မှ အကြီးတန်းစီးပွားရေးပညာရှင်ဖြစ်သူ ခရစ်စတင်းဗိုင်ဂီလ်လာဟ်နှင့် သုံးဖက်ရှုမြင် အာဆီယံအစီအစဉ် (TRIANGLE) ၏ နည်းပညာအရာရှိဖြစ်သူ ရေဗက္ကာနပီရာမိုးရဲ တို့မှ ဖြည့်စွက်အကြံပြုချက်များနှင့် ဆောင်ရွက်ပံ့ပိုးမှုများ ပါဝင်ခြင်းတို့ကြောင့် ဤအစီရင်ခံသည်အကျိုးရလဒ်ကောင်းရခဲ့ပါသည်။

ဂျွန်မလွိုင်းသည် အစီရင်ခံစာကိုတည်းဖြတ်ပေးခဲ့ပြီး နပိစလီန်လစ်ဖအွန်းသည် နောက်ဆုံးအစီရင်ခံစာကို ဒီဇိုင်းပြုလုပ်ပေးခဲ့ပါသည်။

ဥရောပသမဂ္ဂ (အီးယူ) သည် ဤလှေ့လာမှုအစီရင်ခံစာအတွက်ငွေကြေးထောက်ပံ့ပေးခဲ့ပါသည်။ ဤပုံနှိပ်ထုတ်ဝေခြင်းပါ အကြောင်းအရာကဏ္ဍများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) ၏ တစ်ဦးတည်းတာဝန်ရှိခြင်းဖြစ်ပြီး ဥရောပသမဂ္ဂ၏ ထင်မြင်ယူဆချက်များ လုံးဝထင်ဟပ်နေမည်မဟုတ်ပါ။

Funded by the European Union

SHIP TO SHORE RIGHTS SOUTH EAST ASIA

ဤစာစောင်ကို ဥရောပသမဂ္ဂ၏ ဘဏ္ဍာငွေအထောက်အပံ့ဖြင့် ထုတ်လုပ်ထားပါသည်။ ဤနေရာတွင် ဖော်ပြထားသော အမြင်များသည် ဥရောပသမဂ္ဂ၏ တရားဝင်သဘောထားကို ထင်ဟပ်ရယူခြင်းသည် မည်သို့မှ မဖြစ်နိုင်ပါ။

**Contact details**

**ILO Regional Office for Asia and the Pacific**
United Nations Building
Rajdamnern Nok Avenue
Bangkok 10200, Thailand

T: +66 2288 1234
F: +66 2280 1735
E: BANGKOK@ilo.org
W: www.ilo.org/asiapacific